# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 11 October 2020 ၁၀၁၆၂


# အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုကြောင်း အသိပေးထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ကြေညာချက်အမှတ် (၁၈၉ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက် )

**အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုကြောင်း အသိပေးထုတ်ပြန်ကြေညာခြင်း**

၁။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ဂ) (၃) နှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၅၁ (ခ) တို့အရ မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်နေသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ရှိပြီး အဆိုပါပုဂ္ဂိုလ်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခုကာလတွင် COVID-19 ရောဂါကူးစက် ဖြစ်ပွားနေမှုအခြေအနေများအရ Stay at Home မြို့နယ်အဖြစ် သတ်မှတ်ထားသည့် မြို့နယ်များနှင့် လူဦးရေထူထပ်သောမြို့နယ်များ **(၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်)** တွင် နေထိုင်သော ရောဂါကူးစက်ခံရမှု လွယ်ကူနိုင်သည့် အသက် ၆၀ နှစ်နှင့် အထက်ရှိသူ **(၁၉၆၀ ပြည့်နှစ်နှင့် ယင်းနှစ်၏ ရှေ့ပိုင်းမွေးဖွားသူ)** များကို **၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၅-၁၁-၂၀၂၀ ရက်နေ့အထိ** နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ အပိုဒ် (၂) ပါ သတ်မှတ်ထားသောမြို့နယ်များမှအပ ကျန်မြို့နယ်များတွင် နေထိုင်ကြသည့် အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များအနေဖြင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သောအခြေအနေရှိပါက ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးရန် ဖြစ်ပါသည်။ ကျန်းမာရေးအခြေအနေအရ ကိုယ်တိုင်သွားရောက်ရန် အခက်အခဲရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**





တရုတ်ပြည်သူ့သမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများ ပေကျင်းမြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

## နိုင်ငံပြင်ပရောက် မြန်မာနိုင်ငံသားများ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၊ ပြင်ပမဲရုံခွဲများ၌ ကြိုတင်ဆန္ဒမဲစတင်ပေးပြီး မြန်မာသံရုံး ကိုးရုံးတွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံပြင်ပသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြန်မာသံရုံး ၂၇ ရုံး၊ အဖွဲ့ရုံး နှစ်ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး နှစ်ရုံးနှင့် ပြင်ပမဲရုံခွဲ လေးခုတို့၌ မဲရုံများ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။


စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻


**ကြေးမုံ ယနေ့ ဖတ်စရာ**


**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများအား အွန်လိုင်းဖြင့် ချိတ်ဆက်ပြီး လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား**
စာမျက်နှာ » ၅

**ကိုဗစ်- ၁၉ လာရာ၊ လားရာနှင့် သင်ခန်းစာများ**
စာမျက်နှာ » ၆

**ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇညီနောင် ကုမ္ပဏီများ ကနဦးမတည်လျှုဒါန်းသည့် အင်းယားစင်တာအား နိုင်ငံတော် အစိုးရသို့ လွှဲပြောင်းပေးအပ်**
စာမျက်နှာ » ၇


## ကျောက်ဖြူခရိုင် ဆေးရုံကြီးရှိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများမှ ရောဂါသက်သာ ပျောက်ကင်းသူ ၁၆ ဦး ဆေးရုံမှ ဆင်းခွင့်ပြု



**ကျောက်ဖြူ အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ကုသနေသူများအနက်မှ ရောဂါသက်သာပျောက်ကင်းသူ ၁၆ ဦးအား ယနေ့ မွန်းလွဲပိုင်းက ဆေးရုံမှ ဆင်းခွင့်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

**ဆေးရုံဆင်းလက်မှတ်များပေး**

၎င်းတို့သည် မိမိနေအိမ်၌ နေထိုင်ရမည်ဖြစ်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာကြရန် ဆရာဝန်နှင့်သူနာပြုဆရာမများက မှာကြားကာ ဆေးရုံဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက်၎င်းတို့အား မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက နေအိမ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ကျောက်ဖြူမြို့၌ ဩဂုတ် ၂၅ ရက်မှ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၇ ဦး အထိရှိရာ ယနေ့တွင် ရောဂါပျောက်ကင်းသူ ၁၆ ဦး ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး စုစုပေါင်းဆေးရုံဆင်းခွင့်ရရှိသူ ၂၂၀ အထိ ရှိပြီဖြစ်သည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

ကြေးမုံ

# နိုင်ငံနှင့် ပြည်သူအကျိုး မျက်ခြည်မပြတ်ရေးရှု

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ အောက်တိုဘာလ ၉ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းပြောကြားရာ၌ "ကျွန်မတို့ နေ့တိုင်း၊ နေ့တိုင်း အဆက်မပြတ် တစ်ချိန်လုံး ဒီရောဂါနဲ့ပတ်သက်ပြီး ပြည်သူတွေရဲ့ လုံခြုံရေးအတွက် အမြဲတမ်းစဉ်းစားနေပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ရွေးကောက်ပွဲက နိုင်ငံရေးနဲ့ဆိုင်ပါတယ်။ လိုအပ်ချက်အသီးသီး အားလုံးကိုဖြည့်ဆည်းပေးနိုင်ဖို့အတွက် ကျွန်မတို့ ကြိုးစားနေပါတယ်" ဟု ပြောကြားခဲ့သည်။

ယခုကာလတွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကို များများရှာဖွေဆောင်ရွက်နေသောကြောင့် ရောဂါပိုးတွေ့ရှိမှုမြင့်မားနေပြီး ထိုမှတဖြည်းဖြည်း လျော့နည်းကျဆင်းလာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ ထိုအချိန်တွင် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး သံသယရှိ၍ Quarantine ဝင်ရသည်ဖြစ်စေ၊ ရောဂါပိုးတွေ့ရှိ၍ ဆေးရုံတက်ကုသရသည်ဖြစ်စေ စိုးရိမ်ပူပန်မှု အလွန်အကျွံမဖြစ်ကြရန်နှင့် မိမိစိတ်ကို သတိကပ်ဆင်ခြင်ကာ ဆေးရုံ၊ ဆေးခန်းများမှ ပြုစုကုသပေးပြီး မှာကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကို အလျင်အမြန်လျှော့ချ ထိန်းချုပ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေစဉ် နိုင်ငံ၏အနာဂတ်အရေး၊ နိုင်ငံ့အရေးကိစ္စများသာမက ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူများ လူမှုစီးပွားအခက်အခဲများဖြစ်လာမှုတို့ကိုပါ ဖြေရှင်းပေးနိုင်ရန် အဘက်ဘက်က အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စိုးရိမ်မှုအလွန်အကျွံမဖြစ်ရန်နှင့် စိုးရိမ်မှုလွန်ကဲပါက ကိုယ်ခံအားကျဆင်းနိုင်သည်ကို သတိပြုပြီး မိမိကိုယ်တိုင် ဆင်ခြင်ဉာဏ်ဖြင့် ကြံ့ခိုင်သောစိတ်ကိုမွေးမြူကာ ကျန်းမာရေးဆိုင်ရာ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်ကြခြင်းဖြင့် ရောဂါသက်သာပျောက်ကင်း စိတ်ချမ်းသာခြင်းကို ဖြစ်စေနိုင်သည်။

ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကင်းဝေးရေး၊ ပြည်သူများကျန်းမာရေးအတွက် ပါဝင်ဆောင်ရွက်ကြသူများလာရန် လိုအပ်သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်းများ၊ လူမှုအကူအညီပေးသူများ၊ အလှူရှင်များ၊ ပြည်သူများ အားတက်သရော လက်တွဲဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ရောဂါသက်သာပျောက်ကင်းရေးအတွက် ကူညီဆောင်ရွက်ရာ၌ ကိုဗစ်ရောဂါရရှိပြီး ပြန်လည်သက်သာပျောက်ကင်းသော ပြည်သူများအနေဖြင့် အရေးကြီးလူနာများအားကုသရာ၌ ထိရောက်သောကုသမှုပေးနိုင်သည့် သွေးရည်ကြည်များကို ပါဝင်လှူဒါန်းခြင်းဖြင့် အကူအညီပေးနိုင်ရန် နှိုးဆော်ပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ကျန်းမာရေးကို အတတ်နိုင်ဆုံးအစွမ်းကုန်ဂရုစိုက်ပေးနေပြီး ရောဂါပျောက်ကင်းရေးအတွက် အဓိကကျသည့်ကာကွယ်ဆေးရရှိရေးကို မျက်ခြည်မပြတ်ဆောင်ရွက်နေသည်။ ယခုအခါ နိုင်ငံကြီးအချို့တွင် ထိရောက်စွာကုသပေးနိုင်မည့် ကိုဗစ်-၁၉ ဆေးကို ဖော်ထုတ်ရရှိနေပြီဖြစ်ရာ ထိုဆေးကို မြန်မာနိုင်ငံက ဝယ်ယူရရှိထားပြီး အချို့ကိုလည်း အလှူခံရရှိထားသည်ဟုသိရသည်။ လက်ရှိတွင် ရောဂါပြင်းထန်သောလူနာများအတွက် ဦးစားပေးအသုံးပြုပြီး နောင်တွင် သုံးသင့်သုံးထိုက်သောသူများသာမက အားလုံးအသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအပါအဝင် ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များနှင့် နိုင်ငံ၏အရေးကိစ္စများကိုပါ မပြတ်မလပ်ကြိုးပမ်းဆောင်ရွက်နေရာ နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များ ချောမွေ့စွာဖြင့် လည်ပတ်စီးဆင်းနေမည်ဖြစ်သည်။ ပြည်သူများ စီးပွားရေးနှင့်ပတ်သက်၍ ကုန်ကြမ်းပေး၊ ကုန်ချောယူလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားသဖြင့် အခက်အခဲများရှိမည် မှန်သော်လည်း အများပြည်သူအကျိုးအတွက် မတတ်သာဘဲ ဆောင်ရွက်ရခြင်း ဖြစ်သည်။ နောင်တွင် ရောဂါနှင့်ပတ်သက်၍ စိတ်ချရသောအနေအထားရှိပြီဟု သက်ဆိုင်ရာဌာနက စစ်ဆေးပြီးသောအခါတွင် လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပေးနေပြီး ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးသာမက နိုင်ငံတော်နှင့်ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့သာမက အထွေထွေရွေးကောက်ပွဲကဲ့သို့ နိုင်ငံရေးကိစ္စများကိုပါ မျက်ခြည်မပြတ် အခါမလပ်ကြည့်ရှုပြီး အဘက်ဘက်တွင် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ဟု ကြေးမုံက ရှုမြင်ပါကြောင်း။ ။

## မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပွဲတော် ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် နှစ်(၁၀၀)ပြည့် မြန်မာ့ရုပ်ရှင်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အွန်လိုင်းရုပ်ရှင်ပွဲတော်ကို ခေတ်အဆက်ဆက် ရိုက်ကူးပြသခဲ့ကြသည့် မြန်မာ့ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ အနုပညာစွမ်းပကားကို ပြန်လည်ခံစားသိမြင်စေရန်၊ မြန်မာ့ရုပ်ရှင်ကို နှစ်သက်သည့် ပြည်တွင်း၊ ပြည်ပမှ ရုပ်ရှင်ပရိသတ်များအနေဖြင့် မိမိကြိုက်နှစ်သက်ရာ ဇာတ်ကားများ ရွေးချယ်ကြည့်ရှုနိုင်စေရန်နှင့် ရုပ်ရှင်ချစ်ပရိသတ်များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ မိမိတို့နေရာအသီးသီးတွင် လုံခြုံကျန်းမာဘေးကင်းစွာ ကြည့်ရှုနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရုပ်ရှင်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များအရ ရုပ်ရှင်ရုံကြီးများ၌ ပျော်ရွှင်ချမ်းမြေ့စွာ ပြသပေးနိုင်ခြင်းမရှိသဖြင့် အွန်လိုင်းရုပ်ရှင်ပွဲတော်အဖြစ် စီစဉ်ကျင်းပခြင်းဖြစ်သည်။

ယင်းအွန်လိုင်းရုပ်ရှင်ပွဲတော်တွင် Mahar Mobile Application ဖြင့် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်း ၂၅၀၀ ကျော်ကို Promo Code (102020) ဖြင့် အောက်တိုဘာ ၈ ရက်မှ ၃၁ ရက်အထိ လည်းကောင်း၊ Cookie Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားပေါင်း ၅၀ ကျော်၊ ရုပ်သံလိုင်းပေါင်း ၅၀ ကျော်နှင့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် Movie Album များကို Promo Code (MMFILM 100) ဖြင့် အောက်တိုဘာ ၁၃ ရက်မှ ၃၁ ရက်အထိလည်းကောင်း၊ Pyone Play Application ဖြင့် မြန်မာရုပ်ရှင်ဇာတ်ကား ၃၀ နှင့် ဇာတ်လမ်းတွဲများအား လည်းကောင်း အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား Virtual စနစ်ဖြင့် ကျင်းပသွားမည်

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့ရှိ စတူဒီယို (၁)တွင် Virtual စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါအခမ်းအနား ကျင်းပပုံများကို အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Facebook Page နှင့် MRTV Live တို့တွင်လည်း Live Streaming ထုတ်လွှင့်သွားမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို အောက်တိုဘာ ၁၃ ရက် ည ၉ နာရီတွင် မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုအခြားအစီအစဉ်များနှင့်အတူ ထပ်မံထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

MOI Webportal Myanmar Facebook Page နှင့် Myanmar Digital News Facebook Page တို့မှလည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မုန်တိုင်းငယ်အဖြစ် အားကောင်းလာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၀**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေ ခန့် ရှိနိုင်သည်။ **မိုး/ဇလ**




MYANMAR Digital News
Presented by MPI
www.mdn.gov.mm

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သတင်းပေးပို့လျှင် နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် အသက် ၆၀ နှစ်နှင့်အထက်ရှိသူ မဲဆန္ဒရှင်များအနေဖြင့် **၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၅-၁၁-၂၀၂၀ ရက်နေ့အထိ** အထက်အပိုဒ်(၂)နှင့် (၃)ပါအတိုင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ပါကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ပူးတွဲ- ၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ၅၀၀၀ ဦးနှင့်အထက်ရှိသော မြို့နယ်များစာရင်း

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**တစ်စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်ရှိသော မြို့နယ်များစာရင်း**

| စဉ် | မြို့နယ် | မှတ်ချက် |
|---|---|---|
| | **ရန်ကုန်တိုင်းဒေသကြီး** | |
| ၁ | ပုဇွန်တောင်မြို့နယ် | |
| ၂ | ပန်းဘဲတန်းမြို့နယ် | |
| ၃ | ကျောက်တံတားမြို့နယ် | |
| ၄ | စမ်းချောင်းမြို့နယ် | |
| ၅ | တာမွေမြို့နယ် | |
| ၆ | လမ်းမတော်မြို့နယ် | |
| ၇ | လသာမြို့နယ် | |
| ၈ | မင်္ဂလာတောင်ညွန့်မြို့နယ် | |
| ၉ | အလုံမြို့နယ် | |
| ၁၀ | ဒေါပုံမြို့နယ် | |
| ၁၁ | သဃ်န်းကျွန်းမြို့နယ် | |
| ၁၂ | သာကေတမြို့နယ် | |
| ၁၃ | ဗိုလ်တထောင်မြို့နယ် | |
| ၁၄ | တောင်ဥက္ကလာပမြို့နယ် | |
| ၁၅ | ရန်ကင်းမြို့နယ် | |
| ၁၆ | ကမာရွတ်မြို့နယ် | |
| ၁၇ | မြောက်ဥက္ကလာပမြို့နယ် | |
| ၁၈ | လှိုင်မြို့နယ် | |
| ၁၉ | ဗဟန်းမြို့နယ် | |
| ၂၀ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် | |
| ၂၁ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | |
| ၂၂ | ကြည့်မြင်တိုင်မြို့နယ် | |
| ၂၃ | အင်းစိန်မြို့နယ် | |
| ၂၄ | မရမ်းကုန်းမြို့နယ် | |
| ၂၅ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | |
| ၂၆ | ဒဂုံမြို့နယ် | |
| ၂၇ | ရွှေပြည်သာမြို့နယ် | |
| ၂၈ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | |
| ၂၉ | ဆိပ်ကြီးခနောင်တိုမြို့နယ် | |
| | **မန္တလေးတိုင်းဒေသကြီး** | |
| ၃၀ | မဟာအောင်မြေမြို့နယ် | |
| ၃၁ | ချမ်းအေးသာစံမြို့နယ် | |
| ၃၂ | ချမ်းမြသာစည်မြို့နယ် | |
| ၃၃ | အောင်မြေသာစံမြို့နယ် | |
| ၃၄ | ပြည်ကြီးတံခွန်မြို့နယ် | |

# (၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကာလအတွင်း ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပဆဲ (၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကာလအတွင်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့် အစည်းအဝေး၌ ဗီဒီယိုဖြင့် မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။ အစည်းအဝေးကို “ဘန်ဒေါင်း+၆၅: ကိုဗစ်-၁၉ အပါအဝင် ကမ္ဘာ့စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းမည့် ပိုမိုဆီလျော်မှုရှိသော၊ စည်းလုံးညီညွတ်သော၊ ထိရောက်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့”ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။




### လက်လှမ်းမီသည့်ဈေးနှုန်း

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် ပထဝီနိုင်ငံရေးတင်းမာမှုများ မြင့်တက်လာမှု၊ ကမ္ဘာမြေကြီးပူနွေးလာမှု၊ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးဝါဒမေးမှိန်လာမှုကဲ့သို့သော မကြုံစဖူးစိန်ခေါ်မှုများနှင့် ယင်းစိန်ခေါ်မှုများအား ပိုမိုဆိုးရွားလာစေသည့် ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်းကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့အနေဖြင့် အဖွဲ့ကြီး၏ (၆၅)နှစ်မြောက် အခါသမယတွင် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအောင် ကြိုးပမ်းကြရန်လိုအပ်ကြောင်းနှင့် ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက်များကို ဆက်လက်ဖွင့်လှစ်ထားကြရန်၊ ကုန်စည်စီးဆင်းမှုချောမွေ့စေရန်နှင့် ရောဂါကာကွယ်ဆေးကို လူတိုင်းလက်လှမ်းမီသည့် ဈေးနှုန်းဖြင့် တစ်ကမ္ဘာလုံးက ရရှိအသုံးပြုနိုင်စေရန်တို့အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စစ်အေးကာလအတွင်းက လွတ်လပ်ရေးရပြီးစနိုင်ငံများ စုပေါင်း၍ ဘန်ဒေါင်းမူဝါဒများအပေါ် အခြေခံကာ၊ ငြိမ်းချမ်း၍ သာယာဝပြောသည့်ကမ္ဘာကြီးနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကံကြမ္မာကို လွတ်လပ်စွာ စဉ်းစားဆုံးဖြတ်နိုင်စေမည့် တရားမျှတမှုနှင့် သာတူညီမျှမှုရှိသည့် အခင်းအကျင်းတစ်ရပ်ကို တည်ထောင်နိုင်ရန် မျှော်မှန်း၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ မူလအဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ ဘန်ဒေါင်းမူဝါဒများကို အပြည့်အဝ ယုံကြည်လိုက်နာလျက်ရှိပြီး ဘက်မလိုက်မူဝါဒကို နိုင်ငံခြားရေးမူဝါဒ၏ အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် တစိုက်မတ်မတ် လက်ခံကျင့်သုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဆောင်ရွက်လျက်ရှိပြီး ဆယ်စုနှစ်များစွာကြာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်ရေး၊ ပြည်သူများ၏ လူမှု-စီးပွားဘဝ မြှင့်တင်ရေးနှင့် ဒီမိုကရေစီ နည်းလမ်းမကျသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကဲ့သို့သော စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ မိမိတို့နိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေရန် ဝေဖန်ပုတ်ခတ်ရေး လှုပ်ရှားမှုများကြောင့်လည်း အခြေအနေများကို ပို၍ရှုပ်ထွေးစေကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန် သန္နိဋ္ဌာန်ပြုထားကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

### အပြုသဘောဆောင်ဖြေရှင်း

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကို ပိုမိုခိုင်မာအားကောင်းစေရန် မတူကွဲပြားသည့် အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုကို မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ စိန်ခေါ်မှုအခက်အခဲများကို အခြားတစ်နိုင်ငံက နားလည်နိုင်ရန် ကြိုးပမ်းလျက် အဖွဲ့ဝင်နိုင်ငံများအကြား ပြဿနာများကို ချစ်ခင်ရင်းနှီး၍ အပြုသဘောဆောင်သည့်ပုံစံဖြင့် ဖြေရှင်းကြရေးတို့ကို တိုက်တွန်းပြောကြားခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိဥက္ကဋ္ဌမှာ အဇာဘိုင်ဂျန်နိုင်ငံဖြစ်ပြီး ၂၀၁၉ ခုနှစ် မှ ၂၀၂၂ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေးမှ နိုင်ငံရေးကြေညာချက်တစ်စောင်ကို အတည်ပြုခဲ့သည်။

**သတင်းစဉ်**

# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၂၀ခုနှစ်)အတွက် နည်းဥပဒေမူကြမ်းရေးဆွဲရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၂၀ ခုနှစ်) အတွက် နည်းဥပဒေမူကြမ်းရေးဆွဲရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးတင့်ထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၄ ရက်က နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂ ဖြစ်သည့် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၂၀ခုနှစ်)အတွက် နည်းဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းများကို စတုတ္ထအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပြီး လယ်ယာမြေ စီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများက နည်းဥပဒေမူကြမ်းတွင် ထည့်သွင်းပါဝင်သင့်သည့် အစိတ်အပိုင်းများအလိုက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် နည်းဥပဒေမူကြမ်း အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ယနေ့ စတုတ္ထမူကြမ်း၌ပါဝင်သည့် ရွှေ့ပြောင်းတောင်ယာမြေ လုပ်ကိုင်ခွင့်ဆိုင်ရာအခန်းအား အဓိကထား၍ ဆွေးနွေးသုံးသပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၀**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နေ့စဉ်အချိန်နှင့်အမျှဆောင်ရွက်နေသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ယူအားပေးသည့်သဘောဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများက စိတ်ဆန္ဒအလျောက် တစ်ထောင့်တစ်နေရာမှ ပါဝင်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ အလုပ်သမားဆေးရုံ သုံးခုတွင် သံသယလက္ခဏာ လူနာများအား လက်ခံကုသမှုပေးလျက်ရှိကြောင်း၊ လူမှုဖူလုံရေးဆေးခန်းများကလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် သက်ဆိုင်ရာကဏ္ဍမှ ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့နိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်မှု ဒုတိယလှိုင်းနောက်တွင်လည်း ထိရောက်သော ကာကွယ်ဆေး ထွက်ပေါ်လာသည့် အချိန်မတိုင်မီကာလအထိ ကူးစက်မှုလှိုင်းငယ်များရှိနိုင်သဖြင့် လူအများစုဝေး၍ နီးကပ်စွာ အလုပ်လုပ်ကိုင်ရသည့် စက်ရုံနှင့် အလုပ်ရုံများ၌ လုပ်ငန်းကြီးကြပ်သူနှင့် အလုပ်သမားများသည် ရောဂါကာကွယ်ရေး စည်းကမ်းများကို ဆက်လက်၍ သတိပြုကာ အတိအကျလိုက်နာဆောင်ရွက်ကြရန်မှာ အထူးအရေးကြီးပါကြောင်း၊ သို့ဖြစ်၍ မိမိတို့ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ အစိုးရအဖွဲ့များသည် ဤကိစ္စရပ်အား ရေရှည်ကိစ္စတစ်ရပ်အဖြစ် သတ်မှတ်ကာ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကိုဗစ်–၁၉ ကူးစက်မှုများ ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားနေချိန်တွင် စက်ရုံ၊ အလုပ်ရုံများ လုပ်ငန်းပြန်လည် လည်ပတ်ရာတွင် အလုပ်သမားများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရန်နှင့် လူအများနှင့် ဆက်ဆံရသူများတွင် နှာခေါင်းစည်းကိုသာမက၊ မျက်နှာအကာကိုပါ တပ်ဆင်ရန်တို့ကိုသာမက ထမင်းစားသောက်ချိန်၌ လူအများစုဝေးကာ ရောဂါကူးစက်နိုင်သဖြင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရန်မှာ အထူးအရေးကြီးပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများလိုက်နာရန် ရောဂါကာကွယ်ရေးစည်းကမ်းများကိုလည်း ထပ်မံ၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့လှူဒါန်းမှု အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းမိသားစုများ၏ လှူဒါန်းငွေကျပ် ၁၁၆ သိန်း၊ သြစတြေးလျနိုင်ငံနေ ဒေါက်တာဇော်သူအောင် – ဒေါက်တာဆုမြင့်တင်၊ သမီး မရှင်းသန့်မြင့်သူနှင့် သား မောင်ခန့်ဘုန်းမြင့်သူတို့၏ လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ဦးညွန့်တင် (စာရေးဆရာ – ပြည်သာယာ)– ဒေါ်နန်းရွှေမြင့် မိသားစု၏ လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး (ကျန်းမာရေး) အရာထမ်းနှင့် အမှုထမ်းများ၏ လှူဒါန်းငွေကျပ် လေးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနား၌ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း နာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ စတင် ဖြစ်ပွားချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးက ဆေးနှင့်ဆေးပစ္စည်းများကို အပြိုင်အဆိုင်ဝယ်ယူခဲ့ကြပြီး မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူရန်အတွက် အခက်အခဲရှိနေချိန်၌ အရည်အသွေးပြည့်မီ၍ သင့်တင့်သော ဈေးနှုန်းဖြင့် အချိန်မီဝယ်ယူရရှိနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ထမ်းများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေသည့် ဝန်ကြီးဌာနအား ယခုကဲ့သို့ ပံ့ပိုးခြင်းသည် ပြည်သူများအကျိုးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အမျိုးသားဆေးဝါးဥပဒေ၊ နီးနွယ်ဥပဒေများ၊ အာဆီယံနိုင်ငံများအကြား သဘောတူညီသတ်မှတ်ချက်များနှင့်အညီ ဆေးနှင့်ဆေးပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရေရှည်အတွက်မျှော်မှန်း**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းသည် ဝန်ကြီးဌာန၏ အရေးကြီးသော မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် ဤအသင်းသည် နှစ်ပေါင်းများစွာ ပေါင်းစပ်၍ လုပ်ကိုင်ရမည်ဖြစ်သည့်အတွက် ရေရှည်ကာလအတွက် မျှော်မှန်းကာ ဝန်ကြီးဌာနနှင့် အသင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုကောင်းမွန်ထိရောက်စေရေးမူဘောင်များ၊ စနစ်များရေးဆွဲဆောင်ရွက်ရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးရေးဌာနစိတ်မှ တာဝန်ရှိသူများနှင့် အသေးစိတ်ဆွေးနွေးမှုများ အမြန်ဆုံး ပြုလုပ်စေလိုပါကြောင်း။

ထိုသို့ဆွေးနွေးရာတွင် ဝန်ကြီးဌာနမှ ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူဖြန့်ဖြူးခြင်း၊ ထောက်ပံ့ပို့ဆောင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ အွန်လိုင်းရက်ချိန်း ကြိုတင်လျှောက်ထားမှုစနစ်၊ ထောက်ခံချက်လက်မှတ်စီမံခန့်ခွဲမှုစနစ် စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အားနည်းချက်များ၊ လိုအပ်ချက်များအား အသင်းမှပညာရှင်များက ပွင့်လင်းစွာ အကြံပြုပြောကြားစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကုသရေးဦးစီးဌာန၏ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရန် ဘဏ္ဍာငွေအား ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်က ၁၄၇ ဘီလီယံကျပ်သာ အသုံးပြုခဲ့ရာမှ လာမည့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ၃၀၀ ဘီလီယံကျပ်အထိ တိုးမြှင့်အသုံးပြုသွားရန် လျာထားသည့်အတွက် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းသင့်တင့်သော ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူနိုင်ရန်သည် အထူးအရေးကြီးပါကြောင်း၊ ထိုသို့ ဝယ်ယူရာတွင် အရည်အသွေးမှန်ကန်သည့် ဆေးနှင့်ဆေးပစ္စည်းများ ရွေးချယ်ဝယ်ယူနိုင်ရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများအလိုက် အသေးစိတ်အချက်အလက်နှင့် အရည်အသွေး သတ်မှတ်ချက်များသည် အရေးကြီးပါကြောင်း၊ ဆေးနှင့်ဆေးပစ္စည်းအမျိုးအစားအလိုက် အသေးစိတ်အချက်အလက်နှင့် အရည်အသွေး သတ်မှတ်ချက်များကို စုံလင်စုစည်းထားရှိမှု (specification bank) ပြုလုပ်ရာတွင် အသင်းမှပညာရှင်များက ဝန်ကြီးဌာနအား ပံ့ပိုးဆောင်ရွက်စေလိုပါကြောင်း၊ အသင်း၏ ရည်မှန်းချက်နှင့် ဦးတည်ချက်များ၊ ပင်မအခြေခံအလေးပေး တန်ဖိုးထားမှုများနှင့် ချမှတ်ထားသောလုပ်ငန်းကျင့်ဝတ် (code of conduct) များသည် ကောင်းမွန်ပြီး အဆိုပါအချက်များအား လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ကာ တိုးတက် ဖွံ့ဖြိုးသော အသင်းကြီးဖြစ်လာမည်ဖြစ်ပါကြောင်း၊ ဦးတည်ချက်များအနက် လုပ်ငန်းကျင့်ဝတ် ပီပြင်မှုသည် အသင်းကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးကြီးပါကြောင်း၊ ပြည်သူများ အရည်အသွေးမှန်ကန်ပြည့်ဝပြီး အဖိုးနှုန်းသင့်တော်သည့် ဆေးဝါးများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် အသင်းမှ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးစေလိုပါကြောင်း။

ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) တည်ဆောက်ရာတွင်လည်း ပံ့ပိုးပါဝင်လှူဒါန်း ဆောင်ရွက်မှုများအပါအဝင် အသင်းကြီးမှ များပြားသော လှူဒါန်းမှုများအတွက် ဝန်ကြီးဌာနမှ အရာထမ်းနှင့် အမှုထမ်းများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ အသင်းကြီးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာ ကိစ္စရပ်များအား မည်ကဲ့သို့ ပံ့ပိုးနိုင်မည်ဆိုသည့် အသေးစိတ်အချက်အလက်များကိုလည်း သိရှိလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ရောဂါကူးစက်မှု ဒုတိယလှိုင်း၏နောက်တွင်လည်း ထိရောက်သော ကာကွယ်ဆေးမပေါ်ပေါက်သေးသည့် ကာလတစ်လျှောက်လုံး၌ ရောဂါကူးစက်မှုလှိုင်းငယ်များ ရှိလာနိုင်သဖြင့် အသင်းအနေဖြင့် ဝန်ကြီးဌာနနှင့် ဆက်လက်လက်တွဲကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ အသင်းကြီး၏ နှစ်ပတ်လည် အစီရင်ခံစာများကိုလည်း ယခုထက် ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်ရမည့် လုပ်ငန်းများကို အတတ်နိုင်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း နာယက၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေးကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ပမှ ဆေးဝါးနှင့် ဆေးဝါးပစ္စည်းများဝယ်ယူနိုင်ရေးအတွက် UNOPS နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ကာလအတွင်း စီးပွားရေးလုပ်ငန်းများထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် ဆေးဝါးများနှင့် ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းများ အားလုံးအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုပေးကြောင်း၊ လှူဒါန်းသည့် ကိုဗစ်–၁၉ နှင့် သက်ဆိုင်သောဆေးဝါးများ တင်သွင်းရာတွင် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် FDA နှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



**ဆေးဝါးထုတ်လုပ်ရေးဆောင်ရွက်**

ထို့ပြင် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သော ပို့ကုန်/ သွင်းကုန် လုပ်ငန်းရှင်များ မှတ်ပုံတင်ခြင်းအပါအဝင် အခြားသော မှတ်ပုံတင်ခြင်းကိစ္စများ၊ ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားခြင်းများကို အွန်လိုင်းစနစ်ဖြင့် အပြည့်အဝကျင့်သုံးဆောင်ရွက်နိုင်ရေး ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ကာ Tradenet 2.0 စနစ်အား အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ကိုဗစ်– ၁၉ နှင့် ပတ်သက်သော ဆေးဝါးများ ပုံမှန်တင်သွင်းနိုင်ရေးအပြင် ဆီးချို၊ သွေးတိုး၊ နှလုံးအစရှိသည့် ရောဂါများနှင့် သက်ကြီးရွယ်အိုများအတွက် အသုံးပြုရသည့် ဆေးဝါးများ တင်သွင်းမှုကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေရှည်တွင် ပြည်တွင်း၌ ဆေးဝါးထုတ်လုပ်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးဇော်မိုးခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပံ့ပိုးပါဝင်မှုနှင့် လှူဒါန်းမှုများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်ပူးပေါင်းကာ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ ဆေးပစ္စည်းများဆိုင်ရာ ဥပဒေပေါ်ပေါက်လာရေး ပူးပေါင်းဆောင်ရွက်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၂၀–၂၀၂၂ ခုနှစ် သက်တမ်းအတွက် ရွေးချယ်ခံရသော ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်စာရင်းကြေညာခဲ့ပြီး အစည်းအဝေး ပထမပိုင်းကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများအား အွန်လိုင်းဖြင့်ချိတ်ဆက်ပြီး လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား





**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်တွင်း ပြည်ပသတင်းမီဒီယာများအား အွန်လိုင်းဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လတ်တလောဖြစ်ပေါ်နေသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**သတင်းမှား များပြားလာ**

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပဏာမအနေဖြင့် ပြောကြားလိုသည်မှာ အိမ်တော် Group တွင် ရှင်းလင်းတင်ပြခဲ့သည့်ကိစ္စများရှိပါကြောင်း၊ ယင်းကိစ္စမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပတ်သက်၍ Social Media တွင် သတင်းမှားများ၊ လုပ်ကြံဖန်တီးထားသော သတင်းများ တင်သည့်ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုဗစ်-၁၉ ဖြစ်သွားကြောင်း၊ ကျန်းမာရေးအခြေအနေအရ လူစားထိုးထားကြောင်း စသည်ဖြင့် သတင်းအမှားများကို မိမိတို့အနေဖြင့် အကြိမ်ကြိမ်လည်း ရှင်းလင်းခဲ့ရပါကြောင်း၊ သတင်းအမှားများ ပျံ့နှံ့လာသည့်ကိစ္စသည် ရွေးကောက်ပွဲနီးကပ်လာသည့် အချိန်တွင် ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ဖော်ထုတ်မည်ဟု ပြောကြားပြီးဖြစ်ပါကြောင်း။

စိစစ်ဖော်ထုတ်ရာတွင် အွန်လိုင်းပေါ်၌ နိုင်ငံတော်အကြီးအကဲများနှင့် ပတ်သက်သည့် သတင်းအတု၊ သတင်းအမှားများ၊ လုပ်ကြံဖန်တီးထားသည့် သတင်းများတင်ထားသော ပုဂ္ဂိုလ်များ၏အမည်များ၊ Facebook Account များ၊ Page အမည်များ၊ အချက်အလက်များ၊ နေရပ်လိပ်စာများ၊ ဖုန်းနံပါတ်များ၊ G-mail လိပ်စာများ၊ ဓာတ်ပုံများကို ဖော်ထုတ်ရရှိပါကြောင်း၊ မိမိတို့တွင် အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများရှိပါကြောင်း၊ ယင်းအကောင့်များကို ကြည့်ပါက ၎င်းတို့၏ နိုင်ငံရေးထောက်ခံမှုအရ မည်သို့ရှိသည်ကို တွေ့နိုင်ပါကြောင်း၊ အုပ်စုအားဖြင့် နှစ်စုတွေ့ရှိရပါကြောင်း၊ တစ်နိုင်ငံလုံးတွင်တွေ့ရှိရသည့် အကောင့်အတုများ၊ စိစစ်ဖော်ထုတ်ရသည့် ဖုန်းနံပါတ်များ၊ ဓာတ်ပုံများ၊ G-mail လိပ်စာများ၊ အကောင့်ဖွင့်ထားသည့် ဖုန်းနံပါတ်များတွေ့ရပါကြောင်း။

**အရေးမယူရန် လမ်းညွှန်**

ယင်းကိစ္စများနှင့်ပတ်သက်၍ ဥပဒေကြောင်းအရ ငြိစွန်းပါကြောင်း၊ အရေးယူ၍ရပါကြောင်း၊ သတင်းအမှားဖြန့်ဝေသူများနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ချက်ပေးပါကြောင်း၊ ၎င်းအနေဖြင့် သတင်းအမှားဖြန့်သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို အရေးမယူလိုပါကြောင်း၊ သတင်းမှား ဖြန့်နေသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကိုအရေးမယူရန် လမ်းညွှန်ပါကြောင်း။

ထို့ကြောင့်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အရ မိမိတို့အနေဖြင့် ယင်းပုဂ္ဂိုလ်များကို စိစစ်ဖော်ထုတ်ရရှိသော်လည်း အရေးယူမည်မဟုတ်ပါကြောင်း၊ သို့သော် ယခု Press Meeting အတွက်ဖွင့်လှစ်ထားသည့် စာမျက်နှာ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ Social Media Page များမှတစ်ဆင့် အများပြည်သူသိရှိအောင် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် ယခုကာလတွင် ကျန်သည့်သတင်းမှားများကို ဖြန့်ဝေနေသည့် တချို့နိုင်ငံရေးပါတီခေါင်းဆောင်အချို့က ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် သတင်းမှားများ ဖြန့်ခြင်းကိုတွေ့ရှိရပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်သည့် သတင်းမှားများ၊ သတင်းတုများဖြန့်ဝေမှု လုပ်ဆောင်ပါက အရေးယူရန်ပြောထားပြီးဖြစ်ပါကြောင်း၊ ယင်းအတွက် ကိုဗစ်-၁၉ ကို ရင်ဆိုင်နေသည့်အချိန်တွင် အများပြည်သူအကြား အလန့်တကြားဖြစ်စေရန်၊ ထင်ယောင်ထင်မှားဖြစ်စေရန်၊ လက်ရှိဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ချက်များအပေါ်တွင် ဆိုးကျိုးသက်ရောက်မှုဖြစ်ပွားစေမည့်ကိစ္စများကို မလုပ်ဆောင်ရန် ထပ်မံပြောကြားလိုပါကြောင်း၊ ရှေ့တန်းတွင် အမှန်တကယ်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတများ၊ ပြည်သူများ ယခုကဲ့သို့ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်နေသည့်အချိန်တွင် ဘေးထိုင်ဘုပြော၊ မဟုတ်မမှန်သတင်းများဖြင့် လုပ်ကြံပြီးပြောကြားမှုများသည် မလုပ်သင့်မလုပ်ထိုက်သည့် ကိစ္စဟုထင်ပါကြောင်း၊ ထို့ပြင် စိစစ်သည့်အခါတွင် Account Disable ဖြစ်သွားသည်ဆိုပြီး Account ကို ဖြုတ်လိုက်သည်များလည်း ရှိပါကြောင်း၊ Account ကို ဖြုတ်လိုက်သော်လည်း မိမိတို့ထံတွင် ခိုင်မာသည့် အထောက်အထားများ ရှိပါကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ လက်ရှိအချိန်တွင် ဥပဒေအရအရေးယူ၍ရသည့် အနေအထားများဖြစ်ပါကြောင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်းက ကိုဗစ်-၁၉ ကို သူ့နည်းသူ့ဟန်ဖြင့်၊ ရှိသည့်အရင်းအမြစ်ဖြင့် ကိုင်တွယ်ဖြေရှင်းနေသည့်အချိန်တွင် အထူးသဖြင့် ဘေးမှနေ၍ ပူးပေါင်းဆောင်ရွက်ခြင်းမရှိ၊ အများပြည်သူအကျိုးအတွက် ထဲထဲဝင်ဝင်တစ်စုံတစ်ခုမျှ ဆောင်ရွက်ခြင်းမရှိဘဲ Social Media မှတစ်ဆင့် ယင်းကဲ့သို့ လုပ်ဆောင်နေခြင်းသည် မလုပ်သင့်မလုပ်အပ်သည့်ကိစ္စများဖြစ်သည်ဟု မိမိတို့အနေဖြင့်မြင်ပါကြောင်း။

ယမန်နေ့က ကုန်တင်ကားများနှင့် ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညှိနှိုင်းအစည်းအဝေးပြုလုပ်ပါကြောင်း၊ အထူးသဖြင့် SOP ရှိပါကြောင်း၊ ယင်းကုန်တင်ကားများနှင့် ပတ်သက်ပြီး လုပ်ဆောင်ရမည့်လုပ်ထုံးလုပ်နည်းများကို ကျန်းမာရေးနှင့် ညှိနှိုင်းပြီး ဗဟိုကော်မတီက ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထုတ်ပြန်ပြီး လက်တွေ့ဆောင်ရွက်သည့်အခါ တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခုအကြား၊ ပြည်နယ်တစ်ခုနှင့် တိုင်းဒေသကြီးတစ်ခုအကြားတွင် ကုန်စည်ကူးသန်းရောင်းဝယ်မှုအတွက် အရေးပါသည့် ကုန်တင်ကားများ၊ ကားသမားများ ဝင်ရောက်ရန်အတွက် အခက်အခဲများရှိပါကြောင်း၊ အခက်အခဲများရှိသည့်အခါတွင် ယင်းကိစ္စများကို မိမိတို့ ညှိနှိုင်းကြပါကြောင်း၊ ယမန်နေ့က ဝန်ကြီးချုပ်များနှင့်ဆွေးနွေးပြီး လက်တွေ့တွေ့ကြုံနေရသည့် အခြေအနေအပေါ်တွင် အခြေခံပြီး လက်တွေ့ကျသည့် နောက်ထပ် SOP တစ်ခုကိုပြုလုပ်ပါကြောင်း၊ ယမန်နေ့က သတင်းထုတ်ပြန်ထားသည့်အတိုင်း ကုန်စည်စီးဆင်းမှုမပြတ်အောင် ကုန်တင်ယာဉ်များ၊ ယာဉ်မောင်းများ၊ ယာဉ်မောင်းနောက်လိုက်များကို Rapid Test Kit ဖြင့် အမြန်ဆုံးစစ်ဆေးပေးမည်ဖြစ်ပါကြောင်း၊ စစ်ဆေးသည့်အခါတွင် Rapid Test Kit နှင့် စစ်ဆေးသည့်ကုန်ကျစရိတ်ကို သက်သာသည့်နှုန်းထားဖြင့် ကောက်ခံမည်ဖြစ်ပါကြောင်း၊ ယခင် SOP အရဆိုလျှင် ဖြတ်သန်းသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်၌ စစ်ရမည်ဟု ပါဝင်ပါကြောင်း၊ ဟိုဘက်ကစစ်ရမည်၊ ဒီဘက်ကစစ်ရမည် စသည့်ဖြင့် ဝိဝါဒ ကွဲပြားမှုများဖြစ်သည့်အတွက် နောက်ထပ် SOP တိတိကျကျထုတ်ပြန်ထားပါကြောင်း၊ လက်ရှိကုန်စည်စီးဆင်းမှု နှေးကွေးရပ်တန့်မှုများသည် ကုန်စျေးနှုန်းသို့ သွား၍ သက်ရောက်မှုများရှိပါကြောင်း၊ ယင်းကိစ္စအပေါ် အားလုံးပြေပြေလည်လည်ဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည့် အနေအထားဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

> **အွန်လိုင်းပေါ်၌ နိုင်ငံတော်အကြီးအကဲများနှင့် ပတ်သက်သည့် သတင်းအတု၊ သတင်းအမှားများ၊ လုပ်ကြံဖန်တီးထားသည့် သတင်းများတင်ထားသော ပုဂ္ဂိုလ်များ၏အမည်များ၊ Facebook Account များ၊ Page အမည်များ၊ အချက်အလက်များ၊ နေရပ်လိပ်စာများ၊ ဖုန်းနံပါတ်များ၊ G-mail လိပ်စာများ၊ ဓာတ်ပုံများကို ဖော်ထုတ်ရရှိ။**
>
> **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အရ မိမိတို့အနေဖြင့် ယင်းပုဂ္ဂိုလ်များကို စိစစ်ဖော်ထုတ်ရရှိသော်လည်း အရေးယူမည်မဟုတ်။**

**မေးမြန်း ဖြေကြား**

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက နှင်းဆီပါတီဥက္ကဋ္ဌအား ပုဒ်မ ၂၂၄ ဖြင့် တရားစွဲဆိုထားသည့်အပြင် အခြားအမှုများဖြင့် အရေးယူသွားရန် ရှိ၊ မရှိ၊ ကိုဗစ်-၁၉ ထိန်းချုပ် ကာကွယ်ရေးအတွက် အစိုးရနှင့် တပ်မတော်ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် တပ်မတော်မှ အရာရှိများခန့်အပ်ပြီး ရခိုင်ပြည်နယ်သို့ စေလွှတ်တာဝန်ပေးအပ်မှုအခြေအနေ၊ နှင်းဆီပါတီဥက္ကဋ္ဌအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးမှုနှင့် နယ်စပ်ဖြတ်ကျော်ခွင့်ပြုပေးခဲ့သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများအား စုံစမ်းစစ်ဆေးသွားမည့် အခြေအနေ၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို နှင်းဆီပါတီရပ်တည်မှုနှင့် ပတ်သက်၍ ညွှန်ကြားထားမှု၊ ကိုဗစ်-၁၉ ကာလတွင် သတင်းအမှားများ ဖြန့်ဝေနေသည့် နိုင်ငံရေးပါတီခေါင်းဆောင်များအား အရေးယူရန် အစီအစဉ်ရှိ၊ မရှိ၊ ရွေးကောက်ပွဲအတွက် မဲဆွယ်ရာတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို မလိုက်နာသူများအား အရေးယူဆောင်ရွက်သွားမည့် အခြေအနေ၊ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ (HRW)၏ ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် စွပ်စွဲပြောဆိုမှုများအပေါ် အစိုးရ၏သဘောထားအမြင်၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို သီးခြားအမိန့်ပေး ညွှန်ကြားထားမှုများ ရှိ၊ မရှိ၊ နေပြည်တော်ရှိ နှင်းဆီပါတီ ရုံးချုပ်မြေနေရာနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကိုဗစ်-၁၉ ကာလတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရန် နိုင်ငံတော်အစိုးရ၏ ပါဝင်ဆောင်ရွက်နေမှုနှင့် မည်သည့်နေရာများတွင် ရွေးကောက်ပွဲကျင်းပရန် သင့်၊ မသင့် အကြံပြုချက်များ ပေးထားမှု၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ မဲဆွယ်ဆောင်ရွက်သွားမည့် အစီအစဉ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲများဖြစ်ပွားလျက်ရှိသည့် နေရာများတွင် ရွေးကောက်ပွဲကျင်းပသွားရန် အစီအစဉ် ရှိ၊ မရှိ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်များ တွေ့ဆုံဆွေးနွေးမှုအခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ရခိုင်ပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများ၏ နိုင်ငံသားဖြစ်ခွင့်နှင့် မဲပေးနိုင်မှုအခြေအနေ၊ ကုန်စည်စီးဆင်းမှုများ ရပ်တန့်မသွားစေရန်နှင့် စီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရန် ဆောင်ရွက်သွားမည့်အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် Stay at Home သတ်မှတ်ထားသည့် မြို့နယ်များမှ ပြည်သူများ အကူအညီအထောက်အပံ့များရရှိရေး၊ ကိုဗစ်ကာလ ပြည်သူများအတွက် ထောက်ပံ့ရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် စိုက်ထုတ်သုံးစွဲခဲ့သည့် ကုန်ကျစရိတ်များအား နိုင်ငံတော်အစိုးရမှ ပြန်လည်ထုတ်ပေးရေး၊ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးခံရသည့် တပ်မတော်သားနှစ်ဦး၏ အခြေအနေ၊ ပြည်တွင်း ပြည်ပ သတင်းထောက်များ ရွေးကောက်ပွဲကာလတွင် သတင်းရယူရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နိုင်ငံရေးပါတီများ၏ ပါတီမူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်ဆိုင်ရာ ဟောပြောမှုများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တည်းဖြတ်နေမှု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအား ဖြေလျှော့ပေးသွားမည့် အခြေအနေ၊ ရွေးကောက်ပွဲတွင် ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ တစ်နိုင်ငံလုံးတွင် မဲရုံလိုအပ်မှု အခြေအနေ၊ အိန္ဒိယနိုင်ငံမှ ထုတ်သည့် ရမ်ဒက်ဆဗီယာဆေး ထပ်မံဝယ်ယူသွားမည့် အခြေအနေတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သတင်းစဉ်**

# ကိုဗစ်– ၁၉ လာရာ၊ လားရာနှင့် သင်ခန်းစာများ

ခင်မောင်ညို (ဘောဂဗေဒ)

လွန်ခဲ့တဲ့ လအနည်းငယ်က ကိုဗစ်အနည်းနဲ့အများ မရှိတော့ဘူးလို့ဆိုတဲ့ မဒရစ်နဲ့ မာဆေးလ်မှာ အသည်းအသန် စောင့်ကြည့်ခန်းတွေ ခုတင်တွေပြန်ပြည့်ကုန်ကြပြီ။ တစ်ခါတလေ အင်္ဂလန်မှာ လွန်ခဲ့တဲ့ လအနည်းငယ်က လုပ်ခဲ့တာတွေကို ပြန်လုပ်နေရသလို အစိုးရတွေက စည်းမျဉ်းစည်းကမ်းအသစ်တွေကိုလည်း ချမှတ်လုပ်ဆောင်နေရတယ်။

**အိန္ဒိယဟာ မကြာမီ အမေရိကန်ကို ကျော်လွန်သွားနိုင်**

နွေရာသီပေမယ့် အိမ်တွင်းပုန်းရတဲ့ဘဝကို ပြန်ရောက်သွားကြတယ်။ ဒုတိယလှိုင်းအကြောင်း နေရာတကာမှာပြောနေကြတယ်။ အတ္တလန္တိတ်သမုဒ္ဒရာဘက်မှာ အမေရိကန်ဟာ ကိုဗစ်ကြောင့် သေဆုံးသူဦးရေ နှစ်သိန်းကျော်ရှိပြီ။ ဒီအရေအတွက်ဟာ အနောက်ဥရောပမှာ စုစုပေါင်း သေဆုံးသူထက်တောင် များနေသေးတယ်။ လေးပတ်ဆက်တိုက်၊ တစ်ပတ်ကို ကူးစက်သူအသစ်သန်းဝက်ကျော်တိုးနေတဲ့ အိန္ဒိယဟာ မကြာမီ အမေရိကန်ကို ကျော်လွန်သွားနိုင်တယ်။ အောက်တိုဘာလ မတိုင်မီ လူတစ်သန်းသေဆုံးတာ မြင်ကြရမယ်လို့ ဆိုတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ မှတ်တမ်းအရ ၂၀၁၇ တစ်နှစ်လုံးမှာ ငှက်ဖျားကြောင့် သေဆုံးသူ ခြောက်သိန်းနှစ်သောင်း၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတာ ရှစ်သိန်းနီးပါး၊ ကိုယ်ခံအားကျရောဂါကြောင့် သေဆုံးတာ တစ်သန်းမပြည့်ခဲ့ပါဘူး။ အခု အဲဒါထက် များတယ်။ အဲဒီသေဆုံးတဲ့ ကိန်းဂဏန်းတွေဟာ ကိုဗစ်ကူးစက်ခံကြရတဲ့ ၃၂ သန်းကျော်ရဲ့ သုံးရာခိုင်နှုန်းကျော်ကျော်လေးပဲရှိတယ်။ ဒါတောင်မှ ကိုဗစ် – ၁၉ကို ဖြစ်စေတဲ့ ဆားစ်ကိုဗစ် ၂ ကူးစက်ခံရတဲ့ ဦးရေကို လျှော့ပြီးခန့်မှန်းထားတာ။

ကူးစက်ခံရတဲ့သူအတော်များများက အဖျားအနာ မဖြစ်ကြပါဘူး။ ကူးစက်ပေမယ့်လည်း ဆေးရုံမရောက် ဆရာဝန် မတွေ့လိုက်တဲ့သူတွေ အများကြီးပဲ။ မပြည့်စုံပေမယ့် ပိုကောင်းတဲ့ ယမန်နှစ်က နှစ်ကုန်မှာ ကမ္ဘာတစ်ဝန်း သိပ္ပံပညာရှင်တွေနဲ့ ပြည်သူ့ကျန်းမာရေးအရာရှိတွေ တောက်လျှောက် ဘယ်လောက်ကူးစက်ခံရသလဲလို့ ခန့်မှန်းထားတာရှိတယ်။ တခြားကိစ္စအတွက် ရည်ရွယ်ပြီး ကောက်ယူထားတဲ့ သွေးနမူနာတွေထဲက သွေးရည်ကြည်မှာ ဆားစ်ကိုဗစ်ကို ဆန့်ကျင်နေတဲ့ ပဋိပစ္စည်းတွေ လိုက်ရှာကြည့်တယ်။ သူတို့ရှိနေရင် အရင်က ဗိုင်းရပ်စ်ကူးတာ ခံခဲ့ရလို့ပဲ။

ဒီစစ်တမ်းတွေ မတိကျစေတဲ့ ကိစ္စတွေကလည်း အများကြီး။ တခြားဗိုင်းရပ်စ်တွေကို ဆန့်ကျင်နေတဲ့ ပဋိပစ္စည်း (Antibody) တွေ သွားတွေ့ပြီး ကိန်းဂဏန်းတွေ တိုးနေတာမျိုးလည်း ဖြစ်နိုင်တယ်။ ဒီတော့နေရာတစ်ခုနဲ့ တစ်ခုလည်း ကွာခြားနိုင်တယ်။ တချို့ဒေသတွေမှာ တခြားဒေသတွေထက် အလားတူ ပဋိပစ္စည်း(Antibody) တွေ ပိုတွေ့နိုင်တယ်။ ဒီအတွက်တော့လွဲနိုင်တယ်။ တချို့စစ်ဆေးမှုတွေက နည်းနေ၊ နိမ့်နေရင်လည်း ရှာမတွေ့ပြန်ဘူး။ လူငယ်တွေလို တချို့လူတွေကျတော့ ပဋိပစ္စည်း (Antibody )မထွက်ဘဲ ဗိုင်းရပ်စ်ကို တိုက်ခိုက်နိုင်ကြတယ်။ ဒီလိုဆို ကူးစက်ခံထားရတာ မပေါ်ပြန်ဘူး။ ဒီတော့ စစ်တမ်းက ရလဒ်ကို အတော်လေးချင့်ယုံမှ ဖြစ်တယ်။

**နိုင်ငံ ၁၉ နိုင်ငံက စစ်တမ်း ၂၇၉ ခု**

ဒါပေမဲ့ နိုင်ငံအတော်များများမှာတော့ စစ်တမ်းကရတဲ့ ကိန်းဂဏန်းနဲ့ အစိုးရထုတ်ပြန်တဲ့ ကိန်းဂဏန်းကိုက်ညီအောင် လုပ်ဖို့လိုမယ်။ တရုတ်လို နိုင်ငံမျိုးမှာဆိုရင် လွတ်လွတ်လပ်လပ် ကောက်ယူနိုင်ဖို့ ခက်တာကြောင့် လက်ထဲရှိတဲ့ ကိန်းဂဏန်းကို အခြေခံပြီး တစ်ကမ္ဘာလုံး ကူးစက်ခံရမှုကို တိုက်ရိုက်တွက်ဆလို့မရဘူး။ သေတဲ့နှုန်း၊ ကူးစက်တဲ့နှုန်းနဲ့ ဘယ်လောက်တိုင်းတာနိုင်တယ်ဆိုတာ ကိုယ်စားသုံးဖို့၊ ပျမ်းမျှဝင်ငွေတို့နဲ့ စစ်တမ်းရလဒ်ရဲ့ လက်တွေ့ဆက်စပ်ပုံကို တိုင်းတာပြီး အချက်အလက်မရတဲ့ နိုင်ငံတွေအတွက် တွက်ချက်နိုင်သလို တစ်ကမ္ဘာလုံး စုစုပေါင်းကိုလည်း ခန့်မှန်းနိုင်ပါတယ်။ နိုင်ငံ ၁၉ နိုင်ငံက စစ်တမ်း ၂၇၉ ခုကို ကြည့်လိုက်တော့ ဇန်နဝါရီလကုန်မှာ တစ်နေ့ကို လူတစ်သန်းနှုန်းလောက် ကူးစက်ခံထားရတယ်ဆိုတာ တွေ့ရတယ်။ အဲဒီအချိန်ကဆိုရင် ကမ္ဘာကြီးတစ်ခုလုံးက ဗိုင်းရပ်စ်ပိုးရှိတယ်ဆိုတဲ့အကြောင်း ကြားဖူးခါစပဲ ရှိသေးတယ်။

မေလရောက်တော့ တစ်နေ့ကို ငါးသန်းလောက်ဖြစ်နေပြီ။ ခန့်မှန်းချက် မသေချာတာက အများကြီးဖြစ်ပြီး မျက်မှောက်အချိန်ဆိုရင်ပိုဆိုးပါတယ်။ ဒါပေမဲ့ ကမ္ဘာ့လူဦးရေရဲ့ ၆ ဒသမ ၄ ရာခိုင်နှုန်းကနေ ၉ ဒသမ ၃ ရာခိုင်နှုန်းကြားရှိတဲ့ ကမ္ဘာတစ်ဝန်းက လူသန်း ၅၀၀ နဲ့ သန်း ၇၃၀ ကြား ကူးစက်ပြီးပြီဆိုတဲ့ သဘောပါ။ ကိုယ့်ဘာသာ မခန့်မှန်းနိုင်သူတွေအတွက် အမြင့်ဆုံး ကမ္ဘာ့လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းလောက်ရှိမယ်လို့ မှန်းဆနိုင်ပါတယ်။

**သွေးရည်ကြည်စစ်တမ်း**

စစ်ဆေးလို့ရတဲ့ အရေအတွက်နဲ့ တိုက်ရိုက်နှိုင်းယှဉ်ရင် သွေးရည်ကြည်စစ်တမ်းကရတဲ့ ကိန်းဂဏန်းတွေဟာ အလွန်ကြီးမားနေတာကို တွေ့ရပါတယ်။ ကူးစက်တဲ့သူနည်းပြီး သေသေချာချာ စစ်ဆေးနိုင်တဲ့ ဂျာမနီမှာ သွေးရည်ကြည်စစ်တမ်းအရနှုန်းက ဩဂုတ်လမှာ စစ်ဆေးလို့ရတာထက် ၄ ဒသမ ၅ဆ များနေတာကို တွေ့ရတယ်။ မင်နီဆိုတာပြည်နယ်မှာ ဇူလိုင်လက စစ်တမ်းကောက်ကြည့်တော့ ခုနစ်ဆတောင် များနေတာတွေ့ရတယ်။ ဩဂုတ်လ ၂၃ ရက်နေ့က အင်္ဂလန်မှာ စစ်တမ်းကောက်ကြည့်တာ ၆ ဒသမ ၀၂ ရာခိုင်နှုန်းဆိုတော့ ၁၂ဆ များနေတယ်။

အိန္ဒိယမှာ မေလလယ်ကနေ ဇွန်လအစောပိုင်းအထိ နိုင်ငံအဆင့် သွေးရည်ကြည်စစ်တမ်းကောက်ကြည့်တော့ ၀ ဒသမ ၇၃ ရာခိုင်နှုန်းဆိုလို့ လူဦးရေ ဆယ်သန်းပေါ့။ အဲဒီအချိန် မှတ်တမ်းတင်ထားတဲ့ ကူးစက်သူက ၂၂၆၇၁၃ ဦးပဲ ရှိတာဆိုတော့ ၄၄ဆတောင် များနေတယ်။ ဒီအတိုင်းဆို တစ်ကမ္ဘာလုံးအတွက်ရတဲ့ ကိန်းဂဏန်းက အဆနှစ်ဆယ်လောက် များနေနိုင်တယ်။ ရောဂါပိုးက ထင်တာထက် ပိုပျံ့နှံ့နေတယ်ဆိုရင် ချမ်းသာတဲ့နိုင်ငံတွေမှာ ကောက်ယူလို့ရတဲ့ သေဆုံးတဲ့နှုန်းဟာ ပိုတောင် မနိမ့်နိုင်ဘူးလား။ ရောဂါပိုးရဲ့ အန္တရာယ်ကို လူတွေဘယ်လိုနားလည်ကြသလဲလို့ ကိန်းဘရစ်ချ် တက္ကသိုလ်ရဲ့ လေ့လာချက်မှာ သေဆုံးနိုင်တဲ့ နှုန်းက အသက်တစ်နှစ်ကြီးလေ ၁၃ ရာခိုင်နှုန်းတိုးလာလေဖြစ်ပြီး အသက် ၆၅နှစ်အရွယ်ရှိတဲ့ လူကြီးတစ်ယောက်ဟာ အသက် ၂၅နှစ်အရွယ်ရှိတဲ့ လူတစ်ယောက်ထက် သေဆုံးဖို့ဖြစ်တန်စွမ်း အဆ ၁၀၀ရှိနေတာကို တွေ့ရတယ်။

ကမ္ဘာတစ်ဝန်းမှာ ၆၅ နှစ်အရွယ်တွေ တညီတညာတည်း ပျံ့နှံ့နေတာတော့ မဟုတ်ဘူး။ ယမန်နှစ်က ဥရောပသမဂ္ဂမှာ အသက် ၆၅ နှစ်နဲ့အထက်ရှိသူတွေ ၂၀ ဒသမ ၅ ရာခိုင်နှုန်း ရှိပေမယ့် အာဖရိက ဆာဟာရဒေသခွဲမှာတော့ သုံးရာခိုင်နှုန်းပဲ ရှိတယ်။ ဒါပေမဲ့ ကူးစက်တာရော၊ သေဆုံးတာရော ကိန်းဂဏန်းတွေက တမင်သက်သက် လျှော့တွက်ထားတာလည်း ဖြစ်နိုင်ပါတယ် ။ ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ မစစ်ဆေးလိုက်ရဘဲ သေသွားတဲ့ လူတွေကလည်း အများကြီးရှိနေပါတယ်။ ဒီပြဿနာကိုဖြေရှင်းဖို့က ယမန်နှစ်က သေဆုံးသွားခဲ့တဲ့ အရေအတွက်ကို အခြေခံပြီး ဒီနှစ် သေဆုံးတဲ့သူနဲ့ နှိုင်းယှဉ်လို့ အလားအလာကို တွက်တာပါ။

အခု ပြောတဲ့ ပိုလွန်သေဆုံးမှု နည်းလမ်းက တရားဝင်ထုတ်ပြန်တဲ့ကိန်းဂဏန်းတွေမှာ သေဆုံးရခြင်းအကြောင်းနဲ့ ပတ်သက်လို့ ထုတ်မပြောတာ၊ အတွက်လွဲတာတွေ ရှိနေတတ်ပေမယ့် တကယ်တမ်း သေဆုံးတာနဲ့ပတ်သက်လို့တော့ မှားခဲပါတယ်။ ဘောဂဗေဒပညာရှင်တွေက အပတ်စဉ် ဒါမှမဟုတ် လစဉ် အစီရင်ခံတဲ့ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးတဲ့ စာရင်းအင်းတွေကို အနောက်ဥရောပနိုင်ငံအများစု၊ လက်တင်အမေရိကနိုင်ငံတချို့၊ အမေရိကန်၊ ရုရှား၊ တောင်အာဖရိက အပါအဝင် နိုင်ငံကြီးတချို့ကနေ ရယူစုစည်းခဲ့ပါတယ်။ မတ်လနဲ့ ဩဂုတ်လအတွင်းမှာ ဒီနိုင်ငံတွေက ကိုဗစ်ကြောင့် လူ ၅၈၀၀၀၀ သေဆုံးတယ်လို့ သိရပြီး ခါတိုင်းထက် ပိုတဲ့သေဆုံးသူက ၉၀၀၀၀၀ ရှိနေတာတွေ့ရတယ်။

**အမြဲတမ်းလော့ဒ်ဒေါင်းချထားလို့ မရပါ**

တရားဝင်ထုတ်ပြန်တာထက် ၅၅ ရာခိုင်နှုန်းပိုပြီး ကပ်ရောဂါကြောင့် သေဆုံးသလို ဖြစ်နေတယ်။ဒီ စိစစ်ချက်အရဆိုရင် အမေရိကန်ဟာ သေဆုံးတဲ့စာရင်းကို ၃၀ ရာခိုင်နှုန်းနဲ့အထက် လျှော့တွက်ထားသလိုဖြစ်နေတယ်။ အမေရိကန် ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာနကလည်း အဲဒီလိုပဲ ခန့်မှန်းတယ်။ ဆိုလိုတာက အမှန်တကယ် သေဆုံးတာဟာ နှစ်သိန်းမကဘဲ သုံးသိန်းနီးနီးဖြစ်မယ်။ နှစ်စဉ်သေဆုံးတဲ့ အမေရိကန် ၂ ဒသမ ၈ သန်းရဲ့ ၁၀ ရာခိုင်နှုန်း၊ ကင်ဆာဒဏ်ခံရသူရဲ့ တစ်ဝက်လောက် ရှိမယ်။ ၂၀၂၀ ပြည့်နှစ်က မကုန်သေးဘူး၊ ကျန်သေးတယ်။ စာရင်းကောင်း ကောင်းမရှိတဲ့ နိုင်ငံတွေက စာရင်းမပေါက်တဲ့ ခါတိုင်းထက်ပိုပြီး သေဆုံးတာကို တွက်ဖို့ ခက်တော့ ကပ်ရောဂါကြောင့် အမှန်တကယ် သေဆုံးတာဟာ လူဦးရေ နှစ်သန်းလောက်အထိ ရှိနေနိုင်တယ်။ နောက်ထပ်တိုးတာ နှေးသွားအောင် ဘာလုပ်နိုင်ကြမလဲ ကိုဗစ်ကို ပထမဆုံး လက်တုံ့ပြန်တာက လော့ဒ်ဒေါင်းတွေ အများကြီး လုပ်ပစ်လိုက်တာပါ။ ဧပြီလ ၁၀ ရက်နေ့ဆို အနည်းဆုံး လူ ၃ ဒသမ ၅ဘီလီယံ အိမ်မှာပဲ နေကြဖို့ နိုင်ငံအစိုးရတွေ၊ ဒေသန္တရ အစိုးရတွေက အမိန့်ပေးခဲ့ကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ် မနိုင်မနင်း မဖြစ်မီ ရောဂါပိုးမပျံ့နှံ့ဖို့ ရည်ရွယ်ပြီး လုပ်တာပါ။ တော်တော်လေးလည်း အောင်မြင်မှုရခဲ့ပါတယ်။ ဒါပေမဲ့ ဒါဟာ အဖြေမဟုတ်သေးပါဘူး။ သူတို့ကြောင့် ရောဂါပိုးပျံ့နှံ့တာကို နှေးသွားစေခဲ့ပေမယ့် အမြဲတမ်းလော့ဒ်ဒေါင်းချထားလို့ မရပါဘူး။

အသွားအလာ၊ အဝင်အထွက် ပိတ်ဆို့တာတွေ၊ လူအများကြီး မစုဝေးရတာတွေနဲ့ လူအချင်းချင်း ထိတွေ့မှုကို လျှော့စေတာဟာ လက်ရှိရောဂါရထားတဲ့သူတွေက လူသစ်တွေကို ကူးစက်မှု လျော့ကျရအောင် လုပ်တဲ့နည်း သုံးခုထဲက တစ်ခုပဲ ရှိပါသေးတယ်။

ဒုတိယနည်းက တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံကြရာက ကူးစက်နိုင်တဲ့ အလားအလာကို လျှော့ချတာပါ။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ခွာခွာနေကြရမယ်၊ ကျန်းမာသန့်ရှင်းရေး အတွက် ဘယ်လိုလုပ်ရမယ်၊ နှာခေါင်းစွပ်တွေ မျက်နှာအကာတွေတပ်ပြီး ဘယ်လိုတားဆီးကြရမယ်လို့ အမိန့်ထုတ်လိုက်နာခိုင်းတဲ့ နည်းပါ။

**တတိယနည်းကတော့ ကူးစက်ခံထားရသူနဲ့ တခြားသူတွေ ထိတွေ့ဆက်ဆံတဲ့အချိန် နည်းသွားအောင်လုပ်တဲ့နည်းပါ။ ကူးစက်ခံထားရတဲ့ သူတွေကို လိုက်လံရှာဖွေပြီး သူတို့ကို သီးခြားခွဲထားတဲ့နည်းပေါ့။ ကူးစက်ခံထားရတဲ့သူတွေကတစ်ဆင့် ထပ်ပြီးကူးစက်ချိန်မရလေအောင်လုပ်ဖို့က မြန်မြန်ဆန်ဆန် သေသေချာချာစစ်ဆေး၊ ထိတွေ့သူတွေကို ဖော်ထုတ်လုပ်ဖို့ လိုပါတယ်။ ကနေဒါ၊ တရုတ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ စင်ကာပူ အပါအဝင် နိုင်ငံတချို့ဟာ မြန်မြန်အဖြေရတဲ့ စစ်ဆေးမှုတွေကို ခိုင်မာပီပြင်တဲ့ ထိတွေ့သူတွေ ခြေရာကောက်နိုင်စွမ်းလိုအပ်တဲ့ အရေးယူမှုတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းတွေနဲ့ ပေါင်းစပ်နိုင်ခဲ့ကြပါတယ်။**

တတိယနည်းကတော့ ကူးစက်ခံထားရသူနဲ့ တခြားသူတွေ ထိတွေ့ဆက်ဆံတဲ့အချိန် နည်းသွားအောင်လုပ်တဲ့နည်းပါ။ ကူးစက်ခံထားရတဲ့သူတွေကို လိုက်လံရှာဖွေပြီး သူတို့ကို သီးခြားခွဲထားတဲ့ နည်းပေါ့။ ကူးစက်ခံထားရတဲ့သူတွေကတစ်ဆင့် ထပ်ပြီးကူးစက်ချိန်မရလေအောင်လုပ်ဖို့က မြန်မြန်ဆန်ဆန် သေသေချာချာ စစ်ဆေး၊ ထိတွေ့သူတွေကို ဖော်ထုတ် လုပ်ဖို့လိုပါတယ်။ ကနေဒါ၊ တရုတ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ စင်ကာပူ အပါအဝင် နိုင်ငံတချို့ဟာ မြန်မြန်အဖြေရတဲ့ စစ်ဆေးမှုတွေကို ခိုင်မာပီပြင်တဲ့ ထိတွေ့သူတွေ ခြေရာကောက်နိုင်စွမ်း လိုအပ်တဲ့ အရေးယူမှုတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းတွေနဲ့ ပေါင်းစပ်နိုင်ခဲ့ကြပါတယ်။ ကျန်တဲ့နိုင်ငံတွေကတော့ သိပ်အဆင်မပြေပါဘူး။

အစ္စရေးက နမူနာယူစရာ ကောင်းပါတယ်။ စောစောစီးစီး အင်တိုက်အားတိုက် လော့ဒ်ဒေါင်းလုပ်လိုက်တော့ ကူးစက်သူနည်းချင်တာကိုရအောင် လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ စမ်းသပ်ခြေရာ ကောက်တဲ့စနစ် ဖြစ်မြောက်အောင် စောင့်ဆိုင်းနေရတဲ့အချိန်ကို ကောင်းကောင်း မသုံးနိုင်သလို လော့ဒ်ဒေါင်းက အထွက်ကိုလည်း သေသေချာချာစဉ်းစားမထားပါဘူး။

အသည်းအသန် ပိုးဖြန့်တဲ့သူတွေကို ဖိဖိစီးစီး ကိုင်တွယ်နိုင်ဖို့ဟာ ကူးစက်တဲ့နှုန်း ကျဆင်းအောင် လုပ်ရာမှာ အရေးပါပါတယ်။ နေရာကျဉ်းကျဉ်းလေးမှာ လူတွေအများကြီး ကျပ်ညပ်နေရင် တစ်ပြိုင်နက်တည်း လူတွေ ဒါဇင်နဲ့ ချီပြီး ကူးစက်နိုင်ပါတယ်။ မတ်လတုန်းက ဘော်စတွန် ဇီဝနည်းပညာ ကွန်ဖရင့်မှာ လူ ၁၀၀ လောက် ကူးစက်ခဲ့ပါတယ်။ သူတို့ကတစ်ဆင့် ဗိုင်းရပ်စ်ကို ထပ်ဖြန့်ကြတော့ လူနှစ်သောင်းလောက်အထိ ကူးစက်တာခံရကြောင်း တွေ့ရတယ်။

**ထိတွေ့သူ ဖော်ထုတ်တာတွေ အများကြီးလုပ်ဖို့လို**

စောစောစီးစီးကတည်းက နှိမ်နင်းနိုင်ဖို့ဆိုရင် ထိတွေ့သူ ဖော်ထုတ်တာတွေ အများကြီး လုပ်ဖို့လိုပါတယ်။ တရုတ်(တိုင်ပေ) က လူတစ်ယောက် ပိုးတွေ့ပြီဆိုရင် ထိတွေ့သူ ၁၅ယောက်ကနေ ၂၀ လောက်အထိ လိုက်ရှာတယ်။ အင်္ဂလန်က လေး၊ ငါးယောက်လောက် လိုက်ရှာတယ်။ ပြင်သစ်နဲ့ စပိန်ကျတော့ သုံးယောက်တည်း။ လူတွေက စစချင်း လိုလိုချင်ချင် အစစ်ခံချင်တဲ့စိတ် ရှိဖို့လည်း လိုပါသေးတယ်။ အင်္ဂလန်မှာ ကူးစက်တဲ့ လက္ခဏာပြတဲ့သူ ၁၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်း အတွင်းသာ အစိုးရကျန်းမာရေးဌာနမှာ လာပြီးအစစ်ဆေးခံကြတယ်။ ပိုးတွေ့ရင် တစ်ယောက်တည်း ကိုယ့်ဘာသာနေရမှာ ကြောက်ကြတာကိုး။ တားမြစ်တာတွေ လိုက်နာချင်သူက ခပ်ရှားရှား။ လူတချို့ပဲ လိုက်နာကြတာ။ မေလ အစောပိုင်းက အင်္ဂလန်မှာလုပ်တဲ့စစ်တမ်းအရ ကိုဗစ် လက္ခဏာပြတဲ့သူ ငါးပုံတစ်ပုံကပဲ တစ်ယောက်တည်း သီးခြားနေဖို့ လိုအပ်တဲ့ သတ်မှတ်ချက်ကို အတိအကျ လိုက်နာကြတာတွေ့ရတယ်။ အခုတော့ အစိုးရက မလိုက်နာရင် ပေါင်တစ်သောင်း ဒဏ်တပ်မယ်လို့ လုပ်နေ တယ်။ အဲသလိုဆို ပိုပြီးတောင် အစစ်ခံချင်ကြမှာ မဟုတ်ပါဘူး။

ဥရောပဒေသအတော်များများမှာ လော့ဒ်ဒေါင်းစလုပ်တော့လည်း ပြဿနာက ပြေလည်မသွားလို့ ဆွီဒင်လုပ်ပုံလုပ်နည်းကို စိတ်ဝင်စားနေကြပြန်တယ်။ ဥရောပနိုင်ငံအတော်များများနဲ့ မတူတာက ဆွီဒင်မှာ ဘယ်တုန်းကမှ လော့ဒ်ဒေါင်းမလုပ်ခဲ့တာပါ။ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေတဲ့ နည်းကိုပဲ ကျင့်သုံးခဲ့ပါတယ်။ ဒါကြောင့်အိမ်နီးချင်း နော်ဒစ်နိုင်ငံတွေထက် သေဆုံးတဲ့နှုန်း မြင့်မားခဲ့ပါတယ်။ လူတစ်သိန်းမှာ ၅၈ ဦးကျော် ရှိပါတယ်။ ဒိန်းမတ်မှာ ၁၁ ဦးကျော်၊ ဖင်လန်မှာ ခြောက်ဦးကျော်နဲ့ နော်ဝေမှာ ငါးဦးနီးနီး ရှိပါတယ်။ လူအများကြီးသေပေမယ့် ဆွီဒင်မှာ စီးပွားရေးအရ ဘယ်လိုထိခိုက်သလဲဆိုတာ ပြောဖို့တော့ ခက်ပါတယ်။ ဒုတိယ သုံးလပတ်မှာ တခြားနိုင်ငံတွေလိုပဲ ဂျီဒီပီ ကျလို့ပါ။

စာမျက်နှာ ၇ သို့❖

# ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇညီနောင်ကုမ္ပဏီများ ကနဦးမတည်လှူဒါန်းသည့် အင်းယားစင်တာအား နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၀**

ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇညီနောင်ကုမ္ပဏီများက ငွေကျပ်သိန်း ၁၀၀၀၀ ကနဦးမတည်လှူဒါန်းသည့် မရမ်းကုန်းမြို့နယ်ရှိ အင်းယားစင်တာ တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပြီဖြစ်သဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

အင်းယားစင်တာ၏ တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ဆေးကုသရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ဦးစီးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းက သက်ဆိုင်ရာစာရွက်စာတမ်းများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ လွှဲပြောင်းပေးအပ်ပွဲတွင် အင်းယားစင်တာ တည်ဆောက်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀၀၀ ကနဦးမတည်လှူဒါန်းခဲ့သော ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇညီနောင်ကုမ္ပဏီများကို ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အင်းယားစင်တာတွင် လူနာခုတင် ၄၁၂ ခုတင်နှင့် Oxygen Therapy ခုတင် ၁၀၄ ခုတင် စုစုပေါင်း ၅၁၆ ခုတင် ထားရှိကုသပေးသွားရန် ဆောင်ရွက်ထားသည်။ အင်းယားစင်တာကို အင်းယားစင်တာ စီမံအုပ်ချုပ်မှုအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍လည်း မိသားစုလိုက်ကူးစက်ခံရပါက အတူတကွနေထိုင်နိုင်ရေး အပါအဝင် လူနာအခန်းများ၊ ဆရာဝန်များ၊ သူနာပြုများ၊ လူနာများနှင့် စေတနာ့ဝန်ထမ်းများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် သီးခြား Food Court များနှင့် အထူးဆေးဝါးများကိုလည်း တစ်ပါတည်း လှူဒါန်းထားသည်။

အင်းယားစင်တာသည် လူနာနှင့်ဆရာဝန် တိုက်ရိုက်ထိတွေ့မှု အနည်းဆုံးဖြစ်အောင် IT နည်းပညာများဖြင့် ပံ့ပိုးဆောင်ရွက်ထားပြီး WHO စံနှုန်းအတိုင်း နိုင်ငံတကာ အဆင့်မီ ကိုဗစ်စင်တာတစ်ခုဖြစ်သည်။ ကမ္ဘောဇဘဏ်နှင့် ညီနောင်ကုမ္ပဏီများဖြစ်သော KBZ General Insurance၊ KBZ Life၊ MAI နှင့် Air KBZ တို့သည် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ ငွေကျပ်သိန်းပေါင်း ၇၇၃၈၆ အထိ လှူဒါန်းထားပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် ယနေ့အချိန်အထိ လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး ကဏ္ဍအသီးသီးတွင် အလှူငွေ စုစုပေါင်း ဘီလီယံ ၁၇၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။ **ကိုကျော်**




❖ စာမျက်နှာ ၆ မှ

ဆွီဒင်မှာ စောစောစီးစီးလူတွေအများကြီး သေလိုက်တာ နောက်ပိုင်းကျတော့ နည်းသလိုဖြစ်သွားတယ်လို့ လက်ခံနိုင်ပါတယ်။ အကြောင်းနှစ်ခုကြောင့်ပါ။ စောစောစီးစီး သေဆုံးတဲ့သူများသွားတော့ သေမယ့်လူသိပ်မကျန်တော့ဘူး။ ပြီးတော့ အုပ်စုလိုက် ခံနိုင်ရည် မြင့်သွားစေတယ်။ ကူးစက်မှုဒဏ်ကနေ ရှင်သန်ကျန်ရစ်သူတွေများလာတော့ ရောဂါပြန့်ပွားတာ နှေးသွားတယ်။ ကူးစက်ခံရသူနဲ့ သံသယရှိသူတွေထိတွေ့တာ နည်းသွားတယ်။

### လူနာတွေကို စီမံခန့်ခွဲ စောင့်ရှောက်တာ ပိုကောင်းလာလို့က အဓိကကျ

လော့ဒ်ဒေါင်းလုပ်တာက စစ်ဆေးခြေရာကောက်တဲ့စနစ် လုပ်ချိန်ရရုံမကဘူး၊ ဆရာဝန်တွေက လူနာကို ကုသချိန်ရတယ်။ ကျန်းမာရေးစနစ် ကောင်းတဲ့နေရာတွေမှာ ကိုဗစ်ပိုး ကူးစက်ခံရရင် အခုဆို လွန်ခဲ့တဲ့ ခြောက်လကထက် အန္တရာယ်ပိုနည်းတယ်။ ကိုဗစ်-၁၉နဲ့ ဆေးရုံတက်တဲ့ လူနာ ၆၈၀၀၀ ကို သုတေသနလုပ်ကြည့်တော့ သူတို့ ရှင်သန်ကျန်ရစ်တဲ့နှုန်းဟာ မတ်လတုန်းက ၆၆ ရာခိုင်နှုန်းသာ ရှိခဲ့ပေမယ့် ဩဂုတ်လကျတော့ ၈၄ ရာခိုင်နှုန်းလောက်အထိ တက်လာတာ တွေ့ရတယ်။ ဗြိတိန်က အသည်းအသန်စောင့်ကြည့်ရတဲ့ အသက်ခြောက် ဆယ်ကျော်သူတွေမှာ ရှင်သန်ကျန်ရစ်တဲ့ နှုန်းက ၃၉ ရာခိုင်နှုန်းကနေ ၅၈ ရာခိုင်နှုန်းကို တက်လာတာ တွေ့ရတယ်။

အခုလိုတိုးတက်လာတာဟာ လူနာတွေကို စီမံခန့်ခွဲစောင့်ရှောက်တာ ပိုကောင်းလာလို့က အဓိကကျတယ်။ လူနာတွေကို စောစောစီးစီး အောက်ဆီဂျင်ပေးနိုင်ရင် အထောက်အကူ ဖြစ်တယ်။ အသက်ရှူစက်ကို ထိန်းပြီး သုံးတာ၊ အဆုတ်အပြင်မှာ သွေးကြောတွေ ပိတ်သွားနိုင်တာမျိုးလိုဖြစ်နေတဲ့ ရောဂါရဲ့အကျိုးဆက်တွေကို သတိထားမိတာတွေကလည်း အထောက်အကူ ဖြစ်ပါတယ်။

ကုသတဲ့အခါမှာ ကျယ်ကျယ်ပြန့်ပြန့် အလွယ်တကူရနိုင်တဲ့ steroids နှစ်မျိုး – dexamethasone နဲ့ hydrocortisone ဟာ ရောင်ရမ်းတာတွေကို လျော့စေပြီး အသက်ရှင်သန်ဖို့ အလားအလာကို ပိုများစေပါတယ်။ ဂျပန်တုပ်ကွေးဆေး Avigan ကလည်း နာလန်ထတာကို မြန်စေနိုင်ပါတယ်။ ရောဂါကနေ လွတ်မြောက်လာတဲ့သူတွေဆီကရတဲ့ ပဋိပစ္စည်းနဲ့ convalescent plasma၊ တခြားဗိုင်းရပ်စ်တွေကို တိုက်ခိုက်ဖို့ လုပ်ထားတဲ့ဆေး Remdesivir က နည်းနည်းပဲ အကျိုးရှိနိုင်ပါတယ်။

ဇီဝနည်းပညာ ကုမ္ပဏီတွေက အခုကိစ္စအတွက် ထုတ်လုပ်ထားတဲ့ ဇီဝပစ္စည်းတွေက ပိုပြီး အလားအလာကောင်းနိုင်တယ်လို့ တွက်ဆကြပါတယ်။ သူတို့ဆေးက အီဘိုလာကို ကုသရာမှာ ထူးထူးခြားခြား ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရပါတယ်။ အမေရိကန် အစိုးရက အလားအလာကောင်းတဲ့ ပဋိပစ္စည်းကုထုံးဆေးနှစ်မျိုး ရရှိဖို့အတွက် ဒေါ်လာ သန်း၄၅၀ ထုတ်ပေးထားပါတယ်။ လူနာခံစားနေရတဲ့ ရောဂါအဆင့်အလိုက် လူနာ ခုနစ်သောင်းကနေ သုံးသိန်းအထိ ကုသပေးနိုင်မှာ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ဖို့လည်း Regeneronနဲ့ Roche ဆေးကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ ပဋိပစ္စည်းတွေဟာ ဈေးကြီးနေကြပါဦးမယ်။ အကြောဆေးဖြစ်နေလို့လည်း သူ့ရဲ့ အသုံးဝင်မှုဟာ အကန့်အသတ် ရှိနေပါတယ်။

ဥရောပမှာ ကူးစက်တာတွေ့ရသူ အရေအတွက်က ဒုတိယလှိုင်းလို့ မြင်ကြရသလို တစ်ချိန်လုံး ထိုးတက်နေပေမယ့် သေဆုံးတဲ့သူတော့ ဒီလောက်မတက်ဘူး။ စောင့်ရှောက်ကုသတာတွေ ပိုကောင်းလာလို့လား။ တကယ့်ကို သေဆုံးမှုက သိသိသာသာ မလျှော့ပါ်ရှားပါဘူး။ ပထမလှိုင်းတုန်းက သိပ်မစစ်ဆေးနိုင်လို့ ကူးစက်တာ အတော်များများ

**ကုသတဲ့အခါမှာ ကျယ်ကျယ်ပြန့်ပြန့် အလွယ်တကူရနိုင်တဲ့ steroids နှစ်မျိုး - dexamethasone နဲ့ hydrocortisone ဟာ ရောင်ရမ်းတာတွေကို လျော့စေပြီး အသက်ရှင်သန်ဖို့ အလားအလာကို ပိုများစေပါတယ်။ ဂျပန်တုပ်ကွေးဆေး Avigan ကလည်း နာလန်ထတာကို မြန်စေနိုင်ပါတယ်။ ရောဂါကနေ လွတ်မြောက်လာတဲ့သူတွေဆီကရတဲ့ ပဋိပစ္စည်းနဲ့ convalescent plasma၊ တခြားဗိုင်းရပ်စ်တွေကို တိုက်ခိုက်ဖို့ လုပ်ထားတဲ့ဆေး Remdesivir က နည်းနည်းပဲ အကျိုးရှိနိုင်။**

ကို လွတ်သွားတာ ဖြစ်နိုင်တယ် ။ အခုကျ အများကြီး စမ်းသပ်စစ်ဆေးနိုင်လို့ ကူးစက်တာ အတော်များများ မိတယ်။ အဲဒီလိုဆိုရင် ပထမလှိုင်းက အခုထက် အများကြီး ပိုကြီးတာ တွေ့ရမယ်။ ဒါကြောင့် ခုအချိန်မှာ သေတဲ့နှုန်းကျတာ သိပ်မဆန်းပါဘူး။

### လာမယ့်ဆောင်းရာသီအတွက်တော့ စိတ်ပူစရာကောင်းတယ်

ဘာပဲဖြစ်ဖြစ် လာမယ့်ဆောင်းရာသီအတွက်တော့ စိတ်ပူစရာကောင်းတယ် ။ ပြန့်ပွားတဲ့နှုန်းက သိသိသာသာ ကျော်ရင် တိုးတက်ပြန့်ပွားတာ သိသိသာသာ အဆပေါင်းများစွာ တိုးပွားလာနိုင်တယ်။ ခြေကုန်လက်ပန်းကျတာမျိုးဖြစ်ပြီး စောစောပိုင်းက ဆင်ဆင်ခြင်ခြင်နေတာတွေ နဂိုအတိုင်း ပြန်ဖြစ်သွားနိုင်တယ်။ တခြားပြည်သူ့ကျန်းမာရေးအစီအစဉ်တွေကိုလည်း မကျေမနပ် ဖြစ်တာတွေ တိုးပွားလာနိုင်တယ်။

ကမ္ဘာတစ်ဝန်းက နိုင်ငံတွေမှာ ပြည်သူလူထုသဘောထားကောက်ခံတဲ့ အဖွဲ့တစ်ခုရဲ့ လေ့လာချက်အရ ကွာရန်တင်းဝင်နေသူတွေကို ဝိုင်းဝန်းကူညီကြတာ အာရှမှာ နည်းနည်းလျော့ကျလာပြီး အနောက်နိုင်ငံတွေမှာ ၇၈ ရာခိုင်နှုန်းကနေ ၆၃ရာခိုင်နှုန်းအထိ လျော့ကျလာတာကို တွေ့ရတယ်။ အမေရိကန်မှာတော့ ၅၅ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။

### ဆေးတွေရဲ့ ထိရောက်မှု စမ်းသပ်

အခုအခါမှာ အများအားဖြင့် လူငယ်တွေအကြား ကူးစက်နှုန်းတက်နေတာ တွေ့ရတယ်။ ဒါပေမဲ့ လူငယ်တွေချည်းမဟုတ်ပါဘူး။ ပြင်သစ်နိုင်ငံ မာဆေးလ်အပါအဝင် လေ့လာချက်တစ်ရပ်မှာ လူငယ်တွေ ကူးစက်တာ များလာရာကနေ ရက်သတ္တတစ်ပတ် အနည်းငယ်အတွင်း အသက်အရွယ်အမျိုးမျိုးမှာ တိုးလာတာကို တွေ့ရတယ်။ အဲဒီလို တိုးတာတွေအတွက် ပိုကြောက်လာကြသလို ခပ်ကြာကြာ ထပ်တလဲလဲမဖြစ်ဖို့လည်း ဆုတောင်းကြရတာပါပဲ။ ဆေးတွေရဲ့ ထိရောက်မှု စမ်းသပ်ရာမှာ အလားအလာကောင်းနေတဲ့ Pfizer ဆေးကုမ္ပဏီက ကနဦးရလဒ်အတွက် အောက်တိုဘာလမှာ အစစ်ဆေးခံဖို့ ကြိုးစားမယ်လို့ ပြောခဲ့ပေမယ့် အမေရိကန် အစားအစာနဲ့ ဆေးဝါးဌာနက စံချိန်စံညွှန်းအသစ်တွေ အရဆိုရင် အမေရိကန်မှာ ဒီလောက်မမြန်နိုင်ပါဘူး။ တခြား ဆေးကုမ္ပဏီသုံးခု AstraZeneca၊ Moderna၊ j&j ကလည်း အမီလိုက်နေကြပါတယ်။ ကုမ္ပဏီအသစ် j&j က စက်တင်ဘာလ ၂၃ ရက်နေ့ကျမှ စပြီး စမ်းသပ်နိုင်တယ်။ တခြားဆေးတွေက တစ်လကြာရင် ထပ်ထိုးရမှာဖြစ်ပေမယ့် သူတို့က တစ်ခါပဲထိုးရမယ်တဲ့။ ဒီတော့ စမ်းသပ်ရတာလည်း ပိုမြန်ပြီး နိုဝင်ဘာလလောက်မှာ ကနဦးရလဒ်တွေ ထွက်ပေါ်လာနိုင်ပါတယ်။

နောက်နှစ် ပထမ သုံးလပတ်အထိ ဘယ်ဆေးကုမ္ပဏီမှ သူတို့ပြင်ဆင်နေတဲ့ စမ်းသပ်မှုဆိုင်ရာ အချက်အလက်တွေ ထွက်ပေါ်မလာနိုင်ပါဘူး။ ဒါပေမဲ့ အရေးပေါ်အခြေအနေမှာ ကြားဖြတ်စိစစ်သုံးသပ်ချက်အပေါ် အခြေခံပြီး အနိမ့်ဆုံးစံချိန်စံညွှန်းနဲ့ ကိုက်ညီတယ်ဆိုရင် အာဏာပိုင်တွေက ခွင့်ပြုပေးနိုင်ပါတယ်။ (ဆေးထိုးထားတဲ့သူတစ်ဝက်ကို အကာအကွယ်ပေးနိုင်တယ် ဆိုရင်ပေါ့) အဲဒီလို သတ်မှတ်ချက်တွေနဲ့ ခွင့်ပြုပေးလိုက်တာဟာ တရုတ်တို့၊ ရုရှားတို့မှာ ထိရောက်မှု ရှိ မရှိ သေသေချာချာ မစမ်းသပ်ရသေးဘဲ လောလောဆယ် သုံးနေကြတဲ့ ဆေးတွေထက် ပိုပြီး စိတ်ချရပါတယ်။ သမ္မတရွေးကောက်ပွဲနီးနေတော့ အမေရိကန်တွေက စံချိန်စံညွှန်းသတ်မှတ်ချက်ကို လျှော့ချပြီး ခွင့်ပြုလိုက်မှာလည်း စိုးရသေးတယ်။ သုံးလို့ရရုံလောက်ဆေးဖြစ်နေရင် ဆေးအားကိုးနဲ့ လူတွေ ခပ်ခွာခွာလည်းနေကြတော့မှာမဟုတ်၊ ကူးစက်တာတွေလည်းများလာမယ်။ ဆေးကောင်းပေမယ့် နိုင်ငံရေးအရ အကျိုးမရှိလို့ဆိုပြီး တားထားပြန်ရင်လည်း ကျယ်ကျယ်ပြန့်ပြန့် သုံးသင့်သလောက် မသုံးနိုင်ကြပြန်ဘူး။

### ဆေးရဖို့ကတော့ ကြာဦးမှာပါ

ဘယ်လိုပဲ အတည်ပြုပြု လက်တွေ့ ဆေးရဖို့ကတော့ ကြာဦးမှာပါ။ ရေရှည်မှာ ဆေးက သန်းထောင်ချီလိုမှာ။ Covax ဆိုတဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့ ညွန့်ပေါင်းအဖွဲ့က ၂၀၂၁ ခုနှစ်အကုန်မှာ သန်းနှစ်ထောင်လောက် ဖြန့်ချင်ပါသတဲ့။ လူသန်းတစ်ထောင်ကို နှစ်ကြိမ်ထိုးဖို့ပေါ့။ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး ဆေးဝါးထုတ်လုပ်တဲ့အိန္ဒိယနိုင်ငံ Serum Institute ကတော့ အစောဆုံး ၂၀၂၄ ခုနှစ် မတိုင်မီ တစ်ကမ္ဘာလုံးအတွက် လုံလောက်အောင် မထုတ်လုပ်နိုင်ဘူးလို့ သတိပေးတယ်။

အစစအရာရာ အဆင်ပြေချောမွေ့သွားရင်တောင်မှ ရှေ့တန်းတိုက်စစ်မှူး ကျန်းမာရေးဝန်ထမ်း လူနည်းနည်းထက် ပိုပြီး ဒီနှစ်ထဲမှာ ပေးနိုင်ဖို့မလွယ်ပါဘူး။ ဒါပေမဲ့ ဆေးတွေစောစောထွက်လာလေ ကောင်းလေပေါ့။ နည်းနည်းပဲ ထိုးပေးနိုင်ပေမယ့် ခပ်စောစောလေး ထိုးပေးနိုင်ရင် နောက်ကျပြီး အကြီးအကျယ် ထိုးပေးနိုင်တာထက် ပိုကောင်းပါတယ်။ ဒါပေမဲ့ လူတွေက အနေအထိုင် မဆင်ခြင်ကြရင် ကူးစက်တာ မြန်သွားနိုင်ပါတယ်။

နောက်နှစ် ဆောင်းရာသီလောက်ရောက်ရင် ချမ်းသာတဲ့နိုင်ငံတွေမှာ ကိုဗစ်အခြေအနေ ပိုကောင်းသွားလောက်ပါပြီ။ ထိုးဆေးတွေက ဘယ်လောက်အတိုင်းအတာအထိ ဘယ်လောက်ကြာကြာ ခံနိုင်ရည်ရှိအောင် လုပ်ပေးနိုင်သလဲဆိုတာတော့ စောင့်ကြည့်ရဦးမှာပါ။ အားလုံး စင်းလုံးချော ဖြစ်မယ်လို့တော့ ဘယ်သူမှ တွက်မထားဘူး။ ဘယ်လောက် ရောဂါကင်းကြမလဲ၊ လုံခြုံမှုရကြမလဲဆိုတာ နိုင်ငံအတွင်းမှာရော၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြားမှာရော တန်းတူဖြစ်မှာတော့ မဟုတ်ဘူး။ တချို့ လူတွေ အနေနဲ့ ထိုးဆေးမထိုးကြရလို့ ကိုယ်ချစ်တဲ့သူတွေ ဆုံးပါးသွားတာကိုလည်း တွေ့မြင်ကြရမယ်။ ဒီလို ဆုံးရှုံးမှုတွေ အနည်းဆုံးဖြစ်အောင် လျော့ကျနိုင်ဖို့က ခါတိုင်းထက် ပိုကြိုးစားပြီး လူများများကို မြန်မြန်ဆေးထိုးပေးနိုင်ဖို့ လိုပါတယ်။ အခုလို လုပ်ဖို့က အဖွဲ့အစည်းတွေအတွက် ရောမ စိန်ခေါ်မှုကြီး ပါ။ ဒီနှစ် အတွေ့အကြုံအရဆိုရင် တချို့ အစိုးရတွေက တခြား အစိုးရတွေထက်ပိုကောင်းအောင် လုပ်နိုင်ပါလိမ့်မယ်။ ။

**ရည်ညွှန်း – အီကောနောမစ်**

## အင်းယားစင်တာတွင်တာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်များ၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများအတွက်

# KBZ Life Insurance နှင့် KBZ MS General Insurance တို့မှ ကျန်းမာရေးအာမခံများပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**
အင်းယားစင်တာ တည်ဆောက်မှုလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးမြောက်အောင်မြင်သွားပြီဖြစ်သဖြင့် အဆိုပါ စင်တာကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

လွှဲပြောင်းသည့် အခမ်းအနားတွင် KBZ Life Insurance နှင့် KBZ MS General Insurance တို့မှ အင်းယားစင်တာတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်များ၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၂၀၀ အတွက် ကျန်းမာရေး အာမခံများကို KBZ Life Insurance ကုမ္ပဏီ ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာ ဦးနေမျိုးအောင်က ပေးအပ်လှူဒါန်းရာ အင်းယား စင်တာလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးတင့်ဆန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ကျန်းမာရေးအာမခံများ ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ KBZ Life Insurance နှင့် KBZ MS General Insurance ကုမ္ပဏီများ၏ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က "ယနေ့ဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ကာလတစ်လျှောက်လုံးမှာ မိမိတို့ရဲ့ အသက်နဲ့ ကျန်းမာရေးကို ပဓာနမထားဘဲ မေတ္တာတရားကြီးမားတဲ့စိတ်၊ စွန့်လွှတ်စွန့်စားတဲ့ စိတ်ဓာတ်တွေနဲ့ ပြည်သူတွေကို ဆေးကုသမှုပေးနေကြတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ စေတနာ့ဝန်ထမ်းတွေကို ကျွန်တော်တို့ရဲ့ KBZ Life Insurance နှင့် KBZ MS General Insurance တို့က လေးစားဂုဏ်ပြုတဲ့အနေနဲ့ လှူဒါန်းပေးအပ်ရခြင်းဖြစ်ပါတယ်။ အခုလို ကျန်းမာရေးအာမခံ ရရှိထားမယ်ဆိုရင် လက်ရှိကာလအတွင်း ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ပေါ်လာရင် ဆေးကုသစရိတ်အပါအဝင် အခြားခံစားခွင့်တွေ အပြည့်အဝရရှိမှာ ဖြစ်ပါတယ်။ အထူး သဖြင့် ကိုဗစ်-၁၉ ရောဂါနဲ့ ကျန်းမာရေးထိခိုက်မှုရှိမယ် ဆိုရင်တော့ သတ်မှတ်ခံစားခွင့်အားလုံးရဲ့ နှစ်ဆကို ခံစား ရရှိမှာ ဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

KBZ Life Insurance နှင့် KBZ MS General Insurance တို့သည် နိုင်ငံတကာမှ ပေးအပ်ချီးမြှင့်သော အထွေထွေနှင့် အသက်အာမခံလုပ်ငန်းနှင့်ပတ်သက်သည့် အကောင်းဆုံး အာမခံဆုများစွာကို နှစ်စဉ်ရရှိထားပြီး မြန်မာနိုင်ငံအတွင်း အများပြည်သူများ လိုအပ်လျက်ရှိသော အသက်နှင့် အထွေထွေ အာမခံအကာအကွယ်များကို မြန်မာနိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်**




## အင်းစိန်မြို့နယ် ကန့်သတ်စောင့်ကြည့်စခန်းများရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အင်းစိန်ဂျီတီအိုင် ကန့်သတ်စောင့်ကြည့်စခန်း၌ ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ နာယကများဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့သည် အင်းစိန်မြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်စခန်း ငါးခုတို့၌ အင်းစိန်မြို့နယ်၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် အချိန်ပြည့် လုပ်ဆောင်နေသော မြို့နယ်ကျန်းမာရေးဦးစီးမှူး အပါအဝင် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့ ၁၃ ဖွဲ့တို့နှင့် တွေ့ဆုံ၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် Bright Hand ကုမ္ပဏီပိုင်ရှင်တို့က ကျေးဇူးတင်ဂုဏ်ပြုစကားများ ပြောကြားကြသည်။



ထို့နောက် Bright Hand ကုမ္ပဏီပိုင်ရှင်က မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ကျပ်ငါးသိန်း၊ အင်းစိန်မြို့နယ် ကန့်သတ်စောင့်ကြည့်စခန်း ငါးခုရှိ ပရဟိတလူမှုရေးအသင်းအဖွဲ့များအား တစ်ဖွဲ့လျှင် ကျပ်နှစ်သိန်းစီနှင့် ကျန် ပရဟိတလူမှုရေးအသင်းအဖွဲ့ ရှစ်ဖွဲ့အား တစ်ဖွဲ့လျှင် ကျပ်တစ်သိန်းစီ အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်ပတ်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မြဝတီ အောက်တိုဘာ ၁၀**
၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂၀ ဒသမ ၄၅၂ သန်းဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်ပတ်လမ်း (၂/၀)မိုင် ကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ မြဝတီမြို့ လေးကေ့ကော်မြို့သစ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၁၈ ပေ အကျယ် ကျောက်ရောမြေလမ်း (၃/၀)မိုင်နှင့် ၁၂ ပေအကျယ် ကျောက်ရောမြေလမ်း (၂/၀)မိုင်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ရန်ပုံငွေဖြင့် ကျောက်လမ်း (၃/၀)မိုင် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်လမ်း (၁/၄)မိုင်၊ ပေ ၂၀ ကွန်ကရစ်တံတား သုံးစင်းနှင့် ငါးပေ Box Culvert ၁၅ ခု တည်ဆောက်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ရာ ယခုအခါ အိမ်ခြေ ၇၈၆ အိမ်၊ အိမ်ထောင်စု ၇၈၆ စုနှင့် လူဦးရေ ၁၂၀၀ နေထိုင်လျက်ရှိသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



✻ **နိုင်ငံပြင်ပမှ**

ယနေ့မဲရုံအသစ်များစတင်ဖွင့်လှစ်ခဲ့သည့် ပေကျင်းမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၈၅ ဦး၊ ကင်ဘာရာမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၃၀၃ ဦး၊ အစ္စလာမာဘတ်မြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၁၉ ဦး၊ ဂျကာတာမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၄၁ ဦး၊ မနီလာမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၈၄ ဦး၊ ပါရီမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၃၆ ဦး၊ ဖနောင်ပင်မြို့ မြန်မာသံရုံးတွင်မဲဆန္ဒရှင်၁၁၀ ဦး၊ ပရီတိုးရီးယားမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၂၅ ဦး၊ ရီရတ်ဒ်မြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၁၃ ဦး၊ ဗီယင်ကျန်းမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၃၆ ဦး၊ ချင်းမိုင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် မဲဆန္ဒရှင် ၁၈၄ ဦးတို့ ကြိုတင်ဆန္ဒမဲ လာရောက်ပေးခဲ့ကြသည်။

**မဲရုံစတင်ဖွင့်လှစ်**

ဒေသဆိုင်ရာ စံတော်ချိန်များနှင့်အညီ ဘာလင်မြို့၊ အော်တာဝါမြို့၊ အော်စလိုမြို့၊ ရောမမြို့၊ ဗီယင်နာမြို့၊ ဝါရှင်တန်မြို့တို့ရှိ မြန်မာသံရုံးများ တွင်လည်းကောင်း၊ ဂျီနီဗာမြို့နှင့် နယူးယောက်မြို့တို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး များတွင်လည်းကောင်း၊ လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင်လည်းကောင်း မဲရုံများ စတင်ဖွင့်လှစ်လျက်ရှိကြောင်းနှင့် ကိုင်ရိုမြို့နှင့် လန်ဒန်မြို့တို့ရှိ မြန်မာသံရုံး မဲရုံများ၌ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးကြကြောင်း သိရသည်။

**ကြိုတင်ဆန္ဒမဲပေး**

ထို့အပြင် သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းမရှိသည့် မြန်မာနိုင်ငံသားများ အတွက် ပြင်ပမဲရုံခွဲများ ဖွင့်လှစ်ခဲ့ရာ ဩစတြေးလျနိုင်ငံ ဘရစ်စဘိန်းမြို့တွင် မဲဆန္ဒရှင် ၈၈ ဦး၊ ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တွင် မဲဆန္ဒရှင် ၃၇ ဦး၊ ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် မဲဆန္ဒရှင် ၂၃၃ ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုဒေသတွင် မဲဆန္ဒရှင် ၂၂၃ ဦး လာရောက်ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည်။

မြန်မာသံရုံးကိုးရုံး၌ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေးခဲ့ကြရာ ဗန်ကောက်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၅၀၄ ဦး၊ ကွာလာလမ်ပူမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၀၄၅ ဦး၊ မော်စကိုမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၀၈ ဦး၊ နယူးဒေလီမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် လေးဦး၊ ဆိုးလ်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၀၂၂ ဦး၊ စင်ကာပူမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၈၀၀ ကျော်ခန့်၊ တိုကျိုမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၃၉၁ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**စနစ်တကျဆန္ဒမဲပေး**

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲလာရောက်ပေးသူများအား သက်ဆိုင်ရာနိုင်ငံများ၏ ကိုဗစ်ရောဂါ ကာကွယ်တားဆီးရေး၊ ချမှတ်ထားသော စည်းကမ်းများနှင့်အညီဖြစ်စေရေး၊ မဲရုံအတွင်းသို့ မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးများမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျ ဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် မြန်မာသံရုံး ၂၇ ရုံး၊ အဖွဲ့ရုံးနှစ်ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးနှစ်ရုံးနှင့် ပြင်ပမဲရုံခွဲ လေးခုတို့တွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြသဖြင့် ယခုအချိန်အထိ မဲဆန္ဒရှင်စုစုပေါင်း ၇၃၉၁ ဦး ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အခက်အခဲရှိသည့် အိမ်ထောင်စု ၁၃၀၀ ကို အခြေခံစားသောက်ကုန်များ လှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၁၀**
နေအိမ်တွင်နေထိုင်ရေးကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စု ၁၃၀၀ ခန့်ကို အောက်တိုဘာ ၁၁ ရက်တွင် အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းမည်ဖြစ်ကြောင်း We Love လှိုင်သာယာပရဟိတအဖွဲ့မှ သိရသည်။

"အဓိက ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်ထုပ်၊ ကော်ဖီမစ်၊ ကြက်ဥ စတဲ့ အခြေခံစားကုန်တွေ လှူဒါန်းသွားမှာပါ။ တစ်အိမ်ထောင်ကို ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်တစ်ပိဿာ ကျန်တာတွေကတော့ လှူမယ့်နေ့မှ အရေအတွက် သိရမယ်။ လိုအပ်တာတွေရှိရင်လည်း ထပ်ဖြည့်သွားမှာပါ"ဟု We Love လှိုင်သာယာပရဟိတအဖွဲ့ တာဝန်ခံ ကိုတင်ဇော်ထွေးက ပြောသည်။

အဆိုပါ လှူဒါန်းမှုသည် နေအိမ်တွင်နေထိုင်ရေးကာလအတွင်း အမှန်တကယ် စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စုများကို ကူညီထောက်ပံ့လှူဒါန်းခြင်းဖြစ်ပြီး ထိုသို့လှူဒါန်းနိုင်ရန် အသင်းအနေဖြင့် ကွင်းဆင်းလေ့လာမှုများကို ကြိုတင်ဆောင်ရွက်ထားကြောင်း သိရသည်။ **အေးမင်းသူ**

# လူမှုကူညီရေးအသင်းက အခြေခံစားကုန်များထောက်ပံ့



**မန္တလေး အောက်တိုဘာ ၁၀**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆) ဂဲလောင်းချောင်းဘေးရှိ မေတ္တာပန်းခင်းလူမှုကူညီရေးအသင်းက ယနေ့ နံနက် ၉ နာရီတွင် အသင်းရုံး၌ အိမ်ထောင်စု ၁၅၀၀ အား အိမ်ထောင်စုတစ်စုလျှင် ဆန် ငါးပြည်၊ ဆီတစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာစီ လှူဒါန်းခဲ့သည်။

**ပေးအပ်လှူဒါန်း**

ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အသင်းရုံး၌ အိမ်ထောင်စု ၂၀၀ အား လှူဒါန်းခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ချက်များနှင့်အညီ လူစုလူဝေး မဖြစ်ပေါ်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ အိမ်ထောင်စု ၂၀၀ အား ဆက်လက်ပေးဝေခဲ့ကြောင်း၊ အသင်းရုံးနေရာ၌ လေးရက်ဆက်တိုက် လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၁၄ ရက်တွင် မိုးကြိုးကွက်သစ်၌ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း မေတ္တာပန်းခင်း လူမှုကူညီရေးအသင်း ခေါင်းဆောင် ဦးခင်မောင်ထွေးထံမှ သိရသည်။

**သိန်းဇော်(ကျည်ပွေ့)**

# ဒဂုံမြို့သစ်တောင်ပိုင်း(အောင်မြင့်မိုရ်အိမ်ရာ) ကိုဗစ် - ၁၉ ရောဂါ ကုသရေးဌာနအတွက် အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**
ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း (အောင်မြင့်မိုရ်အိမ်ရာ) ကိုဗစ် -၁၉ ရောဂါကုသရေးဌာနအတွက် အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများကို ယနေ့ ညနေ ၄ နာရီက ပေးအပ်လှူဒါန်းသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ဦးဆောင်၍ တက္ကသိုလ်အသီးသီးရှိ ဘူမိဗေဒဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ မျိုးဆက်သစ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူများ၊ စင်ကာပူနိုင်ငံနှင့် အခြားနိုင်ငံများမှ ဘူမိသိပ္ပံပညာရှင်များနှင့် ဘူမိသိပ္ပံလူမှုရေးအဖွဲ့အစည်း မိသားစုများ စုပေါင်းကာ ငွေကျပ်သိန်း ၁၅၀နှင့် ငွေကျပ် ၁၇၄ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများဖြစ်သော အောက်ဆီဂျင်ပေးသည့်စက်နှင့် ချွဲစုပ်စက် ၂၅ လုံး၊ အောက်ဆီဂျင်ပမာဏတိုင်းတာသည့်စက် အလုံး၂၀၊ သွေးတိုင်းစက် အလုံး၂၀၊ အပူတိုင်းစမ်းသပ်စစ်ဆေးစက် အလုံး၂၀ နှင့် အောက်ဆီဂျင်တိုင်းရာတွင်အသုံးပြုသည့်မျက်နှာအကာ အခု ၁၅၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**လက်ခံထားရှိ ကုသပေး**

အဆိုပါ ဒဂုံမြို့သစ်တောင်ပိုင်း (အောင်မြင့်မိုရ်အိမ်ရာ) ကိုဗစ် -၁၉ ရောဂါကုသရေးဌာန၌ ဆရာဝန် ၇၄ ဦး၊ သူနာပြုနှင့် အကူသူနာပြု ၁၁၈ ဦး၊ ရုံးဝန်ထမ်း ၁၀ ဦး၊ အထွေထွေလုပ်သား ၂၈ ဦးနှင့် စေတနာ့ဝန်ထမ်း ၁၅၉ ဦး ရှိပြီး ယခင်ကုသနေသည့် လူနာလက်ကျန်စာရင်းအရ အမျိုးသား ၈၂၃ ဦး၊ အမျိုးသမီး ၁၃၀၀ စုစုပေါင်း ၂၁၂၃ ဦးရှိရာ ယနေ့ လူနာသစ် ထပ်မံဝင်ရောက်မှု စာရင်းအရ အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၁၅၄ ဦး စုစုပေါင်း ၂၂၆ ဦးရှိသောကြောင့် လူနာ ၂၃၄၉ ဦးအား လက်ခံကုသပေးနေကြောင်း ဒဂုံမြို့သစ်တောင်ပိုင်း (အောင်မြင့်မိုရ် အိမ်ရာ) ကိုဗစ် -၁၉ ရောဂါကုသရေး ဌာနမှ သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**



# ဗဟန်းမြို့နယ်၌ လူထုအခြေပြုဖျားနာကု အခမဲ့ဆေးခန်း မကြာမီ ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၁၀**
ဖျားနာပါက လာရောက်ပြသနိုင်မည့် လူထုအခြေပြုဖျားနာကုအခမဲ့ဆေးခန်း (Fever Clinic)ကို ဗဟန်းမြို့နယ်၌ လာမည့်ရက်သတ္တပတ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း လူထုအခြေပြုဖျားနာလူနာကု ဆေးခန်းများကွန်ရက်(ရန်ကုန်) တာဝန်ခံ ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

အဆိုပါ ဆေးခန်းကို ဗဟန်းမြို့နယ် SSC ဆေးရုံဘေးရှိ လူထုအခြေပြုဗဟို ဌာန(ဗဟန်း)၌ အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်သည်။

**လုပ်အားပေးလိုအပ်**

လက်ရှိတွင် ဆေးခန်းဖွင့်လှစ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပြီး ဆေးခန်း၌ လုပ်အားပေးကူညီဆောင်ရွက်ရန် စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ သူနာပြုများ၊ ကူညီပေးမည့် ပရဟိတညီအစ်ကိုမောင်နှမများ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆေးခန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်လျက်ရှိသော ဖျားနာကုဆေးခန်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၂၃ ခုမြောက် လူထုအခြေပြုဖျားနာကု အခမဲ့ဆေးခန်းဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

**○ ကျောက်မဲမြို့နယ်မှ**

လာရောက်သူများကို ကျောက်မဲမြို့ရှိ အမှတ် (၁ )နှင့် အမှတ် (၄) အခြေခံပညာ မူလတန်းကျောင်းများ၌ အသွားအလာ ကန့်သတ်ထားရှိထားပြီး ကိုဗစ်– ၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးရန် အာခေါင်နှင့် နှာခေါင်းတို့ဖတ်များ ရယူလျက်ရှိကြောင်း သိရသည်။

ရွေးကောက်ပွဲတွင် ကျောက်မဲမြို့နယ်၌ တာဝန်ထမ်းဆောင်မည့် အခြားနယ်မှပညာရေးဝန်ထမ်းများအနက် ယမန်နေ့အထိ စာရင်းအရ ၂၉၉ ဦးသည် ကျောက်မဲမြို့သို့ရောက်ရှိလာပြီဖြစ်ပြီး ၎င်းတို့ အနက်မှ ရောဂါအဖြစ်များသည့် ဒေသမှလာရောက်သူ ၁၂၀ ကျော်ရှိကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# ရောဝတီမြစ်ရေ ဆိပ်သာ၊ ဟင်္သာတနှင့် ဇလွန်မြို့တို့၌ စိုးရိမ်ရေမှတ်ကျော်လွန်

**နေပြည်တော် အောက်တိုဘာ ၁၀**
ယနေ့ မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့သည့် မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး အသက် ၁၀၀ အဘွား ကျန်းမာရေးကောင်းမွန်စွာဖြင့် ဆေးရုံမှ ပြန်ဆင်း

**ရန်ကုန် အောက်တိုဘာ ၁၀**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ မြေးဖြစ်သူ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ၏ ထိတွေ့မှုရှိသူအဖြစ် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခဲ့ရသော အင်းစိန်မြို့နယ် ဖော့ကန် ရပ်ကွက် ရဲဘော် (၁)လမ်းမှ အသက် ၁၀၀ အရွယ်ရှိအဘွား ဒေါ်သိန်းခင်သည် ကျန်းမာစွာဖြင့် ဆေးရုံကပြန်ဆင်းလာနိုင်ကြောင်း သိရသည်။

အင်းစိန်(GTI) ကန့်သတ်စောင့်ကြည့်စခန်း– ၁ သို့ ကန့်သတ်စောင့်ကြည့်မှု ခံယူရန် ရောက်ရှိလာသည့် အဘွား ဒေါ်သိန်းခင်သည် တို့ဖတ်နမူနာ စစ်ဆေးပြီးနောက် စက်တင်ဘာ ၂၃ ရက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြေညာချက်တွင် ပိုးတွေ့လူနာအဖြစ် ပါဝင်ခဲ့ကြောင်း သိရသည်။

ထို့နောက် အင်းစိန်မှ ရှီးမရိပ်သာ ကုသရေးစင်တာသို့ လွှဲပြောင်းကုသမှု ခံယူစေခဲ့ရာမှ အောက်တိုဘာ ၈ ရက်တွင် ပိုးကင်းစင်သွားပြီး ကျန်းမာရေးကောင်းမွန်စွာဖြင့် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ရဲဘော် (၁)လမ်း နေအိမ်သို့ ပြန်လည်ရောက်ရှိလာနိုင်ခဲ့ပြီ ဖြစ်သည်။

အဘွား ဒေါ်သိန်းခင်သည် အသက် ၁၀၀ ဖြစ်၍ မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့သူဖြစ်ပြီး ကုသရေးစင်တာမှ ပိုးကင်းစင်သက်သာပြီး ကျန်းမာရေးကောင်းမွန်စွာဖြင့် ပြန်လည်ဆင်းလာနိုင်သည့် အသက်အကြီးဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ရာ အင်းစိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိထားပြီး ရောဂါပိုးကင်းစင်၍ ပြန်လည်သက်သာလာသူများအနက် အဘွားဒေါ်သိန်းခင်လည်း ပါဝင်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# နောင်ယားဆိုင်း-ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ်လမ်းပေါ်ရှိ ပွန်ချောင်းတံတားဖွင့်ပွဲ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ဆိုက်ခေါင် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လင်းခေးခရိုင်နယ်စပ်ရှိ တံတားဦးစီးဌာနမှ ဆောင်ရွက်သည့် ကျွန်းတောင်-ကျောက်တစ်လုံးကြီး - နောင်ယားဆိုင်း-ဆိုက်ခေါင်-ပွန်ချောင်း-မောက်မယ် လမ်းပေါ်ရှိတံတားအမှတ်(၉/၄၅)ပွန်ချောင်းတံတားဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လင်းခေးခရိုင်နယ်စပ်၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စတင်တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ်မှစ၍ ယနေ့အချိန်ထိ ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်ခဲ့ရာတွင် ကတ္တရာကွန်ကရစ် AC လမ်းမိုင်ပေါင်း ၂၀၀ ခန့်၊ ကွန်ကရစ်လမ်းမိုင် ၈၀ ခန့်၊ ကတ္တရာလမ်းသစ်ခင်းခြင်း မိုင် ၆၀၀ ကျော်၊ ၁၈ ပေ အကျယ်ကတ္တရာလမ်းချဲ့ခင်းခြင်း မိုင် ၆၀၀ ခန့်၊ တံတားနှင့် ရေထုတ်ပြွန်အစင်းပေါင်း ၄၀၀၀ ခန့်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ပွန်ချောင်းတံတားသစ်ကြီးသည် ရှမ်းပြည်နယ်အတွက် အလွန်အရေးပါသောတံတားတစ်စင်းဖြစ်ကြောင်း၊ ယနေ့တည်ဆောက်ဖွင့်လှစ်လိုက်သည့် သံကူကွန်ကရစ် တံတားသစ်ကြီး၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် ၆၀ အထိသွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုတွင် ပိုမိုလွယ်ကူလျင်မြန်လာတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လမ်းဦးစီးဌာနမှညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရဇော်က ပွန်ချောင်းတံတားသည်စုစုပေါင်းအရှည်ပေ ၁၉၀ ရှိပြီး တံတားအကျယ်မှာ ပေ ၃၀ စီနှင့် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်ပြီး စီမံကိန်းတန်ဖိုးအားဖြင့် ငွေကျပ် ၉၇၄ ဒသမ ၅၀၀ သန်းကို ပြည်နယ်ရန်ပုံငွေဖြင့်ကျခံ၍ တံတားအထူးအဖွဲ့(၁၂)မှ တာဝန်ယူတည်ဆောက်ထားခြင်းဖြစ်ကြောင်း ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကျန်းမာရေးစစ်ဆေးနေမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ပဲခူး အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၉ နာရီခွဲက တောင်ငူခရိုင်အတွင်း ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ စစ်ဆေးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့အဝင်၊ ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် ဖွင့်လှစ်ထားသော ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ စစ်ဆေးသည့်ဂိတ်နှင့် အုတ်တွင်းမြို့နယ်တွင် ဖွင့်လှစ်ထားသည့် မြို့အဝင်ဂိတ်နှင့် ဟင်းငုတ်ပင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဂိတ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။



ဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာ ခရိုင်/မြို့နယ်အလိုက် အုပ်ချုပ်ရေးမှူး၊ ရဲတပ်ဖွဲ့မှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် မော်တော်ယာဉ်ကိစ္စ နားလည်ကျွမ်းကျင်သူများ ပါဝင်သော Working Group မှ နေ့စဉ် မည်သည့်နေရာတွင် အစီးရေမည်မျှ စစ်ဆေးပေးမည်ကို ဆွေးနွေးတိုင်ပင်၍ စနစ်တကျ လုပ်ဆောင်နိုင်ရေး တိုင်းဒေသကြီး ကိုဗစ်ကော်မတီအနေဖြင့် ဆက်လက်လမ်းညွှန်ပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် အုပ်ချုပ်/စီမံအဖွဲ့များအနေဖြင့်လည်း မိမိတို့ထံ ရောဂါပိုးကူးစက်မှုမရှိစေရေး အထူးအလေးထား၍ ဆောင်ရွက်စေလိုကြောင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးသည် နိုင်ငံတော်အတွက် အရေးပါသောလုပ်ငန်းဖြစ်သဖြင့် ပါဝင်ဆောင်ရွက်ပေးသူများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးပစ္စည်းများအား စစ်ဆေးရေးဂိတ်များနှင့် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်ဆေးရုံများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# လဟယ်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**လဟယ် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားချက်တွင် မပါဝင်ဘဲအကြောင်းအမျိုးမျိုးကြောင့် ကျန်ခဲ့သည့်လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် အထူးရန်ပုံငွေဖြင့်ဖြည့်စွက်ဆောင်ရွက်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများတွင် ရွှေလောကျေးရွာမှ အိန္ဒိယနယ်စပ် ကျောက်တိုင်အမှတ်(၁၅၁)ထိ ကားလမ်းသစ်ဖောက်လုပ်ခြင်း၊ ဂမ်းညု-ယမ်းကြိမ် လမ်းပိုင်းနှင့် ယမ်းကြိမ်တွေးထွေနောက်ကျော့လမ်းပိုင်းအား လမ်းအူကြောင်းရှာဖွေခြင်း၊ လဟယ်မှ-ယမ်းကြုံးထိ(လဟယ်-လောင်ကျန်းနောက်ကုန်း-တိုက်ရုံ-လကျန်း-လန်ထိန်-တွေးထွေနောက်ကျော့-လောင်ဂီး-ယမ်းကြုံး-ဂမ်းညု)လမ်းပိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကွင်းဆင်းဆောင်ရွက်ရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခေတ္တနာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး(လဟယ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးလတ်ဆက်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

# တုံတာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးနှိုးဆော်

**တုံတာ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် တုံတာမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းကို တုံတာမြို့ပေါ်ရပ်ကွက်များတွင် ယမန်နေ့ ညနေ ၄ နာရီခွဲခန့်က ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တုံတာမြို့ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်နန်းလှအေးဦးဆောင်၍ တုံတာမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ တုံတာမြို့နေပြည်သူများအနေဖြင့် မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာခြင်းမပြုကြရန်၊ အကြောင်းတစ်စုံတစ်ရာကြောင့် နေအိမ်ပြင်ပသို့သွားလာပါက တစ်ဦးထက်ပိုမသွားရန်၊ နှာခေါင်းစည်းများ ဝတ်ဆင်သွားလာကြရန်၊ လက်များကိုဆပ်ပြာဖြင့် စနစ်တကျဆေးကြောကြရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် ပြောဆိုနေထိုင်ကြရန်နှင့် တိုင်းဒေသကြီး/ပြည်နယ် အစရှိသည့် အခြားသောနေရာများမှ မိမိတို့ရပ်ကွက်အတွင်းသို့ ပြန်လည်ရောက်ရှိလာသူများရှိပါက နီးစပ်ရာ ကျန်းမာရေးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ သတင်းပေးပို့သွားကြရန် စသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာကြရန်၊ လိုက်နာမှုမရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပညာပေးနှိုးဆော်ခဲ့သည်။

**လှိုင်လှိုင်ငြိမ်း**
**(ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး

**ကျိုင်းတုံ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများကို ယမန်နေ့ နံနက်ပိုင်းက ကျိုင်းတုံမြို့မဈေးနှင့် ညနေပိုင်းတွင် အာခါဈေး(ခေါ်) ညနေဈေးတို့တွင် ဖြန့်ဝေခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ The Fifth Pillar(ပဉ္စမမဏ္ဍိုင်) ပထမအကြိမ်မဲပေးမည့်လူငယ်များ အသိပညာပေးရေးအဖွဲ့တို့က ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဖြန့်ဝေပေးခဲ့သည်။

**စိုင်းရွှေအောင်(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ်ရှိ အသွားအလာကန့်သတ်ထားသော မိသားစုများအား စားသောက်ကုန်များလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စားဝတ်နေရေး အဆင်မပြေသည့် အိမ်ထောင်စုများအတွက် We Love Yangon မှ ပေးပို့လာသော စားသောက်ကုန်ပစ္စည်း များကို ယမန်နေ့က We Love Yangon-Lanmadawမှ အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ငါးသေတ္တာတစ်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းသည့် အခြေခံစားသောက်ကုန်များကို ပြည်သူများထံမှ ပြည်သူ့ထံသို့ မျှဝေရေး အစီအစဉ်ဖြင့် မြို့နယ်အတွင်း အပိုင်းလိုက်စိစစ်၍ စားနပ်ရိက္ခာလိုအပ်သော အသွားအလာ ကန့်သတ်ထားသည့် မိသားစုနှင့် နှမ်းပါးမိသားစုများရှိသည့် ရပ်ကွက်များသို့ အိမ်တိုင်ရာရောက် We Love Yangon-Lanmadawမှ လှူဒါန်းခဲ့ကြောင်း သိရသည်။



**မြို့နယ်**
**(ပြန်/ဆက်)**

# ပြည်သူ့မျှော်လင့်ချက် နိုင်ငံရေးခရီးဆက်

■ ကိုရင်ဩ

နိုဝင်ဘာလ ၃ ရက်နေ့ အမေရိကန်ရွေးကောက်ပွဲကြီးအတွက် ခြေလှမ်းပြင်လျက်ရှိနေချိန်အတွင်း ရီပတ်ဘလီကန်ပါတီကိုယ်စားပြု ဒုတိယသမ္မတ မိုက်ပင့်စ်နှင့် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု ကမ္မလာ ဟဲရစ္စတို့ အောက်တိုဘာ ၈ ရက်ညက ယူတားပြည်နယ် ဆော့လိတ်မြို့ရှိ ယူတားတက္ကသိုလ်တွင် နိုင်ငံရေးစကားစစ်ထိုးပွဲပြုလုပ်ကြသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ လေးစားကော်ရော် တိုင်းလုံးကျော်သည့် အကျော်ဒေးယျပုဂ္ဂိုလ်များ၏ ဟောသံပြောသံများ သောသောညံနေပုံကို တစ်ထောက်တစ်နား စောင့်စားကြည့်ရှု စေ့ငုမိလေ၏။

“ချိုးနှစ်ကောင် ထနောင်းပင်ညီနောင်က လွမ်းအောင်ကူချွဲ” တေးကဗျာကို ရေးကာဆိုရင်း “စကားစစ်ထိုးခြင်း အနုပညာ” အသို့ရှိသည်ကို ကျွန်ုပ်အဝေးမှ အကဲခတ်ကာကြည့်မိလေသော် တွေ့မြင်ရသည်မှာကား တိုင်းရေးပြည်ရွာ ပြဿနာများနှင့်ပတ်သက်၍ မဲဆန္ဒရှင်များ၏ ရှေ့မှောက်ဝယ်ဆွေးနွေးငြင်းခုံနေကြသူ နှစ်ဦးဖြစ်၏။

အမေရိကန်ပြည်ထောင်စု၏ (၄၈)ဦးမြောက် ဒုတိယသမ္မတ ပင့်စ်နှင့် ၂၀၁၇ ခုနှစ်မှစ၍ ကာလီဖိုးနီးယားပြည်နယ်၏ အထက်လွှတ်တော်(ဆီးနိတ်)အမတ် ဟဲရစ္စတို့၏ နိုင်ငံရေးစကားစစ်ထိုးပွဲတွင် သဘာပတိ(ဝါ) မော်ဒရေတာအဖြစ် ‘အမေရိကန်နေ့စဉ်’ (USA Today) သတင်းစာတိုက်၏ မြို့တော်ဝါရှင်တန်ဗျူရို အကြီးအကဲ စူဆန်ပေ့ဂျ်က တာဝန်ယူဆောင်ရွက်သည်။

အိုးနင်းခွက်နင်း ကသောင်းကနင်းဆန်သော စကားစစ်ထိုးပွဲအဖြစ် ပြောစမှတ်ပြုခဲ့ကြရသော ထရမ့်–ဘိုင်ဒင် နိုင်ငံရေးစကားစစ်ထိုးပွဲအပြီး ရက်သတ္တတစ်ပတ်အကြာတွင် ပြုလုပ်သော ပင့်စ်–ဟဲရစ္စ စကားစစ်ထိုးပွဲမှာ ယခင်စကားစစ်ထိုးပွဲနှင့် နှိုင်းယှဉ်လျှင် ပိုမို၍ ဣန္ဒြေရရ ဆွေးနွေးငြင်းခုံကြပုံကို တွေ့မြင်ကြရသော်လည်း အပေါက်အလမ်းမတည့်သော တင်းမာမှုလက္ခဏာများကိုလည်း ကြိုးကြားကြိုးကြား တွေ့မြင်ခဲ့ကြရလေသည်။

စကားဖြတ်မှု၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုနှင့် မော်ဒရေတာဗျာများခဲ့ရမှုတို့ လွှမ်းခြုံခဲ့ရသော ထရမ့်–ဘိုင်ဒင် စကားစစ်ထိုးပွဲနှင့်မတူ တစ်မူထူးကဲလှသည့် ယခုစကားစစ်ထိုးပွဲကျင်းပချိန်တွင် ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် ဆေးဝါးကုသမှုခံယူအပြီး အိမ်ဖြူတော်တွင် နာလန်ထူလာသူ သမ္မတ ထရမ့်က မဲဆွယ်စည်းရုံးရေးခရီးနှင်ရန် အားတက်သရော ရှိနေချိန်ဖြစ်၏။

သမ္မတလောင်း ဂျိုးဘိုင်ဒင်နှင့်အတူ ဒုတိယအကျော့ စကားစစ်ထိုးပွဲကို အွန်လိုင်းမှ ပြုလုပ်လိုခြင်းမရှိသူ သမ္မတ ထရမ့်မှာ ဒေါင်းတည်မောင်းတည်ရှိနေပြီး အဖိုးတန်လှသည့် မဲဆွယ်စည်းရုံးရေးကာလကို အချိန်မဖြုန်းတီးဘဲ ဆက်လက်ဖြတ်သန်းရန် တာစူလျက်ရှိသည်။

### နိုင်ငံရေးဝါဒလမ်းစဉ်

ဒုတိယသမ္မတလောင်း စကားစစ်ထိုးပွဲသည် မဲဆန္ဒရှင်များ၏ သဘောထားအမြင်ကို သိသိသာသာ ပြောင်းလဲစေဖွယ်မရှိဟု ယူဆရသော်လည်း ရွေးကောက်ပွဲ၌ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည့် ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တစ်ပါတီတို့၏ နိုင်ငံရေးဝါဒလမ်းစဉ်ကို မဲဆန္ဒရှင်များ အကျေအလည် သိရှိနိုင်ကြစေရန် ထုတ်ဖော်ပြသပွဲအဖြစ် မှတ်ယူနိုင်ပေလိမ့်မည်။

ကိုရိုနာကပ်ရောဂါ မွှေနှောက်နေဆဲကာလတွင် ကျင်းပရသော စကားစစ်ထိုးပွဲမှာ ကျန်းမာရေးအရ ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များကို အလေးပေးလျက် ပြုလုပ်ခြင်းဖြစ်ပြီး စကားစစ်ထိုးသူနှစ်ဦးကို အနီးကပ်စောင့်ကြည့်သော ရွှေပွဲလာပရိသတ်များကလည်း နှာခေါင်းစည်းကိုယ်စီကိုယ်င တပ်ဆင်ကြကာ နားထောင်လျက်သားရှိနေကြ၏။ အလင်းပေါက် ပလတ်စတစ်အမာအကာအရံ(Plexiglass)ကို တံတိုင်းသဖွယ်ခြားလျက် တစ်ဦးနှင့်တစ်ဦး ၁၂ ပေခြားကာ ရှိနေကြသော ပင့်စ်နှင့် ဟဲရစ္စတို့၏ စကားစစ်ထိုးပွဲကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ပေးခဲ့၏။

ကမ္ဘာ့ကပ်ရောဂါအပေါ် သမ္မတထရမ့်၏ အစိုးရအဖွဲ့က ကိုင်တွယ်ဆောင်ရွက်ပုံမှသည် တရားရုံးချုပ်တရားသူကြီးခန့်အပ်ရေးကိစ္စရပ်အထိ၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်မှသည် ရာသီဥတုစက်ဝန်း လည်ပတ်ပုံပြောင်းလဲလာသည့်ကိစ္စရပ်အထိ တစ်နံတစ်လျား နိုင်ငံရေးပြဿနာများနှင့်ပတ်သက်၍ အပြန်အလှန်



ဒီမိုကရက်တစ်ပါတီကိုယ်စားပြု ကမ္မလာဟဲရစ္စ (ဝဲ)နှင့် ရီပတ်ဘလီကန်ပါတီကိုယ်စားပြု ဒုတိယသမ္မတ မိုက်ပင့်စ်(ယာ)တို့ အောက်တိုဘာ ၈ ရက်က ဆော့လိတ်မြို့တွင် ဒုတိယသမ္မတလောင်းစကားစစ်ထိုးပွဲ ပြုလုပ်စဉ်။

ဆွေးနွေးငြင်းခုံကြရင်း နိုင်ငံရေးပင်လယ်အတွင်း လက်ပစ်ကူးခဲ့ကြ၏။

အောက်တိုဘာလ ၈ ရက်နေ့ ည စကားစစ်ထိုးပွဲအပြီး ဗြိတိန်အခြေစိုက် ဘီဘီစီသတင်းဌာနကြီး၏ သတင်းအချက်အလက်မှန်၊ မမှန် စိစစ်သုံးသပ်ရေးအဖွဲ့က ပင့်စ်နှင့် ဟဲရစ္စတို့၏အဟောအပြောများတွင် ပါဝင်သောအချက်အလက်များ ခိုင်လုံမှု ရှိ၊ မရှိ သုံးသပ်လေ့လာချက်ပေါ်ထွက်လာရာ နိုင်ငံရေးနှင့် ဒုံးဝေးလှသော လူပြိန်းများအတွက် အမှားနှင့်အမှန်ကို ကိုယ်တိုင်ကိုယ်ကျ ပိုင်းခြားချိန်ဆရန် အထောက်အပံ့ပေးနိုင်ပုံကို ကျွန်ုပ်စေ့ငုမိ၏။

ကမ္ဘာ့သတင်းဌာနများက နိုင်ငံတကာရွေးကောက်ပွဲများနှင့်ပတ်သက်၍ တာဝန်ကျေပွန်စွာ တင်ဆက်လျက်ရှိကြရာတွင် ဘီဘီစီသတင်းဌာနကြီး၏ “အချက်အလက်မှန်ဖော်ထုတ်ရေးအဖွဲ့” (Fact Check Team) ၏ တွေ့ရှိချက်များ အသို့ရှိသည်ကို ကျွန်ုပ်တီးခေါက်ကြည့်ရာဝယ် ဦးစွာ ပင့်စ်၏ ပြောကြားချက်နှင့်ပတ်သက်၍ သုံးသပ်ထားပုံဖြစ်၏။

“တရုတ်နိုင်ငံမှ ခရီးနှင်လာမှုတွေအားလုံး အမေရိကန်ပြည်ထောင်စုအတွင်းသို့ မဝင်နိုင်အောင် သမ္မတ ထရမ့်ရဲ့ အစိုးရအဖွဲ့က လုပ်ဆောင်ခဲ့တယ်” ဟူသော ပင့်စ်၏ အဟောအပြောသည် လုံးဝမှန်ကန်မှုမရှိဟု အဆိုပါအဖွဲ့က သုံးသပ်သည်။

ထရမ့်အစိုးရအဖွဲ့သည် တရုတ်နိုင်ငံမှ လာရောက်သူများအားလုံး ပြည်ဝင်ခွင့်မရှိစေရန် တားမြစ်ပိတ်ပင်ပေးခဲ့ခြင်းဖြင့် သိန်းပေါင်းများစွာသော အမေရိကန်ပြည်သူတို့အား ကိုရိုနာဗိုင်းရပ်စ် ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည်ဟုဆိုသော်လည်း ပကတိအားဖြင့်မူ ပုဂ္ဂိုလ်အချို့ကို ခြွင်းချက်ပြု၍ လက်သင့်ခံခဲ့သည်ဆို၏။

### သွေးနီးဆွေမျိုး ခြွင်းချက်

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော သမ္မတ ထရမ့်၏ အမိန့်အရ ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့သည်ဟုဆိုသော်လည်း အမေရိကန်နိုင်ငံသားများ၊ တရားဝင်အခြေစိုက်နေထိုင်ခွင့်ရရှိထားသူများ၊ ၎င်းတို့၏ သွေးနီးဆွေမျိုးသားချင်းများကို ခြွင်းချက်ပြု၍ ပြည်ဝင်ခွင့်ပေးခဲ့သည်ဟု အချက်အလက်မှန်ဖော်ထုတ်ရေးအဖွဲ့က ဆိုသည်။

နယူးယောက်တိုင်းမ်သတင်းစာ၏ ဆန်းစစ်လေ့လာချက်အရ သမ္မတ ထရမ့်၏ တားမြစ်ချက်ပေါ်ထွက်လာအပြီး နှစ်လတာကာလအတွင်း လူပေါင်း ၄၀၀၀၀ ခန့်သည် အမေရိကန်ပြည်ထောင်စုသို့ တရုတ်နိုင်ငံမှ ဝင်ရောက်လာခဲ့ကြောင်း၊ လေယာဉ်ခရီးစဉ် မှတ်တမ်းအထောက်အထားများအရ ယင်းသို့ သိရှိရခြင်းဖြစ်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးသည် ဓမ္မတာအရဖြစ်ပေါ်လာသည် မဟုတ်မူ၍ ‘လုပ်ဇာတ်’ အရ ဖြစ်ပေါ်လာသည်ဟု သမ္မတ ထရမ့်က ပြောဆိုခဲ့ကြောင်း အထက်လွှတ်တော်အမတ် ဟဲရစ္စက ဝေဖန်ခဲ့ပြီး သမ္မတ ထရမ့်သည် ကပ်ရောဂါဘေးဆိုးအပေါ် အလေးအနက်ထားကိုင်တွယ်ခဲ့ခြင်းမရှိပါဟု သူက စကားစစ်ထိုးပွဲတွင် စွပ်စွဲခဲ့သည်။

သတင်းအချက်အလက်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်မှာ သမ္မတ ထရမ့်သည် ကိုရိုနာဗိုင်းရပ်စ်ပိုးကို ‘လုပ်ဇာတ်’ ဟူ၍ တိုက်ရိုက်ပြောကြားခဲ့ခြင်းမရှိဟု ဆိုသည်။ သဘာဝအရ ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ‘လှုံ့ဆော်ပယောဂ’ ကြောင့် ဖြစ်ပေါ်လာခဲ့သည့် ကူးစက်ရောဂါပိုးအဖြစ် သမ္မတ ထရမ့်က မည်သည့်အခါတွင်မျှ တိုက်ရိုက်ညွှန်းဆိုခဲ့ခြင်းမရှိပါဟု အဆိုပါအဖွဲ့က စိစစ်တွေ့ရှိရသည်။

ကိုရိုနာပိုးကိစ္စနှင့်ပတ်သက်၍ ဒီမိုကရက်တို့က မိမိအား နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်နေသည်ဟု သမ္မတ ထရမ့်က ဖေဖော်ဝါရီလအတွင်း စွပ်စွဲပြောကြားခဲ့သည်။

> **ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် လူပေါင်း ၂၂ သန်း အလုပ်အကိုင်နေရာများ ဆုံးရှုံးရသည့် အခြေအနေကို မိမိတို့ ရင်ဆိုင်ခဲ့ရသော်လည်း နောက်ပိုင်းတွင် အလုပ်အကိုင်နေရာပေါင်း ၁၁ ဒသမ ၆ သန်းအထိ မိမိတို့ ပြန်လည်ဖန်တီးပေးနိုင်ခဲ့သည်ဟု ပင့်စ်က စကားစစ်ထိုးပွဲတွင် ပြောကြားခဲ့**

ကိုရိုနာဗိုင်းရပ်စ်ပိုးအပေါ် ကိုင်တွယ်ဆောင်ရွက်ပုံနှင့်ပတ်သက်၍ ဒီမိုကရက်တို့ ‘လုပ်ဇာတ်’ ခင်းနေသည်ဟူ၍ သာလျှင် သမ္မတ ထရမ့်ပြောဆိုခဲ့သည်ဟု အဆိုပါအဖွဲ့က လေ့လာတွေ့ရှိရသည်။

### ပြန်လည်ဖန်တီးပေးခဲ့

ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် လူပေါင်း ၂၂ သန်းအလုပ်အကိုင်နေရာများ ဆုံးရှုံးရသည့် အခြေအနေကို မိမိတို့ရင်ဆိုင်ခဲ့ရသော်လည်း နောက်ပိုင်းတွင် အလုပ်အကိုင်နေရာပေါင်း ၁၁ ဒသမ ၆သန်းအထိ မိမိတို့ ပြန်လည်ဖန်တီးပေးနိုင်ခဲ့သည်ဟု ပင့်စ်က စကားစစ်ထိုးပွဲတွင် ပြောကြားခဲ့သည်။

ပင့်စ်၏ ပြောကြားချက်မှာ ယေဘုယျအားဖြင့် မှန်ကန်သည်ဟု အချက်အလက်မှန် ဖော်ထုတ်ရေးအဖွဲ့က ထောက်ခံချက်ပေးသည်။

အမေရိကန် အလုပ်သမားရေးရာ စာရင်းအင်းရုံး၏ မှတ်တမ်းအရ ယခုနှစ် မတ်လမှ ဧပြီလအထိ အမေရိကန်နိုင်ငံသား ၂၂ ဒသမ ၇ သန်း အလုပ်အကိုင်ဆုံးရှုံးခဲ့ရသည်ဟု သိရှိရသည်။

ထိုအချိန်မှစ၍ အလုပ်အကိုင်နေရာ ၁၁ ဒသမ ၄ သန်းခန့်ကို ပြန်လည်ဖန်တီးပေးနိုင်ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စု၏ အလုပ်လက်မဲ့နှုန်းမှာ ယခုထက်တိုင်အောင်ပင် ကပ်ရောက်ဂါဆိုက်ရောက်ခြင်း မရှိမီကာလ အခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိပေ။

အမေရိကန်ပြည်ထောင်စု၏ အလုပ်လက်မဲ့နှုန်းသည် ယခုအခါ ၇ ဒသမ ၉ ရာခိုင်နှုန်းတွင် ရှိနေသည်။ ယခုနှစ်ဖေဖော်ဝါရီလ အခြေပြစာရင်းအရမူ ၃ ဒသမ ၅ ရာခိုင်နှုန်းတွင် ရှိခဲ့သည်။

ပြီးဆုံးခဲ့သောလပေါင်း အတန်ကြာကာလအတွင်း လူပေါင်းသန်း ၃၀ ကျော်သည် အလုပ်လက်မဲ့များအတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိရန် လျှောက်ထားခဲ့ကြသည်ဟု ဟဲရစ္စက ပြောကြားခဲ့ပြီး ယင်းမှာ ဖေဖော်ဝါရီလနောက်ပိုင်း အမှန်တကယ်ရှိနေခဲ့သော ကိန်းဂဏန်းအမှန်ဖြစ်သည်ဟု လေ့လာတွေ့ရှိရသည်။

ဖေဖော်ဝါရီလတွင် ကူးစက်ရောဂါစတင်ဖြစ်ပွားခဲ့ပြီးနောက် လူပေါင်း သန်း ၃၀ က အလုပ်လက်မဲ့ လူမှုဖူလုံရေး အကျိုးခံစားခွင့် လျှောက်ထားခဲ့ကြပြီး ယခုအခါ ယင်းသို့ လျှောက်ထားသူဦးရေ ၁၂ သန်းခန့်တွင် တန့်နေသည်ဟု အလုပ်သမားရေးရာ စာရင်းအင်းအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

သမ္မတထရမ့်နှင့်မိမိတို့သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တိုးတက်စေမည့် အစီအစဉ်တစ်ရပ်ကို ပြင်ဆင်ထားခဲ့ကြပြီး အမေရိကန်နိုင်ငံသားတိုင်း ကပ်ဘေးမဆိုက်မီ အခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် ကြိုးပမ်းခဲ့ကြကြောင်း ပင့်စ်၏ပြောကြားချက်နှင့် ပတ်သက်၍ သတင်းအချက်အလက်စိစစ်ရေးအဖွဲ့က ဆန်းစစ်ကြည့်ရာတွင် သူတို့၏ အစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မတွေ့ရှိရဟု ဆိုသည်။

စကားစစ်ထိုးပွဲတွင် နှစ်ဖက်အရှိန်မြင့်၍ တိုက်ခိုက်ပြောဆိုခဲ့ကြရသော အကြောင်းရပ်မှာ လူမျိုးခွဲခြားမှုပြဿနာနှင့် လူမည်းများပါဝင်ပတ်သက်နေသော ရာဇဝတ်မှုခင်းများတွင် ရဲတပ်ဖွဲ့ဝင်များ၏ ကိုင်တွယ်ဆောင်ရွက်ပုံနှင့် ဆက်နွှယ်နေသော အကြောင်းရပ်ဖြစ်သည်။

### ပြင်းပြင်းထန်ထန် ဝေဖန်

လူမည်းတို့၏ ဆန္ဒပြပွဲများအတွင်း အကြမ်းဖက်မှုများ ပေါ်ပေါက်ပါက ရဲတပ်ဖွဲ့က အင်အားအလုံးအရင်း အသုံးပြုသည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြရာတွင် ဟဲရစ္စက နှုတ်သီးကောင်းလျှာပါး ပြင်းပြင်းထန်ထန် ဝေဖန်နိုင်ခဲ့သည်။ ဆန်ဖရန်စစ္စကို အစိုးရရှေ့နေ၊ ကာလီဖိုးနီးယားပြည်နယ် ရှေ့နေချုပ်ရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဟဲရစ္စမှာ တရားဥပဒေစိုးမိုးရေး အရေးကြီးပုံကို ချက်နှင့်လက်နှင့် ထိထိမိမိ ပြောဆိုနိုင်ခဲ့သည်။

ရာသီဥတုပြောင်းလဲမှုနှင့် စီးပွားရေးဘဝ သာတူညီမျှမှု မရှိသည့်ပြဿနာကို အလေးပေးကိုင်တွယ်ရန် ရည်ရွယ်သော “အစိမ်းရောင် သဘောတူညီချက်သစ်” (Green New Deal) ဥပဒေမူကြမ်း အဆိုပြုချက်ကို တင်သွင်းခဲ့သူ ဟဲရစ္စကို ပင့်စ်က တုံ့ပြန်ပြောဆိုရာတွင် အမေရိကန်၏ စွမ်းအင်အရင်းအမြစ်များကို ဖျက်ဆီးပစ်မည့် အဆိုပြုအချက်အဖြစ် ပင့်စ်က သတိပေးခဲ့သည်။

ပင့်စ်နှင့် ဟဲရစ္စတို့၏ စကားစစ်ထိုးပွဲများ မိနစ် ၉၀ ကြာမြင့်ခဲ့ပြီး နှစ်ဦးစလုံးအနေဖြင့် ထိထိမိမိ ပြောဆိုနိုင်မှုများရှိသလို အားနည်းချက်အချို့လည်း ရှိခဲ့သည်ဟု သုံးသပ်ရသည်။

ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကန်ပါတီတို့၏ အနာဂတ်ဘဝကို ဖော်ကျူးနေသော စကားစစ်ထိုးပွဲသည် ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ်သယ်ပိုးပေးမည့်အစိုးရအဖွဲ့ ပေါ်ထွန်းလာစေရေးအတွက် မဲဆန္ဒရှင်ပြည်သူများက ဆက်လက်စောင့်စားကြည့်ရှုကြရပေလိမ့်မည်။


ထိုစဉ်အတွင်း သမ္မတလောင်းများ၏ ဒုတိယအကျော့ စကားစစ်ထိုးပွဲ ပျက်သွားရပြီဖြစ်ကြောင်း သမ္မတလောင်းများ စကားစစ်ထိုးပွဲ ကျင်းပရေးကော်မရှင်က အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

သမ္မတထရမ့်သည် ကိုဗစ်–၁၉ ကူးစက်ရောဂါအတွက် ဆေးဝါးကုသမှုခံယူခဲ့ရသဖြင့် ဖလော်ရီဒါပြည်နယ် မိုင်ယာမီမြို့၌ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပရန် စီစဉ်ထားသော စကားစစ်ထိုးပွဲကို အွန်လိုင်းအသုံးပြု၍ ကျင်းပရန် ကော်မရှင်က ဆုံးဖြတ်ခဲ့သော်လည်း သမ္မတ ထရမ့်က အွန်လိုင်းစကားစစ်ထိုးပွဲတွင် သူပါဝင်မည်မဟုတ်ဟု ချက်ချင်းတုံ့ပြန်ပြောဆိုခဲ့သည်။ လတ်တလောတွင်မူ ကျင်းပပြုလုပ်ခဲ့ပြီးသော စကားစစ်ထိုးပွဲပေါ်မှနေ၍ ပြတ်ပြတ်သားသားရလဒ်များ ထွက်ပေါ်လာခြင်း မရှိသေးချေ။

သမ္မတလောင်း တတိယအကျော့ စကားစစ်ထိုးပွဲကို တင်နက်ဆီပြည်နယ် နက်ရှ်ဗီးလ်မြို့၌ ကျင်းပရန် စီစဉ်ထားပြီး ပြိုင်ဘက်ပါတီကြီး နှစ်ပါတီအကြား ယှဉ်ပြိုင်မှုများ ဆက်လက်မြင့်တက်နေမည့်အရေးကို ကျွန်ုပ်အလေးပေးတွေးတောမိရင်း “ပြည်သူ့မျှော်လင့်ချက် နိုင်ငံရေးခရီးဆက်” ဟု ကျူးရင့်မိပါသတည်း။ ။

ကိုးကား – Daily News

# ထရမ့်နှင့် ဘိုင်ဒင်တို့၏ ဒုတိယအကြိမ်စကားစစ်ထိုးပွဲကို သမ္မတရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲကော်မရှင် ဖျက်သိမ်း



အမေရိကန်သမ္မတ ထရမ့်(ဝဲ)နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင်(ယာ)တို့ စက်တင်ဘာ ၂၉ ရက်က အိုဟိုင်းအိုးတွင် ပထမအကြိမ် စကားစစ်ထိုးကြစဉ်။

**ဝါရှင်တန် အောက်တိုဘာ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အွန်လိုင်းမှတစ်ဆင့် ပြုလုပ်မည့် စကားစစ်ထိုးပွဲကို တက်ရောက်ရန်ငြင်းပယ်ခဲ့ပြီးနောက် သမ္မတထရမ့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်တို့၏ ဒုတိယအကြိမ်စကားစစ်ထိုးပွဲကို သမ္မတရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲကော်မရှင်က ဖျက်သိမ်းခဲ့ကြောင်း စကားစစ်ထိုးပွဲစီစဉ်သူများက ယမန်နေ့က ပြောကြားခဲ့သည်။

ထရမ့်နှင့် ဘိုင်ဒင်တို့၏ ဒုတိယအကြိမ် စကားစစ်ထိုးပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပတော့မည်မဟုတ်ကြောင်း သေချာသွားခဲ့ခြင်းကြောင့် သမ္မတရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲကော်မရှင်အနေဖြင့် အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပရန်စီစဉ်ထားသည့် နောက်ဆုံးအကြိမ် စကားစစ်ထိုးပွဲအတွက် ပြင်ဆင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်းလည်း အဆိုပါကော်မရှင်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် သမ္မတရွေးကောက်ပွဲဆိုင်ရာ စကားစစ်ထိုးပွဲကော်မရှင်သည် ၎င်းတို့၏ ကျန်းမာရေးအကြံပေးများ၏ထောက်ခံမှုနှင့်အတူ မိုင်ယာမီတွင် ပြုလုပ်ရန်စီစဉ်ထားသည့် ဒုတိယအကြိမ်စကားစစ်ထိုးပွဲကို အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၈ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သမ္မတထရမ့်က အဆိုပါကော်မရှင်၏ အစီအစဉ်ကို ချက်ချင်းဆိုသလိုငြင်းပယ်ခဲ့ပြီး စကားစစ်ထိုးပွဲသို့ ပါဝင်တက်ရောက်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ သမ္မတထရမ့်၏ စကားစစ်ထိုးပွဲအစီအစဉ် ဖျက်သိမ်းခြင်းကို တုံ့ပြန်သည့်အနေဖြင့် ဂျိုးဘိုင်ဒင်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက လာမည့်အောက်တိုဘာ ၂၂ ရက်တွင် ပြုလုပ်မည့် စကားစစ်ထိုးပွဲအတွက် အွန်လိုင်းမှတစ်ဆင့်ပြုလုပ်မည့် ပုံစံကို သဘောတူညီရလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတထရမ့်၏ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့က စကားစစ်ထိုးပွဲကို ရက်ရွှေ့၍ ကျင်းပရန် ထုတ်ပြန်ချက်သုံးရပ် ထုတ်ပြန်ခဲ့ကာ စကားစစ်ထိုးပွဲကော်မရှင်ကို ပြစ်တင်ပြောကြားခဲ့ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပြုလုပ်မည့် ဒုတိယအကြိမ် စကားစစ်ထိုးပွဲကို အောက်တိုဘာ ၂၂ ရက်သို့လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် ပြုလုပ်မည့် တတိယအကြိမ်စကားစစ်ထိုးပွဲကို ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၃ ရက်မတိုင်မီ အောက်တိုဘာ ၂၉ ရက်သို့လည်းကောင်း ရက်ရွှေ့ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

ယင်းတိုက်တွန်းချက်ကို ဘိုင်ဒင်၏ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့က ငြင်းဆိုခဲ့ပြီးနောက် အဆိုပါစကားစစ်ထိုးပွဲအစီအစဉ်ကို သမ္မတထရမ့်က စီစဉ်ခဲ့ခြင်းမဟုတ်ကြောင်း ထရမ့်၏ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ကိတ်ဘီဒင်ဖီးလ်က တုံ့ပြန်ပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အင်န်**
**ဘာသာပြန်-အလင်းသစ်**

# မြောက်ကိုရီးယားနှင့် လေးနက်သည့်ဆက်ဆံရေးထူထောင်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင် ရည်မှန်းထား



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်(ဝဲ)နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်(ယာ)

**ပြုံယမ်း အောက်တိုဘာ ၁၀**

မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ကြား ခိုင်မြဲပြီးရေရှည်တည်တံ့သည့် ဆက်ဆံရေးတစ်ရပ်ထူထောင်ရန် ရည်မှန်းထားကြောင်း ယနေ့တွင် ကျရောက်သည့် မြောက်ကိုရီးယားပါတီထူထောင်သည့် (၇၅)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ တရုတ်သမ္မတရှီကျင့်ဖျင်က သဝဏ်လွှာပေးပို့ရာတွင် ထည့်သွင်းရေးသားထားကြောင်း မြောက်ကိုရီးယားမီဒီယာများက ထုတ်ပြန်ခဲ့သည်။

သမ္မတရှီက "ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးသည့် နှစ်နိုင်ငံကြား ရေရှည်တည်တံ့သည့် ဆက်ဆံရေးဖြစ်ထွန်းစေရေးအတွက် အောင်မြင်စွာ ကာကွယ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း" တိုက်ရိုက်ရေးသားချက်ကို ကိုးကား၍ အစိုးရသတင်းအေဂျင်စီ ကေအင်န်စီအေက ဖော်ပြခဲ့ခြင်းဖြစ်သည်။

ယနေ့ အောက်တိုဘာ ၁၀ ရက်သည် အာဏာရ မြောက်ကိုရီးယားအလုပ်သမားပါတီကို တည်ထောင်သည့် (၇၅)နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ပြီး စစ်ချီတက်သရုပ်ပြမှုများကို ပုံမှန်အတိုင်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

သမ္မတရှီက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံမှုလုပ်ငန်းစဉ်များ ပုံမှန်တိုးချဲ့လုပ်ကိုင်နေခြင်းအပေါ် အလွန်အမင်း ကျေနပ်မိကြောင်းနှင့် တိုးတက်မှုများ ဆက်လက်ဖော်ဆောင်ဦးမည်ဟု မျှော်လင့်ပါကြောင်း ဆိုသည်။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်နှင့် ဒုံးလက်နက်များ စမ်းသပ်မှုတို့ကြောင့် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုများ ပိုမိုတင်းကျပ်စွာ ချမှတ်ထားသည့်ကာလမှာပင် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း သမ္မတရှီနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ငါးကြိမ်တိုင်တွေ့ဆုံခဲ့ကြသည်။ သို့ရာတွင် မြောက်ကိုရီးယားအနေဖြင့် နိုင်ငံတကာဆက်ဆံရေး ပုံမှန်လုပ်ဆောင်နေပြီး ကင်ဂျုံအန်နှင့် တွေ့ဆုံသူများထဲတွင် အမေရိကန်သမ္မတထရမ့်လည်း ပါဝင်ခဲ့သည်။

မြောက်ကိုရီးယားက ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာမရှိသေးကြောင်း ဆိုထားသော်လည်း ရောဂါဖြစ်ပွားမှုကို တားဆီးရန် နယ်စပ်ဝင်ပေါက်ထွက်ပေါက်များအားလုံးကို ပိတ်ထားသဖြင့် ကုန်သွယ်မှု လျော့ကျသွားခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ မြောက်ကိုရီးယား၏ အဓိကကုန်သွယ်ဖက်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။

**ကိုးကား-ဘင်းဒ့ေါကွန်း၊ ဘာသာပြန်-မေလွဲ့သင်း**

## ဘရူနိုင်းနိုင်ငံ၌ ၁၆ ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသစ် မရှိ

**ဘန်ဒါဆရီဘီဂါဝမ် အောက်တိုဘာ ၁၀**

ဘရူနိုင်းနိုင်ငံ၌ စက်တင်ဘာ ၂၄ ရက်နောက်ပိုင်း ၁၆ ရက်ဆက်တိုက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသစ် မရှိခဲ့ဘဲ ယနေ့တွင်လည်း ကူးစက်မှုသစ် မရှိကြောင်း ဘရူနိုင်းနိုင်ငံက ထုတ်ပြန်ခဲ့သည်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏အဆိုအရ ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာ စုစုပေါင်း ၁၄၆ ဦးရှိပြီး အမျိုးသားကျန်းမာရေးဗဟိုဌာန၌ ကုသမှုပေးနေသည့် ဗိုင်းရပ်စ်ပိုးရှိလူနာမရှိတော့ဘဲ စုစုပေါင်း ပိုးကင်းစင်လူနာဦးရေ ၁၄၃ ဦးရှိကြောင်း သိရသည်။

ပြည်ပသို့ ခရီးသွားရောက်ခဲ့သည့် ပြည်တော်ပြန် ၃၅၀ ကို အစိုးရက ထောက်ပံ့ပေးထားသည့် စောင့်ကြည့်ရေးစင်တာများ၌ ထားရှိ၍စောင့်ကြည့်လျက်ရှိသည်။ ဘရူနိုင်းနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သုံးဦးသေဆုံးခဲ့သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၇၁၅၇၃၂၇ ဦး |
| သေဆုံးသူ | ၁၀၇၃၄၀၂ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၇၉၂၂၃၀၃ ဦး |

## ဘေရွတ်မြို့ရှိ ကုန်လှောင်ရုံတစ်ခု ပေါက်ကွဲ လေးဦး သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရ

**ဘေရွတ် အောက်တိုဘာ ၁၀**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ယမန်နေ့ညပိုင်းက ကုန်လှောင်ရုံတစ်ခု ပေါက်ကွဲခဲ့ရာ လေးဦး သေဆုံးခဲ့ပြီး ၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ဘေရွတ်မြို့ရှိ တာရစ်အယ်လ်ဒီဒီအရပ်၌ ကုန်လှောင်ရုံပေါက်ကွဲမှုကြောင့် ဓာတ်ဆီသိုလှောင်ကန်တစ်ခု မီးလောင်ပေါက်ကွဲခဲ့သည်။ အခင်းဖြစ်ပွားသည့်နေရာ၌ ဓာတ်ဆီများသိုလှောင်ထားသည့် ကုန်လှောင်ရုံပိုင်ရှင်အား ဖမ်းဆီးခဲ့သည်။ ပေါက်ကွဲမှုနှင့် မီးလောင်မှုကြောင့် နေအိမ်များအတွင်း ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့များက ကယ်တင်လျက်ရှိသည်။ ကလေးငယ်အချို့မှာ ပြင်းထန်သော မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို လက်ခံ၍ ဝန်ကြီးဌာန၏စရိတ်ဖြင့် ကုသပေးရန် ကျန်းမာရေးဝန်ကြီး ဟာမက်ဟတ်ဆန်က ဆေးရုံများသို့ တိုက်တွန်းခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားရသော အကြောင်းရင်းကို ဖော်ထုတ်နိုင်ခြင်းမရှိသေးပေ။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သိန်းခွဲနီးပါးရှိလာ

**ဆော်ပေါ်လို အောက်တိုဘာ ၁၀**

ဘရာဇီးအစိုးရက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူစုစုပေါင်း တစ်သိန်းခွဲနီးပါးရှိလာကြောင်း ကြေညာခဲ့ပြီး လာမည့်အားလပ်ရက်များအတွင်း လူစုလူဝေးပြုလုပ်ခြင်းနှင့် မလိုအပ်ဘဲခရီးသွားခြင်းတို့ကို ရှောင်ရှားရန် နိုင်ငံသားများအား အာဏာပိုင်များက တိုက်တွန်းလိုက်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၈၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် ၁၄၉၆၃၉ ဦးအထိရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့အပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၄၄၄ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅၀၅၅၈၈၈ ဦးအထိ ရှိလာခဲ့သည်။

ယင်းသို့ ကူးစက်မှုမြင့်တက်နေချိန်တွင် ဘရာဇီးနိုင်ငံ၏ လူဦးရေအများဆုံးဖြစ်သည့် ဆော်ပေါ်လိုပြည်နယ်သည် အောက်တိုဘာ ၁၀ ရက်မှစတင်ကာ ရုပ်ရှင်ရုံများ၊ ကဇာတ်ရုံများနှင့် ပြတိုက်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိမ်ဖြူတော်၌ သမ္မတထရမ့် မိန့်ခွန်းပြောကြားမည့် အခမ်းအနားသို့ ပရိသတ် ၂၀၀၀ ဖိတ်ကြား

**ဝါရှင်တန် အောက်တိုဘာ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၁ ရက်တွင် အိမ်ဖြူတော်၌ မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး အဆိုပါအခမ်းအနားသို့ တက်ရောက်ရန် ပရိသတ် ၂၀၀၀ ကို ဖိတ်ကြားထားကြောင်း အိမ်ဖြူတော်အရာရှိများက အတည်ပြုခဲ့သည်။ ယခုပွဲသည် သမ္မတ ဆေးရုံမှပြန်ဆင်းလာပြီးနောက် လူထုနှင့် ပထမဆုံး တိုက်ရိုက်တွေ့ဆုံမည့်ပွဲဖြစ်သော်လည်း ပရိသတ်များနှင့် နီးနီးကပ်ကပ်ထိတွေ့မည်မဟုတ်သလို ပွဲတက်ရောက်လာသူအားလုံး နှာခေါင်းစည်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းတို့ကို လုပ်ဆောင်ပြီးမှသာ အိမ်ဖြူတော်သို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။



အမေရိကန်သမ္မတ ထရမ့် ၂၀၂၀ ပြည့်နှစ် မေ ၁၂ ရက်က အိမ်ဖြူတော်ရှေ့ ရို့စ်ဂါးဒင်းတွင် မိန့်ခွန်းပြောကြားစဉ်။

### ရောဂါကူးစက်မှုဖြစ်ခဲ့

ပြီးခဲ့သည့် စက်တင်ဘာလနှောင်းပိုင်းက ရို့စ်ဂါးဒင်းတွင် အေမီဘားနက်ကို တရားရုံးချုပ်တရားသူကြီးအဖြစ် အမည်စာရင်းတင်သွင်းသည့် အခမ်းအနားတွင် သမ္မတထရမ့်၏ ဝန်ထမ်းမှတစ်ဆင့် သမ္မတနှင့် ဇနီးတို့အပြင် အိမ်ဖြူတော်ဝန်ထမ်း ၁၀ ဦးကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်သည်။ ယခုအခမ်းအနားအပြီးတွင် ရွေးကောက်ပွဲ မဲဆွယ်ရေးခရီးစဉ်အဖြစ် ဖလော်ရီဒါသို့ အောက်တိုဘာ ၁၂ ရက်တွင် သွားရောက်မည်ဖြစ်သည်။

သမ္မတသည် အောက်တိုဘာ ၅ ရက်တွင် ဆေးရုံမှ ပြန်ဆင်းလာကတည်းက တယ်လီဖုန်းဖြင့်သာ အင်တာဗျူးဖြေဆိုခြင်း၊ ပြောလိုသည့်အကြောင်းအရာများကို ဗီဒီယိုဖိုင် ရိုက်ကူးခြင်းနှင့် စာသားများရေးသားခြင်းတို့ကို တွစ်တာ စာမျက်နှာပေါ်တွင် လုပ်ဆောင်ခြင်းဖြင့် လူထုအား ဆက်သွယ်ခဲ့သော်လည်း လူထုနှင့် တိုက်ရိုက်ထိတွေ့မှုကို ယခု အခမ်းအနားမှပင် စတင်မည်ဖြစ်သည်။

### ကိုဗစ်-၁၉ ရောဂါကို ချေမှုန်းရန် ဆောင်ရွက်မည်

သမ္မတက သူ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို တားဆီးရန်အတွက် တစ်နိုင်ငံလုံး နှာခေါင်းစည်း ဝတ်ဆင်ရေးနှင့် အသွားအလာကန့်သတ်မှုပြုရေးတို့ကို လုပ်ဆောင်သွားမည်ဖြစ်သလို ကိုဗစ်-၁၉ ရောဂါကုသဆေးနှင့် ကာကွယ်ဆေးတို့ကိုလည်း နိုဝင်ဘာရွေးကောက်ပွဲအပြီးတွင် လူထုလက်ထဲသို့ ရောက်ရှိရေး အစွမ်းကုန်ကြိုးပမ်းမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

### ဝေဖန်ခံရ

အမေရိကန်ဗိုင်းရပ်စ်ကျွမ်းကျင်ပညာရှင် ဒေါက်တာဖူစီကမူ ယခုလို လူအများအပြားဖိတ်ကြား စုဝေးခြင်းအပေါ် ဝေဖန်ခဲ့ပြီး အိမ်ဖြူတော်မှ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားအောင် ဆောင်ရွက်နေသည်ဟု ပြစ်တင်ခဲ့သည်။ စီအင်န်ဘီသတင်းဌာန၏ မေးခွန်းကို ဖူစီက "အချက်အလက်တွေက စကားပြောနေတာပါပဲ။ ပြီးခဲ့တဲ့ စက်တင်ဘာ ပွဲတုန်းကလည်း အနည်းဆုံး လူ ၁၁ ဦး ရောဂါကူးစက်ခံခဲ့ရပါတယ်" ဟု ဖြေကြားသွားခဲ့သည်။

**ကိုးကား-စီအင်န်အင်န်၊ ဘာသာပြန်-မေလွဲ့သင်း**

---

# အဇာဘိုင်ဂျန်နှင့် အာမေးနီးယားတို့ အပစ်အခတ်ရပ်စဲရန် သဘောတူညီ

**မော်စကို အောက်တိုဘာ ၁၀**

အဇာဘိုင်ဂျန်နိုင်ငံနှင့် အာမေးနီးယားနိုင်ငံတို့သည် နာဂေါ်နို-ကာရာဘက်ခ်ဒေသတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့်စပ်လျဉ်း၍ အပစ်အခတ်ရပ်စဲရန်သဘောတူညီခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ အဇာဘိုင်ဂျန် နိုင်ငံခြားရေးဝန်ကြီး ဘေရာမော့ဗ်နှင့် အာမေးနီးယား နိုင်ငံခြားရေးဝန်ကြီး အမ်နက်ဆာကန်ယန်တို့အကြား ၁၀ နာရီကျော်ကြာ ဆွေးနွေးခဲ့ပြီးနောက် ရရှိခဲ့ခြင်းဖြစ်သည်။ ရုရှားက ကြားဝင်ညှိနှိုင်းပေးခဲ့သည့် အဆိုပါဆွေးနွေးပွဲသည် ပြီးခဲ့သည့်လက အငြင်းပွားဒေသနှင့်စပ်လျဉ်း၍ တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အဇာဘိုင်ဂျန်နိုင်ငံနှင့် အာမေးနီးယားနိုင်ငံတို့အကြား ပထမဆုံးအကြိမ် သံတမန်ရေးဆိုင်ရာဆက်ဆံမှု ဖြစ်လာခဲ့သည်။

အဇာဘိုင်ဂျန်နိုင်ငံနှင့် အာမေးနီးယားနိုင်ငံတို့သည် အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီခဲ့ကြကြောင်း ဆွေးနွေးပွဲပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရော့ဗ်က ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါသဘောတူညီချက်၏ ရည်ရွယ်ချက်မှာ အကျဉ်းသားများနှင့် ပဋိပက္ခအတွင်း သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများကို လဲလှယ်ရန်လည်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ရှင်းပြခဲ့သည်။ အပစ်အခတ်ရပ်စဲရေး၏ အသေးစိတ်အချက်အလက်များကိုမူ သီခြားစီသဘောတူညီခဲ့ကြကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။ အဇာဘိုင်ဂျန်နိုင်ငံနှင့် အာမေးနီးယားနိုင်ငံတို့အကြား တိုက်ခိုက်မှုတွင် လူပေါင်း ၄၂၀ ကျော် သေဆုံးခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



အဇာဘိုင်ဂျန် နိုင်ငံခြားရေးဝန်ကြီး ဘေရာမော့ဗ်၊ အာမေးနီးယား နိုင်ငံခြားရေးဝန်ကြီး အမ်နက်ဆာကန်ယန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရော့ဗ်။

---

# သတင်းမှားများကြောင့် အလုပ်အကိုင်ဖန်တီးရေးဥပဒေသစ်ကို ဆန့်ကျင်မှုများရှိနေခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုပြောကြား



အင်ဒိုနီးရှားသမ္မတ ဝီဒိုဒို

**ဂျကာတာ အောက်တိုဘာ ၁၀**

အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုက အသစ်ပြဋ္ဌာန်းခဲ့သည့် အလုပ်အကိုင်ဖန်တီးရေးဥပဒေကို ဆန့်ကျင်ဆန္ဒပြပွဲများပြုလုပ်နေခြင်းက သတင်းမှားများကို အခြေပြုပြီး ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း ကာကွယ်ပြောကြားခဲ့သည်။ ဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ချိန်မှစပြီး အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း နေရာအတော်များများတွင် အဆိုပါဥပဒေသစ်ကို ဆန့်ကျင်မှုများ နေ့စဉ်ရက်ဆက် ဖြစ်ပေါ်နေသည်။

သမ္မတက ဥပဒေသစ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် လူငယ်များ အလုပ်အကိုင်ရှားပါးမှုကို အဖြေရှာပေးထားသည့် ဥပဒေဖြစ်ပြီး မမှန်ကန်သည့် သတင်းအချက်အလက်များကြောင့် ယခုလိုဆန့်ကျင်မှုများ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း ဆိုသည်။

### စွပ်စွဲဝေဖန်

ဝေဖန်သူများက ဥပဒေသစ်သည် အလုပ်သမားအခွင့်အရေးနှင့် အကာအကွယ်ပေးရေးနှစ်ရပ်စလုံးကို အလေးမထားသည့် အချက်များ ပါဝင်နေကြောင်း စွပ်စွဲထားသလို ဥပဒေကြမ်းရေးဆွဲသည့် ကာလကတည်းက လူထုနှင့် လုံလောက်သည့် ဆွေးနွေးမှုမပြုခဲ့ကြောင်း ဝေဖန်ခဲ့ကြသည်။ အလုပ်သမားများ၊ ပညာတတ်များနှင့် အလုပ်သမားသမဂ္ဂတို့က ဦးစီးဦးဆောင်ပြု၍ ဆန္ဒပြပွဲများ ပြုလုပ်နေခြင်းလည်း ဖြစ်သည်။ သို့ရာတွင် သမ္မတက ဝေဖန်သူများအနေဖြင့် ဥပဒေပါ အကြောင်းခြင်းရာများထဲမှ သဘောမတူသည့် အချက်အလက်ရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် ဆောင်ရွက်ရမည်သာဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။

### ပယ်ဖျက်ရန် တင်သွင်းမည်

ယမန်နေ့ကပင် ဂျကာတာအုပ်ချုပ်ရေးမှူး ဘတ်စ်ဝီဒန်က မိမိအနေဖြင့် ဆန့်ကျင်သူများ၏သဘောထားကိုသမ္မတထံ တင်ပြပေးသွားမည်ဖြစ်ကြောင်း ဆိုခဲ့သလို အခြားအုပ်ချုပ်ရေးမှူးလေးဦးတို့ကလည်း အဆိုပါ ဥပဒေကို ပယ်ဖျက်ပေးရန်အတွက် သမ္မတထံ တင်သွင်းသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

အစိုးရက ဆန္ဒပြသူများကို မြို့တော်ဂျကာတာမြို့လယ်နှင့် သမ္မတအိမ်တော်အထိ မရောက်ရှိစေရန် ရဲတပ်ဖွဲ့အင်အားတစ်သောင်းသုံးထောင် အသုံးပြုကာ ဖြို့ခွင်းခိုင်းခဲ့သော်လည်း မတားဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်-မေလွဲ့သင်း**

---

# အိမ်အသုံးစရိတ်များသက်သာရေးအတွက် နိုင်ငံသား ၁၅၀၀၀၀ ကို ထောက်ပံ့မှုများ စင်ကာပူအစိုးရ ပေးအပ်

**စင်ကာပူ အောက်တိုဘာ ၁၀**

စင်ကာပူအစိုးရက ဒေါ်လာ ၁၅၀ တန် ကုန်စုံဝယ်ယူရေးလက်မှတ်များကို ပြည်သူများထံသို့ တိုက်ရိုက်ပေးပို့ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ယနေ့ အတည်ပြုခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အလုပ်လက်မဲ့နှုန်း မြင့်တက်နေသည့်အချိန်မှာပင် အသက် ၂၁ နှစ်အထက် အခန်းတစ်ခန်း (သို့မဟုတ်) နှစ်ခန်းသာ ပါဝင်သည့် တိုက်ခန်းကျဉ်းများထဲတွင် နေထိုင်ပြီး ပိုင်ဆိုင်မှုတစ်ခုထက်မပိုသည့် နိုင်ငံသားများကို အစိုးရက ဈေးဝယ်ယူရေးလက်မှတ်များ ပေးခဲ့ခြင်းဖြစ်သည်။

ထောက်ပံ့မှုရရှိသည့် နိုင်ငံသားအရေအတွက်မှာ တစ်သိန်းခွဲဖြစ်ပြီး အောက်တိုဘာလတွင် ပထမအကြိမ်အဖြစ် ဒေါ်လာ ၁၅၀ တန် လက်မှတ် ပေးအပ်မည်ဖြစ်ကာ ဒီဇင်ဘာလတွင် နောက်တစ်ကြိမ် ထပ်မံပေးအပ်သွားမည်ဖြစ်သည်။ တစ်ဦးလျှင် လက်မှတ်တစ်စောင်ရရှိမည်ဖြစ်ပြီး အိမ်ထောင်စုတွင် မိသားစုဝင်များသူများအနေဖြင့် ပိုမိုရရှိနိုင်မည့် အခွင့်အရေးပင်ဖြစ်သည်။ သို့ရာတွင် လက်မှတ်များကို ဒီဇင်ဘာ ၃၁ ရက်အထိသာ အသုံးပြုရန် သတ်မှတ်ထားပြီး ဝယ်ယူရမည့် ဈေးဝယ်စင်တာများကိုလည်း သတ်မှတ်ပေးထားကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**

---

# ကိုဗစ်-၁၉ တိုက်ပွဲတွင် သူနာပြုများ အလွန်အမင်းပင်ပန်းမှုနှင့် စိတ်ပိုင်းဆိုင်ရာကျဆင်းမှုများ ခံစားကြရ

**ဂျီနီဗာ အောက်တိုဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါကုသရေးတွင် ပါဝင်ဆောင်ရွက်နေရသည့် သူနာပြုများအနေဖြင့် ရှည်ကြာသည့် ကူးစက်ရောဂါတိုက်ပွဲတွင် ပတ်ဝန်းကျင်မှ ခွဲခြားဆက်ဆံမှုအပါအဝင် ကိုယ်တိုင်ရောဂါကူးစက်မှုများကြောင့် ရုပ်ပိုင်းဆိုင်ရာအလွန်အမင်းနွမ်းနယ်မှုအပြင် စိတ်ပိုင်းဆိုင်ရာ ကျဆင်းမှုများပါ ခံစားနေရကြောင်း အပြည်ပြည်ဆိုင်ရာသူနာပြုကောင်စီ(ICN)က ထုတ်ပြန်ခဲ့သည်။

ICN အကြီးအကဲဟောင်း ဝပ်ကတ်တန်က "ကျွန်တော်တို့အနေနဲ့ သူနာပြုများရဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အလေးထားမြှင့်တင်ပေးလိုပါတယ်။ အချက်အလက်တွေအရ သူနာပြုတွေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ပတ်ဝန်းကျင်က ခွဲခြားဆက်ဆံတာ၊ အကြမ်းဖက်ခံရတာတွေကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုရှိနေကြသလို ရှည်ကြာနေတဲ့ ကိုဗစ်-၁၉ ရောဂါတိုက်ပွဲကြီးကြောင့် သူတို့တွေ တအားကို ပင်ပန်းနွမ်းနယ်နေကြပါပြီ" ဟု ပြောကြားခဲ့သည်။

အခန်းငှားရမ်းနေထိုင်ရသူ သူနာပြုများကို ပိုင်ရှင်များက စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ငြင်းဆန်ခြင်း၊ ငှားရမ်းပြီးသား စာချုပ်သက်တမ်းကို ဖျက်သိမ်းခြင်းစသည့် လုပ်ရပ်များအပြင် ပတ်ဝန်းကျင်က နှုတ်အား၊ အပြုအမူအားဖြင့် ခွဲခြားခြင်းတို့ကြောင့် သူနာပြုများမှာ စိတ်ပိုင်းဆိုင်ရာ ကျဆင်းလာရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား- အေဘီစီ၊ ဘာသာပြန်-မေလွဲ့သင်း**

# ဖောင်းပြင်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



နေဝင်းထွဋ်(ခ)အိုက်ထွန်း၊ မခင်ရွှေသန်း တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ညနေပိုင်းက ဖောင်းပြင်မြို့နယ် မြောက်လွင်-ခမိုင်း ကျေးရွာသွားကားလမ်းရှိ ချောင်းကူးတံတားအနီးတွင် နေဝင်းထွဋ်(ခ)အိုက်ထွန်း မောင်းနှင်ပြီး မခင်ရွှေသန်း လိုက်ပါသည့်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၄ ကီလိုကိုလည်းကောင်း။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲစခန်းအနီး လားရှိုး-မန္တလေးသွားကားလမ်းတွင် သုသု မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ကော့သောင်းမြို့နယ်၌ ဘိန်းစာရွက်ပင်များနှင့် လက်လုပ်တူမီးသေနတ် နှစ်လက် သိမ်းဆည်းရမိ

**ကော့သောင်း အောက်တိုဘာ ၁၀**

ကော့သောင်းမြို့ မာရမ်းနယ်မြေရဲစခန်းမှ ရဲအုပ်ဇော်ဦး ဦးစီးပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၈ နာရီခွဲက ကော့သောင်းမြို့ အေးချမ်းသာကျေးရွာနေ ထွန်းလွင်၏ ဥယျာဉ်ခြံတဲအနီးတွင် ဘိန်းစာရွက်ပင် ၃၄ ပင်နှင့် လက်လုပ်တူမီးသေနတ် နှစ်လက်၊ ခဲသီး အလုံး ၂၀၊ ယမ်းဘူး နှစ်ဘူးတို့အား သိမ်းဆည်းရမိသဖြင့် ၎င်းအား မာရမ်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ လည်းကောင်း၊ လက်နက်ဥပဒေအရလည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ နေအိမ်တစ်လုံး မီးလောင်၊ တစ်ဦး သေဆုံး

**ပွင့်ဖြူ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ ယနေ့နံနက် ၅ နာရီခန့်က မီးမွှေးရာမှတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကြောင်း ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီခန့်က ပွင့်ဖြူမြို့နယ် စံပြကျေးရွာနေ ဦးလှမောင်သည် မီးဖိုချောင်အတွင်း မီးမွှေးရာမှ အနီးရှိထရံအား မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သီဟနှင့် သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ ဝိုင်းဝန်းပူးပေါင်း၍ ငြိမ်းသတ်ရာ နံနက် ၅ နာရီ ၆ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်နေစဉ် ဦးလှမောင်(စိတ်ရောဂါသည်)သည် မီးလောင်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ရဲဝင်းနိုင်(ပြန်/ဆက်)

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

# လောင်းလုံးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**လောင်းလုံး အောက်တိုဘာ ၁၀**

ထားဝယ်မြို့ မူးယစ်တပ်ဖွဲ့စု(၃၃)မှ ဒုရဲအုပ် ကျော်ဇေလင်း ဦးစီးပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက် ည ၁၁ နာရီက မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် မောင်းမကန်ဘက်မှ ကမြောကင်းတံတားဘက်သို့ ကြည်ကြည်ဌေး(ခ)မဌေးမောင်းနှင်ပြီး သက်မွန်ထွေး(ခ)အိုအို လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ အား သိမ်းဆည်းရမိသဖြင့် နေအိမ်သို့သွားရောက်ရှာဖွေရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့နှစ်ဦးအား မောင်းမကန်နယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အလားတူ ထားဝယ်မြို့ မူးယစ်တပ်ဖွဲ့စု(၃၃)မှ ဒုရဲအုပ် နိုင်လင်းစိုး ဦးစီးပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၈ နာရီခွဲက လောင်းလုံးမြို့နယ် ကမြောကင်းကျေးရွာနေ ဆန်းအောင်ဌေး၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရဝင်ရောက်ရှာဖွေရာ ဆန်းအောင်ဌေးအား မတွေ့ရှိဘဲ နေအိမ်၌ သက်ဝေဇော်ဦး(ခ)ဖိုးသာထူးပါ လေးဦးအား WY စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ဆန်းအောင်ဌေး၊ စိုးထက်အောင်၊ သက်ဝေဇော်ဦး၊ ဇော်ပြည်စုံနိုင်နှင့် အောင်မြင့်မြတ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

၎င်းတို့အား စစ်ဆေးမေးမြန်းရာ ဆေးပြားများမှာ အိမ်ရှင်၏ ဆေးပြားများဖြစ်ကြောင်း၊ ကဘူကျေးရွာသို့ရောက်ရှိနေကြောင်း သိရှိရ၍ ဆန်းအောင်ဌေးအား သွားရောက်ဖမ်းဆီးခဲ့ပြီး ၎င်းတို့ငါးဦးအား မောင်းမကန်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား






# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

**ရွေးကောက်ပွဲများသည် -**

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

**၂၈ ရက်သာ**

လိုတော့သည်။

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ဖြည့်စွက်မှုများအရ ထပ်မံစိစစ်ပြုစုထားသည့် မဲဆန္ဒရှင်စာရင်းများကို **၁-၁၀-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ ရက်နေ့အထိ** သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအတွင်းရှိ ကျေးရွာများတွင် **နောက်ဆုံးအကြိမ် (နောက်ဆုံးအကြိမ်)** အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထား ကြေညာလျက်ရှိပါသည်။

၂။ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်စေရေးအတွက် ပြည်သူများအား နေအိမ်တွင်သာ နေထိုင်စေရေးနှင့် အကြောင်းတစ်စုံတစ်ရာမရှိဘဲ နေအိမ်မှထွက်ခွာသွားလာမှုများအား တားမြစ်ထားသည့် ကာလလည်းဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိသော မဲဆန္ဒရှင်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၄-၉-၂၀၂၀ ရက်နေ့အထိ ပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် Web Application ဖြစ်သော findyourpollingstation.uec.gov.mm တွင် မဲစာရင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ကြောင်းနှင့် Mobile application ဖြစ်သည့် findyourpollingstation.apk ကို Google Play Store တွင် Download ရယူပြီး မိမိတို့၏အမည် မဲစာရင်းတွင် ပါ/မပါ စစ်ဆေးနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းများ စစ်ဆေးရှာဖွေရာတွင် ဝင်ရောက်ကြည့်ရှုရှာဖွေသူ များပြားသဖြင့် ကြန့်ကြာမှုများကြုံတွေ့နေကြရကြောင်း သိရှိရသည့်အတွက် ယခုအခါ ပိုမိုလွယ်ကူအဆင်ပြေစေရန် ရည်ရွယ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအလိုက် ပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် အောက်ဖော်ပြပါ Web Application များတွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်-

| | | |
|---|---|---|
| ( က ) | ကချင်ပြည်နယ် | http://bit.ly/kachin-voters |
| ( ခ ) | ကယားပြည်နယ် | http://bit.ly/kayah-voters |
| ( ဂ ) | ကရင်ပြည်နယ် | http://bit.ly/kayin-voters |
| ( ဃ ) | ချင်းပြည်နယ် | http://bit.ly/chin-voters |
| ( င ) | စစ်ကိုင်းတိုင်းဒေသကြီး | http://bit.ly/sagaing-voters |
| ( စ ) | တနင်္သာရီတိုင်းဒေသကြီး | http://bit.ly/tanintharyi-voters |
| ( ဆ ) | ပဲခူးတိုင်းဒေသကြီး | http://bit.ly/bago-voters |
| ( ဇ ) | မကွေးတိုင်းဒေသကြီး | http://bit.ly/magway-voters |
| ( ဈ ) | မန္တလေးတိုင်းဒေသကြီး | http://bit.ly/mandalay-voters |
| ( ည ) | မွန်ပြည်နယ် | http://bit.ly/mon-voters |
| ( ဋ ) | ရခိုင်ပြည်နယ် | http://bit.ly/rakhine-voters |
| ( ဌ ) | ရန်ကုန်တိုင်းဒေသကြီး | http://bit.ly/yangon-voters |
| ( ဍ ) | ရှမ်းပြည်နယ် | http://bit.ly/shan-voters |
| ( ဎ ) | ဧရာဝတီတိုင်းဒေသကြီး | http://bit.ly/ayarwaddy-voters |
| ( ဏ ) | ပြည်ထောင်စုနယ်မြေ | http://bit.ly/naypyitaw-voters |

၅။ Web Application အသုံးပြု၍ မဲစာရင်းရှာဖွေခြင်း ရှင်းလင်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Web application နှင့် UEC Facebook စာမျက်နှာတို့တွင် ဖော်ပြပေးထားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




**ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးဖို့ မဲရုံသွားကာ မဲပေးစို့**

# အောက်တိုဘာ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁၅၈ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၀ - ၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၉-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၆၃၁၂ ခုအား စစ်ဆေး ပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၁၅၈ ဦး တွေ့ရှိ**ရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ(၁၀-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၆,၃၁၂) ဦး | (၃၉၉,၁၅၂) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၂,၁၅၈) ဦး | (၂၆,၀၆၄) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၃၁၂) ဦး | (၇,၀၅၀) ဦး |
| သေဆုံးလူနာ | (၃၂) ဦး | (၅၉၈) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ (၃၂) ဦးအနက် ရောဂါအခံရှိသူ (၃၁) ဦးပါဝင်ပါသည်။
- ယနေ့စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာများတွင် လွန်ခဲ့သောရက်အနည်းငယ်က ဓာတ်ခွဲစစ်ဆေးရန် ကျန်ရှိသည့် ဓာတ်ခွဲနမူနာများ ပါဝင်ပါသည်။

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၈၉၅၀၂၆ | ၅၀၆၅၀၅၄ | ၂၁၈၆၆၁ |
| ၂။ | အိန္ဒိယ | ၆၉၇၉၄၂၃ | ၅၉၈၈၈၂၂ | ၁၀၇၄၅၀ |
| ၃။ | ဘရာဇီး | ၅၀၅၇၁၉၀ | ၄၄၃၃၅၉၅ | ၁၄၉၆၉၂ |
| ၄။ | ရုရှား | ၁၂၈၅၀၈၄ | ၁၀၁၆၂၀၂ | ၂၂၄၅၄ |
| ၅။ | ကိုလံဘီယာ | ၈၉၄၃၀၀ | ၇၈၀၅၄၇ | ၂၇၄၉၅ |
| ၆။ | စပိန် | ၈၉၀၃၆၇ | စိစစ်ဆဲ | ၃၂၉၂၉ |
| ၇။ | ပီရူး | ၈၄၃၃၅၅ | ၇၃၃၀၀၀ | ၃၃၁၅၈ |
| ၈။ | အာဂျင်တီးနား | ၈၇၁၄၆၈ | ၆၉၇၁၄၁ | ၂၃၂၂၅ |
| ၉။ | မက္ကဆီကို | ၈၀၉၇၅၁ | ၅၈၈၀၈၅ | ၈၃၅၀၇ |
| ၁၀။ | ပြင်သစ် | ၆၉၁၉၇၇ | ၁၀၀၈၂၈ | ၃၂၆၈၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၃၃၆၉၂၆ | ၂၇၆၀၉၄ | ၆၂၃၈ |
| ၂။ | အင်ဒိုနီးရှား | ၃၂၈၉၅၂ | ၂၅၁၄၈၁ | ၁၁၇၆၅ |
| ၃။ | စင်ကာပူ | ၅၇၈၆၆ | ၅၇၆၇၅ | ၂၇ |
| ၄။ | မြန်မာ | ၂၆၀၆၄ | ၇၀၅၀ | ၅၉၈ |
| ၅။ | မလေးရှား | ၁၄၇၂၂ | ၁၀၇၀၇ | ၁၅၂ |
| ၆။ | ထိုင်း | ၃၆၃၄ | ၃၄၄၅ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၁၀၅ | ၁၀၂၄ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၈၃ | ၂၇၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၆ | ၁၄၃ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

## မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသား ၁၆၉ ဦးအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီ ရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ ပီနန်းမြို့၌ အခက်အခဲကြုံတွေ့နေရသည့် Pen Apparal Sdn Bhd ကုမ္ပဏီမှ မြန်မာအလုပ်သမား ၁၆၉ ဦးအား ကွာလာလမ်ပူမြို့ မြန်မာသံရုံးနှင့် ၎င်းတို့၏ ကုမ္ပဏီမှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

**ဆောင်ရွက်ပေး**

၎င်းတို့ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်ထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထား စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## အသက် ၆၀ ကျော်အရွယ်တွေ ကြိုတင်မဲပေးနိုင်ဖို့ အစီအစဉ်တွေ စပြီးတော့လုပ်ပါမယ်

ရွေးကောက်ပွဲကော်မရှင်ကတင်ပြထားတဲ့ အစီအစဉ်တစ်ခုဟာ ပြည်သူတွေအတွက်လည်း စိတ်လည်းလုံခြုံမှုရမယ်၊ ကျေနပ်မှုလည်းရမယ်လို့လည်း ကျွန်မတို့ထင်ပါတယ်။ အဲဒါကဘာလဲဆိုတော့ ပထမအစမှာတော့ Stay at Home မြို့နယ်တွေကို ကိုဗစ်ရောဂါ ကူးစက်နေတဲ့ နိုင်ငံသူ နိုင်ငံသားတွေများတယ်ဆိုပြီး သတ်မှတ်ထားတဲ့ Stay at Home မြို့နယ်တွေမှာ အသက် ၆၀ ကျော်တွေ ကြိုတင်မဲပေးနိုင်မယ်။ ဒီလို လုပ်ခြင်းအားဖြင့် ကျွန်မတို့မှာ ကောင်းကျိုးနှစ်ခုရှိပါတယ်။ တစ်ခုကတော့ အသက် ၆၀ ကျော်တွေဆိုတာဟာ အသက်ကြီးတာနဲ့အမျှ၊ အသက် ၆၀ ကျော်လာတာနဲ့အမျှ ကိုဗစ်ရောဂါ ရလို့ရှိရင် နည်းနည်းပိုပြီးတော့ စိုးရိမ်ရတဲ့အခြေအနေမှာရှိပါတယ်။ စိုးရိမ်ရတဲ့ အသက်အရွယ်တွေ လုံခြုံအောင်လို့ဆိုပြီးတော့ ကြိုတင်မဲပေးနိုင်ဖို့ ကျွန်မတို့ အစီအစဉ်တွေ စပြီးတော့လုပ်ပါမယ်။ အသက် ၆၀ ကျော်တွေက ကြိုတင်မဲပေးမယ်ဆိုရင် ရွေးကောက်ပွဲနေ့မှာ မဲရုံတွေမှာသွားပြီးတော့ မဲပေးမယ့်လူတွေရဲ့ အရေအတွက်ပါ ကျသွားမယ်။ အရေအတွက် ကျဆင်းသွားတဲ့အခါကျတော့ လိုအပ်တဲ့ကွာခြားမှုဖြစ်တဲ့ ၆ ပေ ကွာခြားပြီးလုပ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုနည်းအောင် စည်းကမ်းတွေကို အကောင်အထည်ဖော်တာ လုပ်နိုင်တဲ့အခါကြတော့ ပိုပြီးတော့ အားလုံးလုံခြုံမှုဖြစ်ပါတယ်။ ပြည်သူတွေ လုံခြုံမှုအတွက် လိုအပ်တဲ့ Mask တို့ Faceshield တို့ကိုလည်း နိုင်ငံတော်က တာဝန်ယူပြီးတော့ လုပ်ပေးပါမယ်။



(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၀-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀) နာရီ**

၁။ (၉-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၆၁) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၁၅၅ |
| | | ကမာရွတ် | ၉၃ |
| | | ကြည့်မြင်တိုင် | ၉၀ |
| | | အင်းစိန် | ၈၈ |
| | | မင်္ဂလာဒုံ | ၇၆ |
| | | ရွှေပြည်သာ | ၇၃ |
| | | တာမွေ | ၇၁ |
| | | လှိုင်သာယာ | ၅၈ |
| | | တောင်ဥက္ကလာပ | ၃၉ |
| | | ဗဟန်း | ၃၆ |
| | | ရန်ကင်း | ၃၄ |
| | | သင်္ဃန်းကျွန်း | ၃၃ |
| | | သာကေတ | ၃၀ |
| | | ဒလ | ၂၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၄ |
| | | မရမ်းကုန်း | ၂၃ |
| | | ဒေါပုံ | ၂၂ |
| | | သန်လျင် | ၂၁ |
| | | လှိုင် | ၁၉ |
| | | လသာ | ၁၈ |
| | | ဗိုလ်တထောင် | ၁၆ |
| | | ဆိပ်ကမ်း | ၁၆ |
| | | ကော့မှူး | ၁၆ |
| | | လှည်းကူး | ၁၆ |
| | | လမ်းမတော် | ၁၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၃ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၃ |
| | | အလုံ | ၁၀ |
| | | ပန်းဘဲတန်း | ၉ |
| | | ဒဂုံဆိပ်ကမ်း | ၉ |
| | | မင်္ဂလာတောင်ညွန့် | ၈ |
| | | ဒဂုံ* | ၈ |
| | | စမ်းချောင်း | ၇ |
| | | ပုဇွန်တောင် | ၅ |
| | | ထန်းတပင် | ၄ |
| | | မှော်ဘီ | ၄ |
| | | တွံတေး | ၂ |
| | | ကျောက်တံတား | ၂ |
| | | ခရမ်း | ၂ |
| | | ကွမ်းခြံကုန်း | ၁ |
| | | စုစုပေါင်း | ၁,၂၀၇ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၂၅ |
| | | အောင်မြေသာစံ | ၁၇ |
| | | ချမ်းမြသာစည် | ၄ |
| | | ကျောက်ဆည် | ၄ |
| | | မိတ္ထီလာ | ၂ |
| | | တောင်သာ | ၂ |
| | | ပြင်ဦးလွင် | ၂ |
| | | မလှိုင် | ၂ |
| | | မဟာအောင်မြေ | ၂ |
| | | စဉ့်ကိုင် | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | ဖျော်ဘွယ် | ၁ |
| | | ရမည်းသင်း | ၁ |
| | | ကူမဲ | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | စုစုပေါင်း | ၆၇ |
| ၃။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ၁၉ |
| | | စစ်တွေ | ၃ |
| | | မောင်တော | ၃ |
| | | ကျောက်တော် | ၁ |
| | | ဘူးသီးတောင် | ၁ |
| | | စုစုပေါင်း | ၂၇ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ကဝ | ၁၂ |
| | | ရွှေတောင် | ၈ |
| | | ပြည် | ၅ |
| | | မင်းလှ | ၃ |
| | | ပဲခူး | ၂ |
| | | လက်ပံတန်း | ၁ |
| | | သုံးဆယ် | ၁ |
| | | အုတ်ဖို | ၁ |
| | | ဖြူး | ၁ |
| | | ပေါင်းတည် | ၁ |
| | | စုစုပေါင်း | ၃၅ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်း | ၈ |
| | | မအူပင် | ၄ |
| | | ဟင်္သာတ | ၄ |
| | | ကျုံပျော် | ၂ |
| | | အင်္ဂပူ | ၁ |
| | | မြန်အောင် | ၁ |
| | | ကျိုက်လတ် | ၁ |
| | | စုစုပေါင်း | ၂၁ |
| ၆။ | မွန်ပြည်နယ် | ရေး | ၃ |
| | | သံဖြူဇရပ် | ၃ |
| | | မော်လမြိုင် | ၂ |
| | | ကျိုက်ထို | ၂ |
| | | သထုံ | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၇။ | မကွေးတိုင်းဒေသကြီး | နတ်မောက် | ၂၄ |
| | | ရေနံချောင်း | ၁၂ |
| | | အောင်လံ | ၁ |
| | | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၃၈ |
| ၈။ | နေပြည်တော် | လယ်ဝေး | ၃ |
| | | ဇေယျာသီရိ | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၅ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင် | ၁၀ |
| | | ရေဦး | ၉ |
| | | ကောလင်း | ၂ |
| | | ရွှေဘို | ၁ |
| | | မုံရွာ | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော | ၂ |
| | | လောင်းလုံ | ၁ |
| | | ထားဝယ် | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၁။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၁ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ချင်းပြည်နယ် | မတူပီ | ၁ |
| | | မင်းတပ် | ၁ |
| | | ပလက်ဝ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | ကချင်ပြည်နယ် | ဖားကန့် | ၁၁ |
| | | မိုးညှင်း | ၄ |
| | | စုစုပေါင်း | ၁၅ |
| ၁၄။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | မူဆယ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၅။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ဆီဆိုင် | ၁ |
| | | ရွာငံ | ၁ |
| | | စုစုပေါင်း | ၂ |
| | (၉-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၆၁) ဦး |

* မြို့နယ်မှ (၅)ဦးသည် အိန္ဒိယနိုင်ငံမှ ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၉-၁၀-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၄၆၁)ဦးတွင် အနံ့မရရှိသူ (၁၉၉)ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# အကယ်ဒမီ ခင်ယုမေနှင့် ရုပ်ရှင်စကားဝိုင်း

**တွေ့ဆုံမေးမြန်း-ဒါရိုက်တာကြည်စိုးထွန်း**

ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသည့် အဆိုတော်များထဲတွင် ထိပ်ဆုံးကပါဝင်ခဲ့သူဖြစ်ပါသည်။ ခင်ယုမေသည် သူ့ခေတ် သူ့အခါက ထင်ရှားသော ဝတ်စားပုံကိုထွင်နိုင်ခဲ့သူဖြစ်သလို သဘာဝကျသော အမူအရာကိုလည်း လုပ်ဆောင်နိုင်ခဲ့သည့် ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်လေသည်။

ခင်ယုမေ၏ ရုပ်ရှင်ကားများကိုကြည့်လျှင် အမူအရာပိုလွန်းသွားသည့် ရုပ်ရှင်ကားမျိုး မရှိသလောက်ရှားပါးခဲ့သည်။ ရုပ်ရှင်ကားများကို သဘာဝကျကျ မပိုမလို သရုပ်ဆောင်နိုင်ခဲ့သလို သိုင်းရုပ်ရှင်ဇာတ်ကားများ၊ ဓားခုတ်လှံထိုး ရုပ်ရှင်ဇာတ်ကားများကိုလည်း နာမည်ရအောင် ရိုက်ကူးခဲ့သည်ကို တွေ့မြင်ရလေသည်။ ဂီတဘက်တွင် ထူးချွန်ခဲ့သလို ရုပ်ရှင်ဘက်တွင်လည်း ရုပ်ရှင်ထူးချွန်ဆုနှစ်ဆုရသည်အထိ သရုပ်ဆောင်တော်ခဲ့သော ခင်ယုမေ၏ ရုပ်ရှင်လောကအတွင်း လျှောက်လှမ်းခဲ့ပုံများကို သိရှိနိုင်ကြမည် ဖြစ်ပါသည်။

ဒီတစ်ပတ် ကျွန်တော့်ရဲ့ ရုပ်ရှင်စကားဝိုင်းကတော့ နည်းနည်းထူးခြားတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော်ရောက်နေတဲ့နေရာက အကယ်ဒမီ ရုပ်ရှင်မင်းသမီး ခင်ယုမေရဲ့ ခြံဝင်းဖြစ်ပြီး အကယ်ဒမီခင်ယုမေနဲ့ ဒီတစ်ပတ်ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ဟာ စတူဒီယိုကို မလာရောက်နိုင်တဲ့ ခင်ယုမေရဲ့ အိမ်ကိုလာပြီးတော့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

(ယမန်နေ့မှအဆက်)

**ဒေါ်ခင်ယုမေ။** ။ အဲဒီတော့မှပဲ ကိုယ်ကရဲရဲတင်းတင်း ရန်ကုန်ပြန်လာရဲတယ်၊ ကားရိုက်ပြီးတော့လေ။

**ကြည်စိုးထွန်း။** ။ 'ဤဘဝဝယ်'တောင်မှ ရုံမတင်ရသေးဘူး အစ်မက 'မူယာ' တင်ညွှန့်ရုပ်ရှင်က။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ 'သူဇာနဲ့မူယာ'လား၊ 'မူယာ'လား။

**ဒေါ်ခင်ယုမေ။** ။ 'သူဇာနဲ့မူယာ' ။

**ကြည်စိုးထွန်း။** ။ သြော် 'သူဇာနဲ့မူယာ' အဲဒီမှာ တင်ညွှန့်နဲ့ တွဲရတာပေါ့နော်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။ အဲဒါပြီးတော့ အများကြီးပဲ ဇမ္ဗူအေးကနေ၊ 'မန်းသူလေးမို့' တို့ လာငှားတာပေါ့နော်။

**ကြည်စိုးထွန်း။** ။ ဒီမှာတော့ ကျွန်တော်က ဘယ်လိုလုပ်ထားသလဲဆိုတော့ အစ်မရဲ့။ ဖိုးပါကြီးနဲ့ ဆက်ရိုက်တာရှိသေးတယ် 'မြာဇ္ဈီကာ' ဆိုတာ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် 'မြာဇ္ဈီကာ' တို့ နောက်တစ်ခါ 'ကျားသားမိုးကြိုး' ဆိုတာရှိသေးတယ် မန္တလေးမှာသွားရိုက်တာ။

**ကြည်စိုးထွန်း။** ။ နောက်တစ်ခုက တစ်ခါ ဦးထွန်းဝေနဲ့ အစ်မနဲ့ရိုက်တာ တော်တော်များတယ်နော်။

**ဒေါ်ခင်ယုမေ။** ။ အရင်တုန်းက ကိုထွန်းဝေပဲ။ ကိုယ့်တွဲဖက်က ကိုထွန်းဝေပဲလေ။



**ကြည်စိုးထွန်း။** ။ ကိုထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း။

**ဒေါ်ခင်ယုမေ။** ။ ကောလိပ်ဂျင်နေဝင်းတောင် သိပ်မရှိဘူး။

**ကြည်စိုးထွန်း။** ။ အစ်မ ဒီမှာကျွန်တော်ပြောမယ်။ ဦးထွန်းဝေနဲ့က အစ်မရိုက်တာ 'အသက်'ရယ်၊ 'စိုးပိုင်'ရယ်၊ 'ချစ်လွန်းလို့'ရယ် ဒါ တင်ညွှန့်ရုပ်ရှင်ကနော်၊ နောက် 'မေ့တွက်မောင့်သဲ'၊ နောက် 'ကိုယ်ပိုင်မေတ္တာ' က နောက်ပြောမယ်၊ ဘာလို့လဲဆိုတော့ 'ကိုယ်ပိုင်မေတ္တာ' က အစ်မအကယ်ဒမီရတာကိုး။ ၁၉၆၁ ခုနှစ် ထင်တယ်နော် ဆိုတော့ အဲဒါက ထားလိုက်တော့ ကိုထွန်းဝေနဲ့ ရိုက်ခဲ့တဲ့ကားတွေ။

**ဒေါ်ခင်ယုမေ။** ။ ဦးတင်ညွှန့်နဲ့ကို ရှိသေးတယ်လေ။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**ဒေါ်ခင်ယုမေ။** ။ နေပါဦး ဘာကားလဲမသိပါဘူး။ ဦးတင်ညွှန့်နဲ့ကို ရှိသေးတယ်။ ကားထုပ်တွေက နာမည်တွေ မေ့ကုန်ပါပြီ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အစ်မ။

**ဒေါ်ခင်ယုမေ။** ။ နောက် တော်ဝင်ထွန်းမှာ 'မေ့တွက်မောင့်သဲ' ။ အဲဒါတွေလည်း ရိုက်တယ် ။ 'စာရေးဆရာ' ဒါ တော်ဝင်ထွန်းကရိုက်တာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့အစ်မ 'စာရေးဆရာ' ဟုတ်တယ် ဟုတ်တယ် ရှိတယ်နော်။ နောက်တစ်ခါ ကောလိပ်ဂျင်နေဝင်းနဲ့ကျတော့ အစ်မ 'မန်းသူလေးမို့' ရိုက်တယ်။

**ဒေါ်ခင်ယုမေ။** ။ 'မန်းသူလေးမို့'၊ 'မလိခချစ်သူ'၊ 'အိမ်ထောင်စု'၊ 'မွှေးလွန်းသည့်ပန်း'။







**ကြည်စိုးထွန်း။** ။ ကြည်စိုးပါတယ်နော်။

**ဒေါ်ခင်ယုမေ။** ။ 'မွှေးလွန်းသည့်ပန်း'က ကောလိပ်ဂျင်နေဝင်းမဟုတ်ဘူး။ ကိုကြည်စိုးပဲထင်တယ်။

**ကြည်စိုးထွန်း။** ။ ဒီမှာက ကိုနေဝင်းပါ ပါတယ်လို့ပြောတယ်။

**ဒေါ်ခင်ယုမေ။** ။ ဟိုဟာ ဟိုဟာ 'ယောက်ျားတို့အကြောင်း'။ နောက်ရှိသေးတယ် 'ဘဇံဘမှန်အကြောင်း'က ကိုနေဝင်းကုမ္ပဏီက။




**ကြည်စိုးထွန်း။** ။ ဟုတ်တယ်ဟုတ်တယ် အစ်မ။

**ဒေါ်ခင်ယုမေ။** ။ အဲဒီတုန်းက မဟေမာတို့၊ ရာဇာတို့က ပိစိကွေးလေးတွေ၊ နှစ်ယောက်က ရန်ဖြစ်လိုက်ကြ၊ ကလေးတွေ ငိုလိုက်ကြ၊ ကျောင်းပိတ်ထားတော့ သူ့ကလေးတွေလည်း အကုန်ပဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။ အမှတ်ရစရာကောင်းတာပေါ့နော်။ အစ်မ နောက် 'မလိခချစ်သူ' က ဘယ်မှာသွားရိုက်တာလဲ။

**ဒေါ်ခင်ယုမေ။** ။ 'မလိခချစ်သူ'က ချင်းတောင်လေ။ ချင်းတောင်ကို ပထမဦးဆုံး သွားကြတာပေါ့။

**ကြည်စိုးထွန်း။** ။ ကိုမြတ်လေးရယ်၊ အစ်မရယ်။ ကိုနေဝင်းပါတယ်နော်။ အဲဒီကားမှာ သီချင်းတစ်ပုဒ်ရှိတယ် အစ်မရဲ့။ အဲဒီသီချင်းက နောက်အနှစ် ၂၀ လောက်ကျတော့ ကျွန်တော်ပဲ ပြန်သုံးဖြစ်တာပေါ့။ ၁၅ နှစ်၊ အနှစ်၂၀ လောက်ကြာတော့ ပြန်သုံးဖြစ်တယ်။ အဲဒါဘာလဲဆိုတော့ မောင့်အချစ်မြှား၊ မောင့်အချစ်မြှားဆိုတာ။

**ဒေါ်ခင်ယုမေ။** ။ အခုဆိုရင် တော်တော်ခေတ်စားနေတယ်။

**ကြည်စိုးထွန်း။** ။ ခေတ်စားနေတာပေါ့။ အစ်မတို့ အဲဒီကားထဲမှာ စသုံးကတည်းက ကျွန်တော် စွဲပြီးတော့ နောက်ကျတော့ ကိုချစ်ဆွေကို ပြောပြီးတော့ ကျွန်တော့်ရဲ့ 'သံယောဇဉ် ချာတိတ်' ဆိုတဲ့ကားထဲမှာ ကျွန်တော်က အဲဒါလေးကို ထည့်သုံးဖူးတာပေါ့၊ ဒါပေမဲ့ ပထမကြားတာကတော့ အစ်မတို့ရဲ့ 'မလိခချစ်သူ'က စကြားရတာပေါ့။ ကိုမြတ်လေးရယ်၊ ကိုနေဝင်းရယ်၊ အစ်မရယ်၊ ချို့ပြုံးရယ်။

**ဒေါ်ခင်ယုမေ။** ။ Background သီချင်းပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ကိုမြတ်လေး ဒဏ်ရာရတော့ သေမလား ရှင်မလား မသိဘူး၊ အဲဒီမှာ တစ်ယောက်တည်း လျှောက်သွားနေတဲ့အချိန် အဲဒီမှာ Background ကဆိုတာပေါ့။

**ကြည်စိုးထွန်း။** ။ အစ်မက ကျောင်းဆရာမလား မသိဘူး။ အဲဒီအထဲမှာ ဆရာမလေးလား။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်ထင်တယ်၊ ကျောင်းဆရာမ ။ တောင်ပေါ်က ကျောင်းဆရာမလေး။ ကိုနေဝင်းက စိုက်ပျိုးရေးအရာရှိ။ ကိုမြတ်လေးက စစ်ဗိုလ်။

**ကြည်စိုးထွန်း။** ။ ကျွန်တော် သတိထားမိတာပေါ့ ဒါကကျွန်တော့်လိုပဲ ကြည့်တဲ့ပရိသတ်တွေလည်း သတိထားမိမှာပါ။ ဘာလဲဆိုတော့ အစ်မက သဘာဝအတိုင်း သရုပ်ဆောင်တယ်၊ သဘာဝကျတယ်၊ လွန်မသွားဘူး၊ ပရိသတ်လည်း အများက အဲဒီလိုမြင်ပါတယ်။

**ဒေါ်ခင်ယုမေ။** ။ ကိုယ်က အပြင်မှာလုပ်သလိုပဲ၊ အပြင်မှာပြောသလိုပဲ အဲဒီလိုပဲ ပြောလိုက်တယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် အဲဒီလိုပဲ များသောအားဖြင့် တွေ့တာက ဒါကအခု အဲဒီကားလေး ပြန်ကြည့်တော့ ကျွန်တော့်စိတ်ထဲမှာ သတိရသွားတာ၊ အစ်မကားတွေ တော်တော်များများဟာ အစ်မကိုဟာ အိုဗာအိုက်တင်ပဲကွာလို့ ပြောစရာကား ကျွန်တော့်အရဆိုရင်တော့ ပြောစရာမရှိသလောက်ပါပဲ၊ သို့သော်လည်း ဖြစ်ချင်လည်း ဖြစ်ခဲ့ဖူးမှာပဲ ဟုတ်တယ်မို့လား၊ ဒါ လူကတော့ ပြောလို့မရဘူး။

စာမျက်နှာ ၁၉ သို့❖



ကြည်စိုး



ထွန်းဝေ

❖ စာမျက်နှာ ၁၈ မှ

သို့သော်လည်း ကျွန်တော်သိသလောက် တော်တော်များများက အစ်မ အိုဗာမဖြစ်ခဲ့ဘူး၊ သဘာဝအတိုင်းလေးပဲ သရုပ်ဆောင်ခဲ့တာကိုတော့ သွားတွေ့တာပေါ့။ အဲဒီတော့ အစ်မရယ် အဲဒီကနေပြီးတော့ တစ်ခါ ကိုမြင့်အောင်နဲ့ ဆိုရင်လည်း အစ်မ 'နမ်းမဝတဲ့အာရုံ' တို့၊ 'ရွှေညာသူ'တို့၊ 'ချစ်လှိုင်းသံ'၊ နောက် 'အမြင်မှန်'။

**ဒေါ်ခင်ယုမေ။** ။ 'နတ်ရေးတဲ့ဖူးစာ' ။

**ကြည်စိုးထွန်း။** ။ တော်တော်များများ ကိုမြင့်အောင်နဲ့လည်း တွဲပြီးတော့ သရုပ်ဆောင်ခဲ့ရပါတယ်။ ကိုထွန်းဝေနဲ့ချည်း မဟုတ်ပါဘူး ။

**ဒေါ်ခင်ယုမေ။** ။ မဟုတ်ပါဘူး။

**ကြည်စိုးထွန်း။** ။ အစ်မ ကိုထွန်းဝေနဲ့ အကယ်ဒမီ။

**ဒေါ်ခင်ယုမေ။** ။ စောစောပိုင်းဟာပေါ့။

**ကြည်စိုးထွန်း။** ။ အကယ်ဒမီရတော့ ကိုထွန်းဝေကြီးက များတယ် ထင်တာပါ။

**ဒေါ်ခင်ယုမေ။** ။ ကိုထွန်းဝေနဲ့ကစစဦးတုန်းကတွဲတာများတာဆိုတော့ လေ။

**ကြည်စိုးထွန်း။** ။ တစ်နေ့ကပဲ ကျွန်တော်နဲ့ ဦးထွန်းလှိုင်နဲ့ မင်းသားကြီးတွေအကြောင်း ပြောတာပေါ့ အစ်မရယ်။ ကိုထွန်းဝေတို့၊ ကိုမြတ်လေးတို့၊ ကိုနေဝင်းတို့ နောက်ပြီးတော့ ဆရာသင်တို့ပေါ့။ မောင်သင်တို့အကြောင်း ပြောကြတာပေါ့၊ ပြောကြတဲ့အခါ အရင်တုန်းက မင်းသားကြီးတွေ အစ်မတို့တွဲခဲ့ရတဲ့ မင်းသားတွေကလည်းကောင်းတယ် အစ်မရဲ့။



**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ မင်းသမီးက အကြီးကြီးနဲ့ မင်းသားငယ်ငယ်ဆို သိပ်မလိုက်ဖက်ဘူးပေါ့။



**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ မမထားတို့ အပါတို့ကလွဲလို့ပေါ့လေ။

**ကြည်စိုးထွန်း။** ။ ဇာတ်အရဆိုရင်တော့ ဟုတ်တာပေါ့နော်။



ကြည်စိုးထွန်း၊ ဦးထွန်းလှိုင်



မောင်သင်၊ ခင်ယုမေ

ဘယ်လိုခေါ်မလဲ၊ ခံ့ခံ့ထည်ထည်နဲ့ နောက်ပြီးတော့ အဝတ်အစားကို ဦးစားမပေးဘူး၊ သူက အမူအရာကို ဦးစားပေးပြီးတော့ ကိုယ်ပိုင်အိုက်တင်တွေ ရှိကြတယ်။

**ဒေါ်ခင်ယုမေ။** ။ ကိုထွန်းဝေဆို အဝတ်အစားဖိုးတော်တော်နည်းတယ်၊ လေးစုံဆိုပြီးပြီ။ ပုဆိုးလေးထည်၊ ရှပ်အင်္ကျီလေးနဲ့ တိုက်ပုံတစ်ထည်ရှိရင်ပြီးပြီ၊ သူက ဒါပဲ ဘာမှမကုန်ဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ်အစ်မ၊ သူတို့က အဝတ်အစားတွေ ဘာတွေနဲ့ ပေါ်ပြူလာဖြစ်တဲ့ပုံစံမျိုး၊ ဒီဇိုင်းတွေ၊ ဘာတွေကိုရီးယားမင်းသားတွေလို အလိမ်အကောက်တွေ၊ အတွန့်တွေ၊ အတက်တွေလည်း မရှိဘူး။ ရုပ်ကြီးတွေကလည်း ခံ့ခံ့ထည်ထည်ကြီးတွေ၊ အခုခေတ်က တချို့မင်းသားတွေကျ ယောကျ်ားလား၊ မိန်းမလားတောင်မှ ကိုယ်က မသိရတာမျိုးရှိတာ။ ဒီရုပ်ကြီးတွေတော့ သိပ်သိသာတယ်၊ တကယ့်ခံ့ခံ့ထည်ထည် ယောကျ်ားကြီးတွေနော်၊ အဲဒီလူတွေနဲ့ အစ်မတို့နဲ့ ယှဉ်တွဲ သရုပ်ဆောင်ခဲ့ရတဲ့အခါကျတော့လည်း တော်တော်လေးကို တစ်ဖက်နဲ့တစ်ဖက်ပေါ့ သိပ်ကောင်းတာပဲနော်။ တွဲဖက်ညီကြတာပေါ့။

**ဒေါ်ခင်ယုမေ။** ။ ဘာပဲဖြစ်ဖြစ် မင်းသားတွေက အသက်ကြီးရင် မင်းသမီးငယ်ငယ်နဲ့ တွဲလို့ လိုက်ဖက်တယ်လေ။



**ဒေါ်ခင်ယုမေ။** ။ ဟိုတုန်းကဆိုရင် မင်းသမီးတွေက တော်တော် အသက်ငယ်တယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ မင်းသားတွေက အသက်ကြီးတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ အနည်းဆုံးမရှိဘူးဆို ဆယ်နှစ်တို့၊ ဆယ့်နှစ်နှစ်တို့ အဲဒီလောက်ကြီးတဲ့လူတွေချည်းပဲ။ ဒယ်ဒီဖိုးပါကြီးဆို အစ်မတို့အဖေနဲ့သူငယ်ချင်း။


**ကြည်စိုးထွန်း။** ။ ဪ သမီးအရွယ်တွဲရတာပေါ့နော်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ အစ်မကလည်း တကယ့်ကို ခံ့ခံ့ထည်ထည် ကိုယ်လုံးကြီးကြီး မောင်စကြဝဠာနဲ့လည်း အစ်မ တစ်ကား ရိုက်ဖူးပါတယ်။

**ဒေါ်ခင်ယုမေ။** ။ ကိုဘကွန်းကြီးနဲ့။


(ဆက်လက်ဖော်ပြပါမည်)











ကျားဝါပေ့ပေ့
88






FEB
ကလေး ဉာဏ်စမ်း ပြိုင်ပွဲတဲ့ - ဝိုးဝင်ပြိုင် ရင်ကောင်းမလား
မေးတဲ့ ဉာဏ်စမ်း မေးခွန်းကို ပဲ ဖြေကြည့် ပါဦး
အောင်မာ - မင်းလို ဉာဏ်ပါ ပိစိလေးနဲ့ များ မေးလေ ..
တစ်နှစ်မှာ ဘယ်လက ၂၈ ရက်ရှိတာလဲ .. ဖြေ
ကလေးအတာတွေ လာလုပ်နေပြန်ပြီ ... ဖေဖော်ဝါရီလပေါ့ ..
ဟားဟား မှားသွားပြီ ..
လတိုင်းမှာ ၂၈ ရက်ရှိတယ် လေ ..
၂၈ - ၂၉
၃၀ - ၃၁


တို့ - တစ်ချိန်မှာ တက်ရမယ့် တက္ကသိုလ်ကြီးက - နှစ်တစ်ရာ ပြည့် ပြီတဲ့ ကွဲ
ခုလည်း - အလယ်တန်း အထိ ဆရာတွေနဲ့ စနစ်တကျ သင်ခဲ့ရပြီ
သင်ဆရာ အပြင် မြင်ဆရာ ကြားဆရာလည်း ရှိသေး တယ်လေ
ကမ္ဘာ့ဆရာများနေ့ကို ယူနက်စကိုက - ၁၉၉၄ - ခုနှစ် အောက်တိုဘာ - ၅ - ရက်နေ့မှာ စတင် ကျင်းပခဲ့တယ် - ကွယ့်
၂၀ - ၁၂ - ၁၉၂၀ - က
၂၉ - ၁၂ - ၁၉၂၀ - ထိ
မြန်မာကျောင်းများ ညီလာခံ ကျင်းပခဲ့တယ်
၁၆ - ၁၂ - ၁၉၃၇ - နေ့ ရန်ကုန်မှာ - အာစရိယ သတင်းစာ ထုတ်ဝေခဲ့ ဖူးတယ်
အာစရိယ
ဘေးမြေ့ဆီးကာ တက္ကသိုလ်တက်ဖို့
ကျေးဇူးကမ္ဘာ
၃.၁၀.၂၀၂၀ - ကြေးမုံသတင်းစာပါ ကမ္ဘာ့ဆရာများနေ့ဆောင်းပါးမှ - -


ချစ်ချစ်
အခုက ဘယ်ကို သွားမှာလဲ ဘိုးဘိုး
ငါ့မြေးပဲ ကစားကွင်းကို သွားချင်တယ် ဆို...
ဘိုးဘိုးက ရောက်ဖူးလို့လား
ဟင့်အင်း တစ်ခါမှ မရောက် ဖူးပါဘူး...
ဟင်... ဒါဆိုရင် ဘယ်လိုသွားမှာ လဲ...
လမ်းမှာတွေ့တဲ့လူ မေးမြန်းပြီးတော့ သွားမှာပေါ့ကွယ်...
ပါးစပ်ပါ ရွာရောက်..တဲ့
သမီးက ကစားကွင်းသွားချင်တာ ရွာကိုသွားချင်တာမှ မဟုတ်ဘဲ ဘိုးဘိုးကလည်း...

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဧရာဝတီမြစ်ကမ်းဘေး တာရိုးပတ်လမ်း ဆောင်ရွက်မည့်အခြေအနေနှင့် မဲစာရင်းကြေညာထားမှု ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား အောက်တိုဘာ ၁၀**
ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်ဘေး တာရိုးပတ်လမ်းဆောင်ရွက်မည့် အခြေအနေနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများအတွင်း မဲစာရင်းကြေညာထားမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ အောင်ဆန်းလမ်းပေါ်ရှိ OSS ရုံး၊ ပြည်နယ်တရားလွှတ်တော်ရုံးနှင့် စာတိုက်ရှေ့လမ်း၌ ယာဉ်ပိတ်ဆို့မှုအခြေအနေကို ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ လမ်းဘေးဝဲ/ယာတွင် ကားပါကင်ပြုလုပ်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မရပ်ကွက်အတွင်း ဧရာဝတီမြစ်ကမ်းဘေး စည်ပင်သာယာဆိပ်မှ ဝန်ကြီးအိမ်ရာအထိ ကမ်းနားလမ်းတိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများအပန်းဖြေနိုင်ရေးအတွက် မြေယာရှင်းအလုနှင့် အားကစားပစ္စည်းများထားရှိနိုင်ရေး တာဝန်ရှိသူများနှင့်အတူ စီမံဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် လယ်ကုန်းရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာမှုအခြေအနေ၊ ပျားလုပ်ငန်းရုံးမြေနေရာ၌ ပြည်နယ်တရားလွှတ်တော်ရုံး ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာချထားပေးနိုင်ရေး အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး အဆိုပါရပ်ကွက်အတွင်း ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် တာရိုးပတ်လမ်း ဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရပ်ကွက်နေပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျွန်းပင်သာရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မဲစာရင်းပြည့်စုံမှန်ကန်မှုရှိစေရေး၊ လိုအပ်သည့် အကူအညီပေးနိုင်ရေးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ ဥပဒေများနှင့်အညီ ပြင်ဆင်ဖြည့်စွက်မှုများကို စိစစ်လက်ခံရေး မြို့နယ်/ရပ်ကွက်ကော်မရှင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



## ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့ သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ပျံကျဈေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်ညီညွတ်မှု ရှိ/မရှိ စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၀**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်ဦးစိုးလွင်သည် တာဝန်ရှိသူများနှင့်အတူ သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ပျံကျဈေးသို့ ယနေ့ နံနက်ပိုင်းက ဈေးရောင်းသူ ဈေးဝယ်သူများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ နှာခေါင်းစည်း၊ မျက်နှာအကာ၊ လက်အိတ်များ ဝတ်ဆင်၍ ဈေးရောင်းချခြင်းနှင့် ဈေးဝယ်သူများကလည်း နှာခေါင်းစည်းစနစ်တကျ ဝတ်ဆင်ထားခြင်း ရှိ/မရှိ တို့ကို စစ်ဆေးခဲ့ကြပြီး နှာခေါင်းစည်းဝတ်ဆင်ရေး လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါဈေးများ၊ လူစည်ကားရာနေရာများတွင် မြို့နယ်ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီမှ မိမိတို့မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေး၊ ကူးစက်ပြန့်ပွားမှုများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် အသံချဲ့စက်များဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ သွားလာကြစေရေးအတွက် သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ရဲမင်းထွန်း**
**(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန် အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ Super Sunday လူမှုကူညီရေးအသင်းသို့ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အလှူငွေများ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများကို ယမန်နေ့ နံနက် ၁၀ နာရီက လာရောက်လှူဒါန်းကြသည်။

လှူဒါန်းရာတွင် ဝင်းတာယာမိသားစုက ငွေကျပ် ငါးသိန်း၊ နံနက်စာ အလှူရှင် ရွှေကောင်းကြွယ်လက်ဖက်ရည်ဆိုင်မိသားစု၊ We Love Yangonမှ ရေသန့် ကတ် ၅၀၀၊ BORA Engineering and Trading Co.,Ltd. မိသားစုက အရက်ပြန် နှစ်လီတာဘူး နှစ်ဒါဇင်၊ လက်အိတ် အခု ၅၀၀၊PPE Level2 အစုံ ၅၀၊ Royal D အားဖြည့်အချိုရည်များနှင့်မုန့်များကို အလှူရှင်များက လာရောက်လှူဒါန်းရာ Super Sunday လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ကိုသူရိန်ထွန်းက လက်ခံရယူခဲ့သည်။

အင်းစိန်မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ သံသယလူနာများကုသရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၁၀**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ သံသယလူနာများနှင့် အရေးပေါ်လူနာများအတွက် ကုသပေးနိုင်ရန် ယနေ့နံနက်ပိုင်းက အောက်ဆီဂျင်စက်နှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် Myanmar Childern Focusအဖွဲ့မှ ဒလမြို့နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်သော အရေးပေါ်လူနာများ ကုသနိုင်ရန် အောက်ဆီဂျင်စက်တစ်လုံး၊ KN-95 နှာခေါင်းစည်း အခု ၂၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၅၀၊ Air Cooler ၁၂ လုံး၊ Slippers ၁၂ ခု စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅ သိန်းရှိ ကျန်းမာရေး အထောက်အကူပြုပစ္စည်း များကို အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ Myanmar Childern Focusအဖွဲ့တည်ထောင်သူကိုအာကာနှင့် We Love Yangon-Dala မှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ဆက်လက်၍ သပြေကုန်းကျေးရွာ၊ ညောင်ငုတ္တိုလ်ကျေးရွာ၊ ပျော်ဘွယ်ကြီးကျေးရွာနှင့် ရခိုင်ချောင်ကျေးရွာတို့ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများသို့ Air Cooler သုံးလုံးစီဖြင့် စုစုပေါင်း ၁၂ လုံး သွားရောက်လှူဒါန်းခဲ့သည်။ **နိုင်လင်းကျော်(ဒလ)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေး နှာခေါင်းစည်းများ အခမဲ့ယူနိုင်ရန် စီစဉ်ပေးထား

**ရေတာရှည် အောက်တိုဘာ ၁၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တွင် ကိုဗစ်-၁၉ ရောဂါကာလ ခရီးသွားလာကြသူများ ရာနှုန်းပြည့်နှာခေါင်းစည်းအကာအကွယ်ဝတ်ဆင်ကြစေရန်နှင့် လက်သန့်စင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ဆွာမြို့ကြက်ခြေနီအဖွဲ့၊ မြို့သူ မြို့သားများစုပေါင်း၍ ဆွာမြို့လယ် ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက်ဘေး TRI လက်ဖက်ရည်ဆိုင်ရှေ့၌ စီစဉ်ပေးထားသည်။

"ဈေးရောင်း ဈေးဝယ်လာကြသူတွေနဲ့ ခရီးသွားလာကြသူတွေကို နှာခေါင်းစည်း အကာအကွယ်ဝတ်ဆင်ကြဖို့ အားလုံးဝိုင်းဝန်းပြီး နေ့စဉ်လိုလို နှိုးဆော်ပေးနေပါတယ်၊ အခမဲ့လည်းဝေငှပေးနေတာ၊ ခုအစီအစဉ်လေးကတော့ လိုအပ်သူတွေအတွက် အချိန်မရွေး တစ်ယောက်ကို တစ်ခုယူနိုင်ဖို့ စီစဉ်ပေးထားတာ၊ မြို့နယ်အတွင်းမှာတော့ ဒါပထမဦးဆုံးပါပဲ"ဟု အရေးပေါ်ကူညီရေးပရဟိတအဖွဲ့မှ ဦးဝကြီးက ပြောသည်။

**ကိုလွင်(ဆွာ)**

## လှိုင်ကော်မြို့ရှိ ယာယီကုန်တင်ယာဉ်ရပ်နားစခန်းအား ဝါရီကောခူကျေးရွာ အထက(ခွဲ)ဝါရီကောခူသို့ ပြောင်းရွှေ့ဖွင့်လှစ်

**လှိုင်ကော် အောက်တိုဘာ ၁၀**
ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ပြည်နယ်၏ ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှုမဖြစ်ပေါ်စေရေးအတွက် လှိုင်ကော် မြို့ အထက(၆)၌ ဖွင့်လှစ်ထားသည့် ယာယီကုန်တင်ယာဉ်ရပ်နားစခန်းကို ယနေ့ နံနက်ပိုင်းမှစ၍ လှိုင်ကော်မြို့အဝင်ရှိ ဝါရီကောခူကျေးရွာ အထက(ခွဲ) ဝါရီကောခူကျောင်းဝင်းအတွင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးလုပ်ငန်းများကို ပိုမိုစနစ်ကျကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ယာယီကုန်တင်ယာဉ်ရပ်နားစခန်းကို အထက(၆) တွင်ထားရှိရာမှ လှိုင်ကော်မြို့အဝင်ရှိ ဝါရီကောခူကျေးရွာ အထက(ခွဲ) ဝါရီကောခူကျောင်းဝင်းအတွင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ တည်းခိုနေထိုင်နိုင်ရေးအတွက် အခန်းနှင့်ခုတင်များ၊ သောက်သုံးရေများ၊ လျှပ်စစ်မီးများ၊ ရေချိုးခန်း၊ သန့်စင်ခန်းနှင့် မော်တော်ယာဉ်ရပ်နားမည့်နေရာများကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ပြည်နယ်အစိုးရမှထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝင်ရောက်လာသည့်ကုန်တင်မော်တော်ယာဉ်များကို အဆိုပါယာဉ်ရပ်နားစခန်းတွင်သာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၏ ကျန်းမာရေးကို နေ့စဉ်စစ်ဆေးသွားမည်ဖြစ်သည်။ **စိုးလှိုင်ဌေး(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)
၁၃၈၂ ခုနှစ်၊ လ ရက်
(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)၏နောက်တွင် ပုဒ်မခွဲ(ဇ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဇ) **ပြင်ပရဟန်းတော်**ဆိုသည်မှာ ဝန်ထမ်းဖွဲ့စည်းပုံတွင် ပါဝင်ခြင်းမရှိသည့် တက္ကသိုလ်၏ လုပ်ငန်းသဘာဝနှင့် လုပ်ငန်းလိုအပ်ချက်အရ တက္ကသိုလ်သင်ကြားရေးကဏ္ဍတွင် ခန့်အပ်သည့် ရဟန်းတော်ကို ဆိုသည်။"

၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၉။ ဝန်ကြီးဌာနသည်–

(က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင် ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် ဆရာတော်နှင့် ဌာနကြီးမှူးဆရာတော်များ၊ နိုင်ငံတော်အတွင်း ဩဇာတိက္ကမကြီးမားသည့် ဆရာတော်များ စုစုပေါင်း ၂၁ ပါးထက်မပိုသော ဆရာတော်များပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါ စရိယအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဩဝါဒါစရိယအဖွဲ့ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဩဝါဒါစရိယအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၄။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)၌ ပါရှိသော "ကြပ်မတ်၍"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၂။ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။ အစည်းအဝေးကို လိုအပ်ပါက အရေးပေါ်ခေါ်ယူကျင်းပနိုင်သည်။"

၆။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော "မဟာဌာနမှူး"ဆိုသည့် စကားရပ်ကို "ဌာနကြီးမှူး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၅။ ကောင်စီအစည်းအဝေးကို ဩဝါဒါစရိယအဖွဲ့ အစည်းအဝေး မတိုင်မီ သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။"

၈။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဗ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဗ) ပြင်ပရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော လူပုဂ္ဂိုလ်ပညာရှင်များကို တက္ကသိုလ်သင်ကြားရေးကဏ္ဍ၌ ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့က အဆိုပြုရွေးချယ်သူကို အစည်းအဝေးအတည်ပြုချက်ဖြင့် ခန့်အပ်ခြင်း၊ လျှော့ပြောင်းပေးခြင်း၊ ချီးမြှင့်ခြင်း၊"

၉။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ အခန်း(၆)၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

"ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား) ခန့်အပ်ခြင်း၊ ဆရာတော်များ၏ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားခြင်း"

၁၀။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၇။ (က) ဝန်ကြီးဌာနသည် ပါမောက္ခချုပ်ကို ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့၏ ထောက်ခံချက်၊ ကောင်စီ၏ အတည်ပြုချက်တို့ကို ရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကို ခံယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်။

(ခ) ဝန်ကြီးဌာနသည် ဒုတိယပါမောက္ခချုပ်(သင်ကြား)ကို ခန့်အပ်ရာတွင် တက္ကသိုလ် ပညာရေးအဖွဲ့၏ ထောက်ခံချက်၊ ကောင်စီ၏ အတည်ပြုချက်တို့ကိုရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကို ခံယူ၍ ခန့်အပ်ရမည်။

(ဂ) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့၏ ရာထူးသက်တမ်းသည် သက်တော် ၇၀ နှစ်ပြည့်သည်အထိ ဖြစ်ပြီး၊ ဌာနကြီးမှူး၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ ဆရာတော်များ၏ ရာထူးသက်တမ်းသည် သက်တော် ၆၅ နှစ် ပြည့်သည်အထိ ဖြစ်သည်။

(ဃ) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ဌာနကြီးမှူးနှင့် ပါမောက္ခ ဆရာတော်များသည် ရာထူးသက်တမ်း ပြည့်ပြီးသော်လည်း ကျန်းမာရေးကောင်းမွန်၍ တာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းရှိပါက ဝန်ကြီးဌာနသည် တစ်နှစ်လျှင် တစ်ကြိမ်ဖြင့် ငါးကြိမ်အထိ သက်တမ်းတိုးမြှင့်ခြင်းကို အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သည်။

(င) ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့သည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုက နုတ်ထွက်ခွင့်ရှိသည်။ ပါမောက္ခချုပ်ဖြစ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ လည်းကောင်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဖြစ်ပါက ဝန်ကြီးဌာနသို့လည်းကောင်း စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

(စ) ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့သည် ပုဒ်မ ၁၈တွင် ပြဋ္ဌာန်းထားသော ဂုဏ်အင်္ဂါအရည်အချင်း တစ်ခုခုပျက်ယွင်းခြင်း သို့မဟုတ် ပေးအပ်သောတာဝန်ကို ကျေပွန်စွာ မဆောင်ရွက်နိုင်ခြင်းစသည့် အကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း ဩဝါဒါစရိယအဖွဲ့က ဆုံးဖြတ်ပါက ပါမောက္ခချုပ်ဖြစ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ ဒုတိယပါမောက္ခချုပ် (သင်ကြား)ဖြစ်လျှင် ကောင်စီ၏ သဘောတူညီချက်ဖြင့် လည်းကောင်း တာဝန်မှ ရပ်စဲခြင်းကို ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

(ဆ) ရာထူးသက်တမ်း ကုန်ဆုံးခြင်းကြောင့်ဖြစ်စေ၊ ရာထူးမှ နုတ်ထွက်ခြင်းကြောင့် ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ပျံလွန်တော်မူခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခု ပေါ်ပေါက်ခြင်းကြောင့်ဖြစ်စေ ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ရာထူးနေရာ လစ်လပ်ပါက ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ် (သင်ကြား)တို့ကို ခန့်အပ်ရမည်။"

၁၁။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၈ တွင်–

(က) ပုဒ်မခွဲ(ခ)တွင် ပါရှိသော "ပါရဂူဘွဲ့"ဆိုသည့် စကားရပ်ကို "ဗုဒ္ဓဘာသာ စာပေဆိုင်ရာ ပါရဂူဘွဲ့တစ်ခုခုကို"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဃ)တွင်–

(၁) ခြေဆင်း၌ ပါရှိသော "သုံးခု"ဆိုသည့် စကားရပ်ကို "နှစ်ခု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(၂) ပုဒ်မခွဲငယ်(၁)၌ ပါရှိသော "မဟာ"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(၃) ပုဒ်မခွဲငယ်(၂)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(၂) သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ မဟာဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ) သို့မဟုတ် သာသနတက္ကသီလ မဟာဓမ္မာစရိယ၊"

(ဂ) ပုဒ်မခွဲ(စ) ပုဒ်မခွဲငယ်(၈) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(၈) မိမိမှားမှန်းသိလျှင် အလျှော့ပေးခြင်း၊ ပြောလွယ်ဆိုလွယ်ဖြစ်ခြင်း "သောဝစဿ တာဂုဏ်"။"

(ဃ) ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဇ) တက္ကသိုလ်၏စီမံခန့်ခွဲရေး၊ သင်ကြားရေး အစရှိသည့် လုပ်ငန်းအရပ်ရပ်ကို ဦးစားပေး၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်သော ဆရာတော်ဖြစ်ရမည်။"

(င) ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**"(ဈ) တက္ကသိုလ်တွင် ပါမောက္ခ သို့မဟုတ် ဌာနကြီးမှူးလုပ်သက် အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာတော်ဖြစ်ရမည်။"**

၁၂။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၂၂ တွင်–

(က) ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁)၌ ပါရှိသော "တက္ကသိုလ်"ဆိုသည့် စကားရပ်ကို "အစိုးရ တက္ကသိုလ်တစ်ခုခု"ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

(ခ) ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၃)ကို ပယ်ဖျက်ရမည်။

၁၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၂၈ ကို ပယ်ဖျက်ရမည်။

---

# နိုင်ငံတော်က ငွေကျပ် ၁၂၇ ဒသမ ၅ ဘီလီယံ အကုန်အကျခံပြုပြင်ခဲ့သည့် မြစ်ကြီးနား-ပူတာအိုကားလမ်း ရာသီမရွေးသွားလာနိုင်ပြီ

**မြစ်ကြီးနား အောက်တိုဘာ ၁၀**

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် ကချင်ပြည်နယ်အတွင်းရှိသော ပြည်ထောင်စုလမ်းမကြီးဖြစ်သည်။ လမ်း အရှည် ၂၀၇ မိုင် သုံးဖာလုံရှိပြီး ယခင်က မြစ်ကြီးနားမှ ပူတာအိုလမ်းပိုင်းအတွင်း ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်း အခြေအနေဖြင့် ၁၀၇ မိုင်ကျော် ရှိခဲ့သည်။

ယခင် မြစ်ကြီးနားမှ ပူတာအိုသို့ သွားရာတွင် နှစ်ည သုံးညအိပ်ခရီးဖြင့် သွားလာခဲ့ရကြောင်း သိရသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှစ၍ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၅ ဘီလီယံကျော်ဖြင့် လမ်းတံတား တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်တွင် တိုးတက်လာသည့် လမ်းတံတား အခြေအနေများမှာ ကွန်ကရစ်လမ်း ၁၀၆ မိုင် သုံးဖာလုံ၊ နိုင်လွန်ကတ္တရာလမ်း သုံးမိုင် ငါးဖာလုံ၊ ကတ္တရာလမ်း ၈၆ မိုင် ခုနစ်ဖာလုံ၊ ကျောက်အမာခံလမ်း ၁၀ မိုင် လေးဖာလုံရှိသည်။ တံတားများအနေဖြင့် ပေ ၅၀ အောက် တံတား ၆၃၇ စင်း၊ ပေ ၅၀ အထက်တံတား ၁၉ စင်းအထိ တည်ဆောက်နိုင်ခဲ့သည်။

ယင်းတံတားများမှာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တီယမ်ဇွတ်တံတား ပေ ၃၀၀၊ ဒရုခတံတား ပေ ၂၀၀၊ စီနင်ခတံတား ၂၀၄ ပေ၊ ဖုန်ချန်တံတား ပေ ၂၄၀၊ ဆွမ်ပီယန်တံတား ပေ ၂၂၀ စသည့် တံတားကြီး ငါးစင်းကိုလည်း အခိုင်အမာ သံကူကွန်ကရစ်တံတားကြီးများအဖြစ် တည်ဆောက်နိုင်ခဲ့သည်။

ယခုအခါ ရာသီမရွေး ဆက်သွယ်သွားလာနိုင်သည့် လမ်းတံတားများ တိုးတက်ကောင်းမွန်လာပြီဖြစ်သည့်အတွက် မြစ်ကြီးနားမှ ပူတာအိုသို့ နေ့ချင်းပေါက် ၉ နာရီ ခရီးဖြင့် အရောက်သွားနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို ကားလမ်း တစ်နေရာကို တွေ့ရစဉ်။

# အိန္ဒိယပို့ကုန် ပဲအမျိုးအစားများ သုံးနှစ်အတွင်း စံချိန်တင်အမြင့်ဆုံးဈေးနှုန်းများဖြင့် အရောင်းသွက်



**မန္တလေး အောက်တိုဘာ ၁၀**
အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ကုန်ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ကုလားပဲများ ဝယ်လိုအားကောင်းမွန်လာမှုကြောင့် ယခုရက်ပိုင်းတွင် မန္တလေးပဲဈေးကွက်၌ ဈေးနှုန်းများ သိသာစွာမြင့်တက်ကာ သုံးနှစ်အတွင်း စံချိန်တင် အမြင့်ဆုံးဈေးနှုန်းများဖြင့် အရောင်းသွက်လျက်ရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲအမျိုးအစားများမှာ မန္တလေးအွန်လိုင်းဈေးကွက်၌ ယခင်စက်တင်ဘာလဆန်းပိုင်းက မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ ကုလားပဲဖြူကြီးမှာလည်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ သို့ကျဆင်းလျက်ရှိနေရာမှ စက်တင်ဘာလလယ်ပိုင်းမှစတင်၍ ဈေးနှုန်းများ သိသာစွာမြင့်တက်ကာ အောက်တိုဘာ ၈ ရက်တွင် မတ်ပဲမှာငွေကျပ် ၁၁၂၀၀၀၊ ပဲစင်းငုံမှာငွေကျပ် ၈၈၀၀၀၊ ကုလားပဲဖြူကြီးမှာ ငွေကျပ် ၉၅၀၀၀ သို့ အမြင့်ဆုံးဈေးနှုန်းများရောက်ရှိကာ အရောင်းသွက်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ ကာလအတွင်းမှာ မြန်မာထွက်ကုန်ပဲတွေကို တရုတ်နိုင်ငံကအဓိကဝယ်လက်အဖြစ် ဝယ်ယူနေပေမယ့် စက်တင်ဘာလဆန်းကစပြီး ပဲအားလုံးရဲ့ဈေးတွေကျဆင်းလာကာ အရောင်းအဝယ်တွေလည်း ထိုင်းလာတယ်။ ဒီလိုအချိန်မှာ အိန္ဒိယနိုင်ငံက မတ်ပဲကို တန်ချိန် ၁၅၀၀၀၀ ထပ်မံဝယ်ယူမှုတွေရှိလာတဲ့အပြင် ကျန်တဲ့ပဲစင်းငုံနဲ့ ကုလားပဲတွေကိုလည်း ဝယ်ယူဖို့ အစီအစဉ်ရှိတယ်ဆိုတဲ့ သတင်းတွေကြောင့် အခုလိုဈေးတွေမြင့်တက်လာတာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိကာလတွင် မန္တလေးကုန်စည်ဒိုင်အား ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက်ယာယီပိတ်ထားသော်လည်း အွန်လိုင်းဖြင့်ချိတ်ဆက်ကာ အရောင်းအဝယ်များ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းနှင့် အဆိုပါ မတ်ပဲ၊ ပဲစင်းငုံနှင့် ကုလားပဲသီးနှံများမှာ ဆောင်းသီးနှံဖြစ်သည့်အတွက် လာမည့်သီတင်းကျွတ်ကာလတွင် စတင်စိုက်ပျိုးနိုင်ရန် တောင်သူများပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝန်းသိုမြို့နယ်ရှိ မိုးစပါးမျိုးစေ့ထုတ်ကွက်အတွင်း ပိုးမွှားကျရောက်မှု ရှိ၊ မရှိစစ်ဆေးခြင်းနှင့် မျိုးကွဲပယ်ခြင်းဆောင်ရွက်

**ဝန်းသို အောက်တိုဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာဖြစ်သော ဩဂကျေးရွာရှိ ကွင်းအမှတ်(၁၂၉၇)တွင် စိုက်ပျိုးထားသော မိုးစပါးမှော်ဘီ(၂) မျိုးစေ့ထုတ်ကွက်အတွင်း ပိုးမွှားကျရောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် မျိုးကွဲပယ်ခြင်းတို့ကို အောက်တိုဘာ ၈ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ကျဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မျိုးကွဲပါဝင်မှု သုည ဒသမ ဝ၁ ရာခိုင်နှုန်းသာတွေ့ရှိခဲ့ရကြောင်း သိရသည်။



မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ မိမိတို့စိုက်ပျိုးထားသော မိုးစပါးစိုက်ကွက်များ အောင်မြင်ဖြစ်ထွန်းစေရန်၊ သဘာဝမြေသြဇာများကို လက်တွေ့ပြုလုပ်သုံးစွဲနိုင်ရန်၊ ဓာတ်မြေသြဇာ တစ်မျိုးတည်းကို ရေရှည်သုံးစွဲခြင်းဖြင့် မြေဆီလွှာများ ဖွဲ့စည်းပုံနှင့် အာဟာရဓာတ်တန်ဖိုးများ ပျက်စီးဆုံးရှုံးစေနိုင်ကြောင်းနှင့် သီးနှံပင်များအနေဖြင့်လည်း အထွက်နှုန်းများ လျော့ကျခြင်း၊ ပိုးမွှားကျရောက်မှုများပြားလာခြင်းစသည့် အားနည်းချက်များ ဖြစ်ပေါ်စေနိုင်ကြောင်းတို့ကို သိရှိစေရန်၊ အရည်အသွေးကောင်းမွန်သော သီးနှံများ စိုက်ပျိုးထုတ်လုပ်သုံးစွဲနိုင်ရန် ရည်ရွယ်၍ တောင်သူများနှင့်ပူးပေါင်းကာ ယခုလို ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဝန်းသိုမြို့နယ်တွင် ၂၀၂၀ပြည့်နှစ် မိုးစပါးစိုက်ဧက ၃၈၉၈၉ ဧကစိုက်ပျိုးထားလျက်ရှိပြီး ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် စီးပွားဖြစ် မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်ဧက ၂၅၀ စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ရေနံချောင်းမြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ရေနံချောင်း အောက်တိုဘာ ၁၀**
မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ်တွင် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ရေနံချောင်းမြို့နယ်ရှိကျေးရွာများတွင် ချည်မျှင်ရှည်ဝါကို ဝါဆို၊ ဝါခေါင်လတို့တွင် ယာမြေများ၌ အဓိကစိုက်ပျိုးကြပြီး နှစ်စဉ်နှစ်တိုင်းဝါဈေးသည် ဈေးအသင့်အတင့်ရှိသည့်အတွက် တွက်ချေကိုက်ကြကြောင်း ဝါစိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ကျေးရွာအုပ်စုမှာ တောင်သူတွေ ငွေချည်(၆)နဲ့ ရွှေတောင်(၁) ဝါကိုစိုက်ကြတယ်။ လက်ရှိ ဝါစိုက်ဧက ၅၀၀ ဝန်းကျင်စိုက်ထားပါတယ်။ အထွက်နှုန်းကတော့ ငွေချည်(၆) တစ်ဧကကို ဝါပိဿာ ၃၀၀ ထွက်ပြီးတော့ ရွှေတောင်(၁)ဝါက ပိဿာ ၂၀၀ ထွက်တဲ့အတွက် တွက်ချေကိုက်တဲ့သီးနှံတွေပါ"ဟု ရုံးကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်က ပြောကြားသည်။

ရေနံချောင်းမြို့နယ်တွင် ဝါဧက ၂၀၀၀ နီးပါး လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

**ဆန်းညွန့်**
**(ရေနံချောင်း)**

# ကိုဗစ်-၁၉ရောဂါကာလ ကုန်သွယ်မှုအခက်အခဲကြားမှ ငရုတ်ဈေးတက်ကာ အရောင်းအဝယ်ကောင်းလျက်ရှိ

**စစ်ကိုင်း အောက်တိုဘာ ၁၀**
ကိုဗစ်-၁၉ကာလ ကုန်သွယ်မှုအခက်အခဲကြားမှ ငရုတ်ဈေးတက်ကာအရောင်းအဝယ်ကောင်းလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငရုတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဝင် ဦးစိုးမြတ်ထံမှ သိရသည်။

"သာမို-၁၁က တစ်ပိဿာ ကျပ် ၁၇၀၀ဈေးရှိတယ်။ ဈေးတက်တယ်။ ပြီးခဲ့တဲ့စက်တင်ဘာလက တစ်ပိဿာ ကျပ် ၁၃၀၀ ဈေးရှိတယ်။ အခုစစိုက်တာလည်း အထွက်နည်းသေးသလို ပြီးခဲ့တဲ့နှစ်ကစိုက်တာကလည်းလျော့တယ်။ ကုန်သွယ်မှု အခက်အခဲကြားက ဈေးကောင်းလာတာပါ။ ကိုဗစ်-၁၉ကာလမှာ ငရုတ်စားသုံးသူများတော့ အမှာများတယ်။ ဝယ်လိုအားများပေမယ့် ရောင်းလိုအားပစ္စည်းမရှိဘူးဖြစ်နေပါတယ်"ဟု ဦးစိုးမြတ်က ပြောကြားသည်။

ငရုတ်သီးကို စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးနှင့် မြောင်နယ်ဒေသတွင် အစိုက်များနေသော်လည်း ယခင်နှစ်များက တစ်ရက်လျှင်ပိဿာချိန် ၁၀၀၀၀



ကျော်ထွက်ရာက မိုးခေါင်၍ တစ်ရက်ပိဿာ ၄၀၀၀ ခန့်သာ ထွက်တော့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အင်းတော်မြို့နယ်၌ အီးအမ်ဘိုကာရှီ သဘာဝမြေသြဇာပြုလုပ်နည်းနှင့် သုံးစွဲနည်း လက်တွေ့ပြသ

**အင်းတော် အောက်တိုဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အင်းတော်မြို့နယ်မဲဇာနည်းပညာပေးစင်တာတွင် အီးအမ်ဘိုကာရှီ သဘာဝမြေသြဇာပြုလုပ်ခြင်းနှင့် သုံးစွဲနည်းများကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက အောက်တိုဘာ ၈ ရက်က လက်တွေ့ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသအတွင်းရှိ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များကို သဘာဝမြေသြဇာများ လက်တွေ့ပြုလုပ်သုံးစွဲနိုင်ရေး၊ မိမိတို့ကိုယ်တိုင် သဘာဝမြေသြဇာပြုလုပ်သုံးစွဲသည့်အလေ့အကျင့်ကောင်းများရရှိလာနိုင်စေရေး၊ သဘာဝမြေသြဇာသုံးစွဲခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော ဒေသထွက်ကုန်များရရှိလာနိုင်ရေး၊ သဘာဝမြေသြဇာသုံးစွဲခြင်းဖြင့် သီးနှံမျိုးစုံနှင့်အပင်များဖွံ့ဖြိုးတိုးတက်လာမှုများ၊ သီးနှံနှင့် အပင်ကို ဖျက်ပိုးများ၏ ဖျက်ဆီးမှုအခြေအနေ၊ ခံနိုင်ရည်ရှိမှုအခြေအနေများကို သိရှိနိုင်ရေး၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကိုသိရှိနိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ နည်းပညာပေး လက်တွေ့ပြသရခြင်းဖြစ်ကြောင်း၊ ဒေသအတွင်းရှိ သီးနှံစားသုံးသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော သဘာဝစားသောက်ကုန်သီးနှံများကို စားသုံးနိုင်စေရေးအတွက် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းခိုင်က ပြောကြားသည်။

**ကျော်သီဟ**

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# မြန်မာ့သမိုင်းက ပြောပြနေသော မြန်မာ့ရုပ်ရှင်အနုပညာ၏ နှစ်တစ်ရာပြည့်ခရီး အပိုင်း(၁)

**စန်းနီလာဝင်း**

**မြန်မာ့ရုပ်ရှင်၏ မှန်မြတ်သောသမိုင်းအစဉ်အလာ**

မြန်မာ့ရုပ်ရှင်သည် စတင်ပေါ်ပေါက်လာခဲ့ချိန်မှစ၍ ဖြေဖျော်ရေးသက်သက်မဟုတ်ဘဲ ဖြတ်သန်းလာခဲ့ရသည့် ခေတ်အဆက်ဆက်တွင် တိုင်းချစ်ပြည်ချစ်စိတ် ထွန်းကားရေး၊ ပရိသတ်ပြည်သူများ အသိအမြင်ပညာနှင့် ဘဝသင်ခန်းစာကောင်းများရရှိရေး၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ထွန်းကားရေး၊ သရုပ်ပျက်ယဉ်ကျေးမှုများ တိုက်ဖျက်ရေးနှင့် ရသအနုပညာခံစားနိုင်ရေးတို့ကို ရှေးရှုပြီး တင်ဆက်ခဲ့ကြသည်ကို ဂုဏ်ယူလေးစားဖွယ် တွေ့မြင်ကြရပါသည်။ မြန်မာ့ရုပ်ရှင်အနုပညာရှင်များသည် အမိမြန်မာနိုင်ငံတော်ကြီး ဖြတ်သန်းခဲ့ရသည့် ခေတ်ကာလအဆက်ဆက်တွင် အမျိုးသားရေးလုပ်ငန်းများ၌ ကိုယ်တိုင်ကိုယ်ကျ စွန့်စားဆင်နွှဲခဲ့ကြသည်များမှာလည်း သမိုင်းမော်ကွန်းစိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ကမ္ဘာ့ရုပ်ရှင်နှင့် မြန်မာ့ရုပ်ရှင်လောကတွင် အဖြစ်အပျက်အကြောင်းအရာအလိုက်၊ ဇာတ်အိမ် ဇာတ်ကွက်အလိုက်၊ ရသအလိုက်ခွဲခြားနိုင်သော ဇာတ်လမ်းအမျိုးအစားပေါင်း အကြမ်းအားဖြင့် (၁၅) မျိုးခန့်ရှိသည်ဟုဆိုပါသည်။ ယင်းတို့မှာ–

(၁) အချစ်
(၂) လူမှုရေး
(၃) လှုပ်ရှားမှု
(၄) စုံထောက်
(၅) လျှို့ဝှက်သည်းဖို
(၆) ရယ်ရွှင်ဖွယ်
(၇) တေးသံစုံ
(၈) စစ်
(၉) ဘာသာရေး
(၁၀) ရာဇဝင်
(၁၁) အတ္ထုပ္ပတ္တိ
(၁၂) စွန့်စားခန်း
(၁၃) စိတ္တဗေဒ
(၁၄) သိပ္ပံ
(၁၅) ဘဝသရုပ်ဖော် တို့ဖြစ်ကြပါသည်။

အမိမြန်မာပြည်သည် ခရစ်နှစ် ၁၈၂၄ ခုနှစ်တွင် ပထမအကြိမ် အင်္ဂလိပ်-မြန်မာ စစ်ပွဲ၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ကာ အင်္ဂလိပ်နယ်ချဲ့၏ ကျူးကျော်စစ်ဖြင့် မတရားသိမ်းပိုက်ခံခဲ့ရရာ ပထမအကြိမ်၌ ရခိုင်နှင့် တနင်္သာရီဒေသ၊ ဒုတိယအကြိမ်၌ အောက်မြန်မာပြည်၊ တတိယအကြိမ်၌ အထက်မြန်မာပြည်အပါအဝင် တစ်နိုင်ငံလုံး သိမ်းပိုက်ခံခဲ့ကြရကာ သူ့ကျွန်အဖြစ် နှံ့နစ်ခဲ့ရသည်။

ပထမအကြိမ် အင်္ဂလိပ်နယ်ချဲ့၏ ကျူးကျော်စစ်ပြီးဆုံးချိန်မှာပင် ထိုစဉ်က အနောက်နိုင်ငံများ၌ ရုပ်ရှင်၏ ရှေ့ပြေးအခြေအနေများဖြစ်သော အရိပ်ပြပွဲများ၊ ကင်မရာများ၊ ဖလင်များကို စမ်းသပ်နေခဲ့ပြီဟု သိရသည်။ ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲကာလ၌ အနောက်နိုင်ငံများတွင် ရုပ်သေဓာတ်ပုံများကိုရိုက်ကူးပြီး တစ်ပုံချင်းစီကို အမြန်နှုန်းဖြင့် ကြည့်ပါက ရုပ်သေပုံများလှုပ်ရှားရှင်သန်လာနေသည်ဟု စမ်းသပ်တွေ့ရှိခဲ့ရသည်။ တတိယ အင်္ဂလိပ်-မြန်မာစစ်အပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံး အချုပ်အခြာအာဏာ ဆုံးရှုံးသွားချိန်တွင် အနောက်နိုင်ငံများ၌ “ရုပ်ရှင်အနုပညာ”တစ်ရပ် စတင် ပေါ်ပေါက်နေပြီ ဖြစ်သည်။

> **ရွှက်ထည်ဖျင်ဖြင့် ဆောက်လုပ်ထားသော ရုပ်ရှင်ရုံအတွင်းအပြင်၌ မီးထွန်းရန်နှင့် ရုပ်ရှင်ပြစက်မောင်းနှင်ရန်အတွက် လျှပ်စစ်ဓာတ်အားပေးစက်ကြီးကို ကျောက်မီးသွေးဖြင့် မောင်းနှင်ရ။ လျှပ်စစ်ဓာတ်အားပေးစက်ကြီး မီးခိုးတလူလူနှင့် တဂျုံးဂျုံး၊ တဂျိုင်းဂျိုင်းဆူညံသံများ ထွက်လာတော့မှ မီးလင်းလာ။ ရုပ်ရှင်ပြတော့မည်ဆိုလျှင် မီးမှိတ်လိုက်ပြီး စတင်ပြသသည်နှင့် “ကြိုဆိုပါသည်” (Welcome) ဟူသော စာလုံးကြီး ပေါ်ထွက်လာ။**


မြန်မာ့ရုပ်ရှင်ဖခင်ကြီး
လန်ဒန်အတ်(London Art) ဦးအုန်းမောင်


ယနေ့တိုင်မရှိးနိုင်သည့် ဗိုလ်အောင်ဒင် ဇာတ်ကား၏ ဒါရိုက်တာ ရွှေဒုံးဘီအောင်

သူ့ကျွန်အဖြစ် နှံ့နစ်မခံလိုကြသော မြန်မာတိုင်းရင်းသားတို့သည် အင်္ဂလိပ်နယ်ချဲ့ကို ရရာလက်နက်များဖြင့် တော်လှန်နေကြရသဖြင့် ရုပ်ရှင်နှင့်အလှမ်းဝေးနေခဲ့သည်ဟုဆိုရပါမည်။ ထိုစဉ်က အနောက်နိုင်ငံသားအများအပြားသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ကြပြီး စစ်ရေးအတွက်လည်းကောင်း၊ သာသနာပြုရန်အတွက်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများအတွက်လည်းကောင်း လာရောက်ကြသကဲ့သို့ ထိုအထဲတွင် ဓာတ်ပုံပညာရှင်များ၊ ရုပ်ရှင်ပညာရှင်များပါ ပါဝင်ခဲ့ကြသည်။ ထိုပညာရှင်တို့သည် မြန်မာနိုင်ငံ၌ မြင်တွေ့ရသော စိတ်ဝင်စားဖွယ်ရာများထဲမှ ကောင်းနိုးရာရာများကို ရုပ်ရှင်အဖြစ် မှတ်တမ်းတင်ကာ ရိုက်ကူးသွားခဲ့ကြသည်။

ဤသည်မှာ မြန်မာနိုင်ငံတွင် ရုပ်ရှင်ရိုက်ကူးမှု၏ နိဒါန်းစတင်ခဲ့ခြင်းပင်ဖြစ်သည်။ သို့ရာတွင် သူတို့ ရိုက်ကူးမှတ်တမ်းတင်သွားခဲ့သော ပုံရိပ်များကို သူတို့နိုင်ငံများသို့ ပြန်လည်ရောက်ရှိမှသာ ကူးဆေးပြီး ပြသခဲ့ကြသည်။ ထိုဓာတ်ပုံပညာရှင်၊ ရုပ်ရှင်ပညာရှင်တို့သည် မြန်မာနိုင်ငံ ထွက်ကုန်ပစ္စည်းများ၊ သစ်လုပ်ငန်းများ၊ ဆင်များသစ်ဆွဲနေပုံများ၊ ဘုရား၊ စေတီပုထိုးတော်များကို မှတ်တမ်းတင်ရိုက်ကူးသွားခဲ့ကြသည်။


မြဂနိုင်ဇာတ်ကားမှ မင်းသား ချစ်ရွှေနှင့် မင်းသမီး မြင့်မြင့်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်း (၁၉၃၄)

၁၈၉၆ ခုနှစ်တွင် အင်္ဂလန်ရှိ လန်ဒန်မြို့တော် “အင်ပါယာ ဂီတခန်းမ” (The Empire Music Hall) ၌ ပြသခဲ့သော ရုပ်ရှင်ကားအတိုလေးများထဲ၌ “မှန်နန်းတော်ကြီးထဲက မြန်မာအက” (The Burmese dancers at the crystal palace) ဟူသော ရုပ်ရှင်ကားပိုင်းလေးပါရှိခဲ့သည်ဟု လေ့လာတွေ့ရှိရသည်။ ထိုရုပ်ရှင်ကားပိုင်းလေးမှာ မြန်မာနိုင်ငံတွင် မြန်မာတို့အကြောင်း ရိုက်ကူးထားသော ပထမဦးဆုံး မြန်မာရုပ်ရှင်ကားတိုလေးဟု ဆိုရမည်ဖြစ်ပါသည်။ သို့ရာတွင် ရိုက်ကူးသူများနှင့် ကြည့်ရှုသည့်ပရိသတ်မှာ တိုင်းတစ်ပါးသားများသာဖြစ်ခဲ့ကြသည်။

**မြန်မာနိုင်ငံ၌ ရုပ်ရှင်ပြသမှုစတင်ခြင်း**

မြန်မာနိုင်ငံသို့ ရုပ်ရှင်ကားများ ပြသရန် ယူဆောင်လာခဲ့ကြသူများမှာ မြန်မာများမဟုတ်ခဲ့ပေ။ ဥရောပတိုက်သားများ၊ ဂျပန်နိုင်ငံသားများ၊ အိန္ဒိယနိုင်ငံသားများ ဖြစ်ခဲ့ကြသည်။ မြန်မာနိုင်ငံသို့ ရုပ်ရှင်တင်သွင်းပြသခြင်းလုပ်ငန်းကို အိန္ဒိယနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံသားများက အများဆုံးလုပ်ကိုင်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ လက်အောက်ခံပြည်နယ်တစ်နယ်အဖြစ် သတ်မှတ်ကာ အင်္ဂလိပ်နယ်ချဲ့အစိုးရက အိန္ဒိယရှိအင်္ဂလိပ်ဘုရင်ခံချုပ်၏ အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့သောကြောင့်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ အများပြည်သူတို့အား ပထမဦးဆုံး ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို ၁၉၁၀ ပြည့်နှစ်တွင် စတင်ခဲ့သည်ဟု လေ့လာသိရှိရသည်။ ထိုစဉ်က “ဂေါ်ဒွင်လမ်း” (ယခုလမ်းမတော်လမ်း) နှင့် “ကျုံးကြီးလမ်း” (ယခုအနော်ရထာလမ်း) ထောင့်ရှိ မြေကွက်လပ်တွင် “အက်ဒီဆင်ဘိုင်စကုတ်ရုံ” အဖြစ် ရွက်ထည်ရုံတစ်ရုံ ဆောက်လုပ်ထားခဲ့သည်ဟု ဆိုသည်။ ရုပ်ရှင်ရုံ၏ ရှေ့တန်းနေရာ၌ ဖျာခင်းထားပြီး ရုပ်ရှင်ကြည့်သူတစ်ဦးလျှင် ထိုစဉ်က အိန္ဒိယနိုင်ငံသုံးငွေ “တစ်မူး” ပေးရပြီး နောက်တန်းက ထိုင်ခုံဖြင့်ထိုင်၍ ကြည့်ရှုသူတစ်ဦးလျှင် “တစ်မတ်” ပေးရသည်။ နောက်မှီခုံရှည်တန်းလျားဖြင့် ကြည့်ရှုသူတစ်ဦးလျှင် “ငါးမူး” ပေးရသည်ဟု သိရသည်။

ရွက်ထည်ဖျင်ဖြင့် ဆောက်လုပ်ထားသော ရုပ်ရှင်ရုံအတွင်းအပြင်၌ မီးထွန်းရန်နှင့် ရုပ်ရှင်ပြစက်မောင်းနှင်ရန်အတွက် လျှပ်စစ်ဓာတ်အားပေးစက်ကြီးကို ကျောက်မီးသွေးဖြင့် မောင်းနှင်ရသည်။ လျှပ်စစ်ဓာတ်အားပေးစက်ကြီး မီးခိုးတလူလူနှင့် တဂျုံးဂျုံး၊ တဂျိုင်းဂျိုင်းဆူညံသံများ ထွက်လာတော့မှ မီးလင်းလာသည်။ ရုပ်ရှင်ပြတော့မည်ဆိုလျှင် မီးမှိတ်လိုက်ပြီး စတင်ပြသသည်နှင့် “ကြိုဆိုပါသည်” (Welcome) ဟူသော စာလုံးကြီး ပေါ်ထွက်လာသည်။

ထိုစဉ်က ပြသသောရုပ်ရှင်ကားများမှာ အနောက်နိုင်ငံများမှ တံတားကြီးများ၊ တိုက်တာအဆောက်အအုံကြီးများ၊ သင်္ဘောကြီးများ၊ မီးရထားများ၊ မြို့တော်ကြီးများ၊ ပင်လယ်သမုဒ္ဒရာများမှ ရေလှိုင်းလုံးကြီးများ၊ သတင်းကားများ၊ ဟာသသရုပ်ဆောင်များ၏ ဖျော်ဖြေပုံများ ပါဝင်ကြသည်။

ရုပ်ရှင်ကားကို အပိုင်းလိုက်ပြသခဲ့ရသဖြင့် တစ်ပိုင်းပြီးတိုင်း “ဖလင်ရစ်ဘီးပြောင်းရသဖြင့် တစ်မိနစ်ခန့်သည်းခံပါ” ဟူ၍ မြန်မာ / အင်္ဂလိပ်စာတန်းထိုးပြီး အပိုင်းတစ်ပိုင်း ကုန်ဆုံးတိုင်းလည်း “ အပိုင်း(၁) ပြီးပါပြီ” (End Of Part One) ဟု စာတန်းပေါ်လာတော့သည်။

စာမျက်နှာ ၂၆ သို့ ☆

☆ စာမျက်နှာ ၂၅ မှ

ထို့နောက် နောက်ထပ်အပိုင်းတစ်ပိုင်းဆက်လက်ပြသသောအခါ "အပိုင်း(၂)" (Part Two)ဟု စာတန်းထိုးပြန်ပါသည်။ ရုပ်ရှင်ကားပြသနေစဉ်အတွင်း မကြာခဏ ဖလင် ပြတ်တောက်ခြင်း၊ ရုပ်ပုံများကြည်လင်ပြတ်သားမှု မရှိခြင်း၊ ရုပ်ပုံများတုန်ခြင်း၊ မှုန်ခြင်း၊ ရုပ်ရှင် ဖလင်ဂိတ်ပေါက်လွဲချော်၍ အပေါ်ရုပ်ပုံနှင့် အောက်ရုပ်ပုံတို့ တခြားစီပေါ်လာခြင်း (Up and Down)တို့ ရှိသော်လည်း ပရိသတ်မှာ ဆူညံခြင်းမပြုဘဲ အေးဆေးစွာ ကြည့်ရှုအားပေးခဲ့ကြသည်ဟု ဆိုသည်။

ထို့နောက် အက်ဒီဆင်ရုပ်ရှင်ရုံအပြင် ယခုသိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၌ ဂျပန်ရုပ်ရှင်ရုံတစ်ရုံ ရှိခဲ့သည်ဟု ဆိုသည်။ ထို့ပြင် ထိုစဉ်က "ဘီအေအေဘောလုံးကွင်း" (ယခု အောင်ဆန်းအားကစားကွင်း) နေရာ၌ ရွက်ထည်ဖျင်ဖြင့် ဆောက်လုပ်သော ရုပ်ရှင်ရုံ၌ ရုပ်ရှင်ပြစက်ကို လမ်းကြိတ်စက်အင်ဂျင်နှင့် ဆက်ကာ မောင်းနှင်ပြီး ပြသခဲ့သော်လည်း ထိုစဉ်က ထိုနေရာမှာ လူသွားလူလာမစည်ကား၍ ကြာရှည်စွာ မပြသနိုင်ခဲ့ပေ။

ထို့နောက် ရွှေတိဂုံဘုရားလမ်း၌ ရုပ်ရှင်ရုံတစ်ရုံ တည်ဆောက်ပြသခဲ့ကြသည်။ သို့ရာတွင် ထိုရုပ်ရှင်ရုံမှာ ထိုစဉ်က အင်္ဂလိပ်မျက်နှာဖြူလူတန်းစားများအတွက် သီးသန့်ရုပ်ရှင်ရုံ ဖြစ်သွားခဲ့ရသည်ဟု သိရသည်။ ထိုစဉ်က "ကော်မရှင်နာလမ်း" ခေါ် ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအနီးရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီးနေရာတွင် "စီနီမာဒီပဲရစ်" (Cinema de Paris) ရုပ်ရှင်ရုံ၊ "အဲလီဖင့်စတုံး" (Elephant Stone) ရုပ်ရှင်ရုံ၊ "အင်ပါယာ" (Impara) ရုပ်ရှင်ရုံများကို ဆောက်လုပ်ပြီး နေ့စဉ်ပြသခဲ့ကြသည်။

### မြန်မာနိုင်ငံ၌ ရုပ်ရှင်စတင်ရိုက်ကူးပြီး မြန်မာနိုင်ငံတွင် ရုပ်ရှင်ပြသမှုစတင်ခြင်း

မြန်မာ့ရုပ်ရှင်ပေါ်ဦးစကာလတွင် မြန်မာနိုင်ငံတွင် ရိုက်ကူးသွားခဲ့သော ရုပ်ရှင်ကားအတိုလေးများကို နိုင်ငံခြားတွင် ပြသခြင်းမှာ ပထမဖြစ်သည်။ ထို့နောက် အနောက်နိုင်ငံသားများက ရိုက်ကူးခဲ့ပြီး မြန်မာနိုင်ငံတွင် လာရောက်ပြသခြင်းက ဒုတိယဖြစ်ခဲ့သည်။ နောက်တစ်မျိုးမှာ မြန်မာနိုင်ငံတွင် ရိုက်ကူးသွားခဲ့ပြီး နိုင်ငံခြား၌ ဖလင်ကူးဆေးကာ မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်လာကာ ပြသခြင်းမှာ တတိယဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ထိုစဉ်က "ရှိုးမင်းရှစ်" (Show Manship) ခေါ် "ရုပ်ရှင်ပြသလုပ်ကိုင်သူများ" ပေါ်ပေါက်ခဲ့ရာ ထိုသူတို့သည် ရုပ်ရှင်ပြစက်နှင့် ဖလင်လိပ်များကိုထမ်းပြီး အရပ်တကာလှည့်လည်ကာ ရုပ်ရှင်ပြသလုပ်ကိုင်ခဲ့ကြသည်။ ထိုခေတ်က ရုပ်ရှင်ပြစက်များမှာ ကင်မရာအဖြစ်ရော ပြစက်အဖြစ်ပါ နှစ်မျိုးစလုံး အသုံးပြု၍ရသော "ပြစက်ကင်မရာ" များ ဖြစ်ကြသည်။

ထိုပြစက်ကင်မရာများကို ယူဆောင်လာခဲ့ကြသော နိုင်ငံခြားသားများသည် မြန်မာနိုင်ငံအရပ်ရပ်၌ သူတို့တွေ့မြင်ကြရသည့် ကောင်းနိုးရာရာ မြင်ကွင်းပသာဒများကို ရိုက်ကူးသွားပြီး နိုင်ငံခြားတွင် ဖလင်များကို ဆေးကူးပြီးမှ မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်လာကာ ရုပ်ရှင်ပြသခဲ့ခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ရိုက်ကူးသွားခဲ့သော ရုပ်ရှင်ကားများကို မြန်မာနိုင်ငံ၌ ပြန်လည်ပြသမှု စတင်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ထိုစဉ်က ပြသခဲ့သော ရုပ်ရှင်ကားတိုလေးများမှာ မြန်မာအိမ်ထောင်ရှင်အမျိုးသမီးများက မိမိတို့၏ ရင်သွေးလေးများကို နို့ချိုတိုက်ကျွေးနေပုံ၊ နေအိမ်တစ်အိမ်၌ မြန်မာအမျိုးသမီးကြီးတစ်ဦး ကွမ်းသီးဖက်ဖြင့် လိပ်ထားသောဆေးပေါ့လိပ်ကြီးကို မီးခိုးတလူလူထွက်အောင် ဆေးလိပ်သောက်နေပုံ၊ အမျိုးသမီး လေး၊ ငါးယောက် ဆံပင်ဖားလျားချပြီး ရှေ့နောက်တန်းစီထိုင်ကာ တစ်ယောက်ခေါင်း တစ်ယောက် သန်းရှာပေးနေကြပုံ၊ ထိုခေတ်က ခေတ်ဆန်လွန်းသူ အမျိုးသမီးအချို့ ထဘီခွဲနှင့် ပေါင်တစ်ခြမ်း မပေါ့တပေါ် လမ်းလျှောက်လာပုံ၊ မုန့်ဟင်းခါးသည်တစ်ဦး လမ်းပေါ်၌ အော်၍ရောင်းသည်ကို အိမ်ထဲမှလူများက ခေါ်ယူဝယ်စားကြပုံ၊ ထိုစဉ်က မြန်မာ့အငြိမ့်မင်းသမီးများနှင့် လူရွှင်တော်များက ပွဲကြည့်ပရိသတ်တို့အား ကပြဖြေဖျော်နေပုံ စသည်တို့ကို ပြခဲ့ကြသည်ဟု ဆိုပါသည်။

ထိုစဉ်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်၌ ကျင်းပခဲ့သည့် "ပဉ္စမမြောက်ဂျော့ဘုရင်" (George – V) ၏ အိန္ဒိယနိုင်ငံ နန်းသိမ်းပွဲ၌ ဧည့်သည်တော် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ အကျဉ်းသားပါတော်မူ မြန်မာဘုရင်ဟောင်း သီပေါမင်းက အင်္ဂလိပ်နယ်ချဲ့ဘုရင် "ဂျော့" ကို နိမ့်သည့်နေရာတစ်နေရာမှ ဦးညွတ်ခစားဝတ်ပြုသည့် ရိုက်ချက်ကို တင်ပြခဲ့သည်။ မြင့်မြတ်သောနေရာ၌ အမြိုင့်သားထိုင်ကာ အောင်ပွဲခံနေသော အင်္ဂလိပ်နယ်ချဲ့ဘုရင် "ဂျော့" ကို နယ်ချဲ့အကျဉ်းသားဖြစ်နေရရှာသည့် မြန်မာ့နန်းကျဘုရင် သီပေါမင်းက နိမ့်သောနေရာ တစ်နေရာမှ ဦးညွတ်ခစားနေရသည့် ပြကွက်ကို ကြည့်မြင်လိုက်ရသည်နှင့် တစ်မုဟုတ်ချင်းပင် ရုပ်ရှင်ကြည့် မြန်မာပရိသတ်တို့မှာ လက်သည်းဆိတ်၍ လက်ထိပ်နာရသကဲ့သို့ မခံမရပ်နိုင်ဖြစ်ကာ ရုပ်ရှင်ပိတ်ကားကို ခဲလုံးများ၊ ဖိနပ်များဖြင့် ဝိုင်း၍ပစ်ပေါက်ခဲ့ကြသည်အထိ ပွဲဆူသွားခဲ့ရာ ထိုရုပ်ရှင်သတင်းကားအတိုကို နိုင်ငံခြားသားတို့ မပြဝံ့တော့ကြောင်း သိရသည်။ ဤဖြစ်ရပ်တွင် ကိုလိုနီခေတ်တွင် အင်္ဂလိပ်တို့က သူတို့၏ အရှင်သခင် "ဂျော့" ဘုရင်ကို အမွန်းတင်ပြီး မြန်မာဘုရင် သီပေါမင်းကို တစ်ဖက်သတ်နှိမ့်ချကာ ရိုက်ကူးပြသခဲ့သည့် ရုပ်ရှင်ပြကွက်မျိုးကို အမျိုးသားရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်အရင်းခံ ထက်သန်လှသော မြန်မာပရိသတ်က လုံးဝလက်မခံခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဂုဏ်ယူလေးစားဖွယ်ဖြစ်ပါသည်။



ယနေ့တိုင် မရိုးနိုင်သည့် ဗိုလ်အောင်ဒင်ဇာတ်ကားမှ နာမည်ကျော်မင်းသားကြီး (ဦး)ခင်မောင်ရင်





မြန်မာ့ရုပ်ရှင် ရွှေရတုခေတ် နာမည်ကျော် ဖိုးပြုံးချိုးဇာတ်ကားမှ ဇာတ်ပို့သရုပ်ဆောင် (ဦး) ဘချစ်နှင့် အကယ်ဒမီဆု ဆွတ်ခူးခဲ့သူ (ဦး) ဖိုးပါကြီး၏ ဇာတ်ဝင်ခန်း



ဒါရိုက်တာမင်းသား ဦးညီပု၏ ဂျပန့်ရင်သွေးဇာတ်ကား(၁၉၃၅)မှ ဇာတ်ဝင်ခန်း

## ကသာမြို့နယ်၌ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကသာ အောက်တိုဘာ ၁၀

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာ၌ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပင်းမလွတ်ကျေးရွာရှိ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းလှိုင်ဦး၊ ခရိုင်ဦးစီးမှူး ဦးဖုန်းမောင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မိုးတို့က ယနေ့နံနက် ၇ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာဝင်ငွေတိုးလုပ်ငန်းများ၊ နေအိမ်ဥယျာဉ်ခြံလုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာသစ်များ အရှိန်မြှင့်တင်ဆောင်ရွက်ကြရန်၊ ကိုဗစ်-၁၉ ရောဂါကာလ လုပ်ငန်းဆောင်ရွက်မှုအဆင်ပြေချောမွေ့စေရန်၊ စီမံကိန်းကျေးရွာရှိ သီးနှံစိုက်ခင်းများတွင် မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးရန်၊ ဈေးကွက်ဝင်အမည်သစ် သီးနှံများ တိုးချဲ့စိုက်ပျိုးရန်နှင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း လုပ်ငန်းအဖွဲ့အနေဖြင့် ဝင်ငွေတိုးတက်ရရှိစေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသထွက်သီးနှံများအား အဆင့်မြှင့်တန်ဖိုးမြင့် ထွက်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချကြရန် ပြောခဲ့ကြောင်း သိရသည်။



**အေးမြသက်ထား**

## မွန်ပြည်နယ်ရှိ မြို့နယ်အသီးသီးမှ ရပ်ကွက်၊ ကျေးရွာအုပ်စု လမ်းများကို ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်

မုဒုံ အောက်တိုဘာ ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကတ္တရာ ထောက်ပံ့ပေးမှု၊ ဒေသခံပြည်သူများမှ လမ်းခင်းကျောက်နှင့် လုပ်အားထည့်ဝင်ပူးပေါင်းပါဝင်မှုတို့ဖြင့် မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ရပ်ကွက်/ကျေးရွာအုပ်စုလမ်းများကို ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပထမအကြိမ်အဖြစ် မော်လမြိုင်၊ သံဖြူဇရပ်၊ ရေးနှင့် ဘီးလင်းမြို့နယ်များရှိ လမ်းခြောက်လမ်း စုစုပေါင်းလမ်းအရှည်ပေ ၁၁၈၀၀ အတွက် ကတ္တရာ ၅၃ တန်၊ ဒုတိယအကြိမ်အဖြစ် မုဒုံနှင့် ကျိုက်မရောမြို့နယ်ရှိ လမ်းခုနစ်လမ်း စုစုပေါင်း လမ်းအရှည် ပေ ၁၄၀၅၀ အတွက် ကတ္တရာ ၆၄ တန် ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

မုဒုံနှင့် ကျိုက်မရောမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကတ္တရာများ ရောက်ရှိမှုနှင့် လမ်းခင်းရန် ကျောက်များ စုဆောင်းထားရှိမှုအခြေအနေများကို ယနေ့တွင် မွန်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ငွေကြယ်**

ဆီးချိုသွေးတိုးမျက်စိရောဂါကာကွယ်စေတဲ့ ဆေးစွမ်းထက်မြက် စိန်ဘယက်
အကြောပြေသောက်ဆေး
ပုလင်းကြီး ပုလင်းသေး
ထုံကျဉ်ကိုက်ခဲလျှင် လိမ်း မူးမောလျှင် ရှူ
ကောင်းသတင်းမွှေးကျော် ဆင်ဖြူတော်
အကြောပြေဒဏ်ကြေလိမ်းဆေး

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 29(T)/DPTSC (PSD)/20-21 | ၂၃၀ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံ၏ Substation Automation System အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။ DDP (At Site)Kyat |
| ခ | 30(T)/DPTSC (PSD)/20-21 | ပင်မဓာတ်အားခွဲရုံများအတွက် လိုအပ်သော Gantry များ၊ Tube Bus များနှင့် Accessories များဝယ်ယူရန်။ DDP (At Site)Kyat |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက်(၉-၁၁-၂၀၂၀)ရက်၊ (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။
၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါဆိုင်ရာ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal(www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ လူနေရပ်ကွက်အမှတ်-၇၊ သမိန်ဗရမ်းလမ်း၊ အမှတ်-၃၂၅(ခ)ဒေါ်မြမြဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါအာရ်စီတစ်ထပ်တိုက် လူနေအိမ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးခင်မောင်ဌေး[၉/လဝန(နိုင်)၁၅၄၀၂၇]ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဘဝင်း[၁၃/ညရန(နိုင်)၀၁၂၈၁၁]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အိမ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှ(၁၀)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဘဝင်း** | **ဒေါ်ခင်မာလွင်(LL.B)(D.B.L)** |
| **[၁၃/ညရန(နိုင်)၀၁၂၈၁၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၁၉၊ သရက်တောလမ်း၊** | **အမှတ်(၁၉၂)၊ ဗိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊** |
| **စမ်းချောင်းမြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## "မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်[၁/မကန(နိုင်)၁၈၆၉၁၃] ပါလီ(ကားတာယာ၊ စက်ယန္တရားသုံးတာယာ၊ ဘက်ထရီနှင့်စက်သုံးဆီမျိုးစုံရောင်းဝယ်ဖြန့်ချီရေး) သိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်-၁၅၁(ခ)တွင် ဖွင့်လှစ်လုပ်ကိုင်နေသော EVER POWER CO.,LTD၏ ဒါရိုက်တာဖြစ်သူ **ဦးရဲမင်းထက်**[၁၂/ဒဂတ(နိုင်)၀၁၄၆၂၇]၏လွှဲအပ်ညွှန်ကြားချက်အရ **မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်**သိစေရန် ကြေညာအပ်ပါသည်။

**မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်** လုပ်ကိုင်နေသော **"ပါလီ"**(ကားတာယာ၊ စက်ယန္တရားသုံးတာယာ၊ ဘက်ထရီနှင့် စက်သုံးဆီမျိုးစုံ ရောင်းဝယ်ဖြန့်ချီရေး)အတွက် ကျွန်ုပ်၏မိတ်ဆွေ ကုမ္ပဏီထံမှ ဘက်ထရီများကို ဖုန်းဖြင့်မှာယူခြင်းဖြင့် ဝယ်ယူလုပ်ကိုင်ခဲ့သူဖြစ်ပြီး ထိုသို့ လုပ်ကိုင်ရာ၌ လက်ငင်းငွေပေးချေဝယ်ယူနိုင်ခြင်း မရှိသဖြင့် တစ်လဆိုင်းငွေပေးချေမှုစနစ်ဖြင့် ကူညီရောင်းချပေးပါရန် အကူအညီတောင်းခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ **မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်**၏ အကူအညီတောင်းခံမှုအပေါ် ယုံကြည်၍ မှာယူသည့် ဘက်ထရီများကို ဟိန်းထက်စံ ကုန်စည်ပို့ဆောင်ရေးမှတစ်ဆင့် (၁၂-၃-၂၀၂၀)ရက်တွင် DONO.3854/66တို့ဖြင့်လည်းကောင်း၊ (၂၆-၃-၂၀၂၀)ရက်တွင် DONO.3970/71/72/73 တို့ဖြင့်လည်းကောင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၅၁၄၁၄၀၀၀/-ကို ပေးပို့ရောင်းချပေးခဲ့ရာ **မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်**အနေဖြင့် လက်ခံရရှိခဲ့ကြောင်း **မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်**နှင့် ကျွန်ုပ်၏မိတ်ဆွေတို့ ပြုလုပ်ချုပ်ဆိုခဲ့ကြသည့် (၂၁-၇-၂၀၂၀)ရက်စွဲပါ နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်နှင့် ကုန်စည်ပို့ဆောင်မှုပြေစာတို့အရ သိရှိရပါသည်။

**မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်**မှ ဘက်ထရီများ လက်ခံရယူသွားပြီးနောက်ပိုင်းတွင် စတင်အကူအညီတောင်းခံမှာယူစဉ်က ကတိပြုထားသည့်အတိုင်း (၁)လကြာမြင့်ခဲ့သော်လည်း ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီထံသို့ ပေးအပ်ရမည့် ငွေကြေးများကို ပေးအပ်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ကြောင်း၊ ပေးသွင်းရမည့် ငွေများကို ပေးအပ်ပါရန် ကျွန်ုပ်၏မိတ်ဆွေမှ **မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်**ထံ ဖုန်းဖြင့်ဆက်၍ အကြိမ်ကြိမ် တောင်းခံခဲ့သော်လည်း ငွေပေးအပ်ခြင်းမရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ မြစ်ကြီးနားမြို့သို့ လာရောက်၍ တောင်းခံခဲ့သည့်အခါ "၃၁-၈-၂၀၂၀ရက်တွင် နောက်ဆုံးထားပေးချေပါမည်"ဟု **မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်** ကိုယ်တိုင် လက်မှတ်ရေးထိုး ဝန်ခံကတိပြုခဲ့ကြောင်း သိရှိရပါသည်။

**မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်**အနေဖြင့် အထက်ပါအတိုင်း ဝန်ခံကတိပြုခဲ့သော်လည်း ယနေ့ချိန်ထိ ပစ္စည်းကိုဖြစ်စေ၊ တန်ဖိုးငွေများကိုဖြစ်စေ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ လိမ်လည်ရန် ရည်ရွယ်ချက်ဖြင့် အကြောင်းအမျိုးမျိုးပြ၍ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ ယုံကြည်မှုအပေါ် ဖောက်ဖျက်ကာ လိမ်လည်လှည့်ဖြားခဲ့မှုကြောင့် ကျွန်ုပ်၏မိတ်ဆွေ ကုမ္ပဏီအနေဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ ခံစားနေရကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ **မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်**မှ လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီထံမှ ယုံကြည်အောင်ပြောဆိုကာ ရယူသွားသည့် ဘက်ထရီဖိုးငွေကျပ်-၅၁၄၁၄၀၀၀/- (ကျပ်ငါးရာတစ်ဆယ့်လေးသိန်းတစ်သောင်းလေးထောင်တိတိ)ကို နစ်နာကြေးများနှင့်တကွ ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီထံသို့ **ယခု ကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း** နောက်ဆုံးထားပြီး တစ်လုံးတစ်ခဲတည်း မပျက်မကွက် အကျေပေးအပ်ပါရန် တောင်းဆိုအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်နေ့ထိ ပေးအပ်ခြင်းမရှိဘဲ ထပ်မံပျက်ကွက်ခဲ့ပါက **မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်** အပေါ် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားရန် ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း **မန်ပရစ်ဆင်(ခ)ကျော်မင်းခန့်**အနေဖြင့် သိစေအပ်ပါသည်။

**EVER POWER CO.,LTD ၏ ဒါရိုက်တာ ဦးရဲမင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုလင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၇၂)**
**အမှတ်(၅၈/၆၀)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၀၄၀၆၅၂၊ ၀၉-၇၈၉၅၁၀၉၀၃**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာနလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက်(မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်**(DDP At Site) ဖြင့် အိတ်ဖွင့်တင်ဒါ**ခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Tender No. 27/ EPGE/2020-2021 | ဘီလူးချောင်း(၁)၊ဘီလူးချောင်း(၂)၊ဇော်ဂျီ(၁)၊ဇော်ဂျီ(၂)နှင့် ကျိုင်းတောင်းစက်ရုံများအတွက်Oil Cooler, Air Cooler , Turbine Guide Bearing Pad, Oil Pump , Cooling Water Pump with Motor နှင့် Air Compressor များအပါအဝင် စက်မှုအရန်ပစ္စည်းများ ဝယ်ယူခြင်း။ (8 Items) |
| ( ခ) | Tender No.28/ EPGE/ 2020-2021 | ဓေါင်းတူ၊ ရဲနွယ်၊ ခပေါင်းစက်ရုံများအတွက် Oil Cooler များ ၊ Governor Oil Pump with Motor, Shaft Seal, Air Seal, Governor Combine Valve, Brake Shoes နှင့် Submersible Sewage Pump များအပါအဝင် စက်မှုအရန်ပစ္စည်းများ ဝယ်ယူခြင်း။ (10 Items) |
| ( ဂ) | Tender No.29/ EPGE/2020-2021 | ဘီလူးချောင်း(၁)နှင့်ဘီလူးချောင်း(၂)ဓာတ်အားပေးစက်ရုံများအတွက် DC to DC Converter, DC Power Supply , Carbon Brush , Cell Bank & Chager, Lightning Arrester နှင့် Disconnecting Switch များအပါအဝင် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း။ (8 Items) |
| (ဃ) | Tender No.30/ EPGE/ 2020-2021 | ကွန်းချောင်း၊ ဖြူးချောင်း၊ ဓေါင်းတူနှင့် ခပေါင်း ဓာတ်အားပေးစက်ရုံများအတွက် Programmable Speed Monitoring Deviece, Field Circuit Breaker, Central Processing Unit, Power Composite Panel Card, Motor for Gantry Crane နှင့် Stepper Motor များအပါအဝင် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း။ (11 Items) |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီ ချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၄:၀၀)နာရီနောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။
၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၁၁-၁၁-၂၀၂၀ ရက်၊ (၁၄:၀၀)နာရီ
၄။ တင်ဒါလက်ခံမည့်နေရာ - ရုံးအမှတ်(၂၇)၊ နေပြည်တော်
၅။ တင်ဒါပုံစံအား ၁၂-၁၀-၂၀၂၀ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**(ဖုန်း- ၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)**

## ဒါရိုက်တာအဖွဲ့ဝင်သစ်(၂)ဦး
## ထပ်မံထည့်သွင်းကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်(၂၃၀/၄)တွင် ဖွင့်လှစ်ထားသော NongHyup Finance Myanmar Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၁၇၂၁၃၂၉)သည် ၁၁-၉-၂၀၂၀ ရက်တွင်ကျင်းပသော ကုမ္ပဏီဒါရိုက်တာများ အစည်းအဝေး ဆုံးဖြတ်ချက်အရ အောက်ပါဒါရိုက်တာအဖွဲ့ဝင်သစ်(၂)ဦးအား ထပ်မံပေါင်းထည့်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

1) Mr.Hur Man Young (Passport No.-M 87932983)
2) Mr.Son Sang Woo (Passport No.-M 17533224)

**Mr.Jong Hee Kim (MD)**
**NongHyup Finance Myanmar Co.,Ltd**

## ငြိမ်းဖောင်ဒေးရှင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ငြိမ်းဖောင်ဒေးရှင်း၏ စီမံကိန်းတစ်ခုဖြစ်သော KCA COVID-19 Response စီမံကိန်းမှ ကချင်ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်လျက်ရှိသော လူနာတင်ယာဉ်ကို သတ်မှတ် စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ရန်အတွက် အိတ်ပိတ်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပြုလွှာစည်းမျဉ်းစည်းကမ်း၊ ပစ္စည်းစာရင်းအသေးစိတ်များနှင့် လျှောက်လွှာပုံစံကို ငြိမ်းဖောင်ဒေးရှင်းအင်တာနက်စာမျက်နှာ (www.nyeinfoundation.org)တွင် ရယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုသောအချက်များကို ငြိမ်းဖောင်ဒေးရှင်းရုံးတွင် ရုံးချိန် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း ဖုန်းနံပါတ် (၀၉-၇၉၇၁၄၅၅၉၉၊ ၀၉-၆၇၈၈၀၉၅၉၅၊ ၀၉-၇၉၇၁၄၅၆၅၆)သို့ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။
၄။ တင်ဒါလျှောက်လွှာရယူနိုင်မည့်နေ့ရက်
- ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ(၁၁)ရက်
၅။ တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန်
- ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ(၂၅)ရက်
- ညနေ(၄)နာရီ
၆။ တင်ဒါတင်သွင်းရမည့်နေရာ
- စာအိတ်(၁)တွင်ပါဝင်ရမည့် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များအား toeaungkaung.shalom@gmail.com ထံသို့လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ စာအိတ်အား ayezar.shalom@gmail.com ထံသို့လည်းကောင်း Email ပေးပို့ရမည် ဖြစ်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**ငြိမ်းဖောင်ဒေးရှင်း**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာနလက်အောက်ရှိဓာတ်အားပေးစက်ရုံများအတွက်(မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါ လုပ်ငန်း/ပစ္စည်းများ ဝယ်ယူရန် **(DDP At Site)ဖြင့် အိတ်ဖွင့်တင်ဒါ** ခေါ်ယူလိုပါသည် -

| | | |
|---|---|---|
| (က) | Tender No. 31/ EPGE/ 2020-2021 | ရွာမဓာတ်အားပေးစက်ရုံရှိ M701D Gas Turbine No.1 အလတ်စားပြုပြင်ခြင်းအတွက် (HGPI) Spare Partပစ္စည်းများဝယ်ယူခြင်း။ |
| ( ခ) | Tender No.32/ EPGE/ 2020-2021 | သီလဝါဓာတ်အားပေးစက်ရုံအတွက် Mechanical Part ပစ္စည်းများဝယ်ယူခြင်း။ |
| ( ဂ) | Tender No.33/ EPGE/ 2020-2021 | သထုံဓာတ်အားပေးစက်ရုံအတွက် Mechanical & Electrical Partပစ္စည်းများဝယ်ယူခြင်း။ |
| (ဃ) | Tender No.34/ EPGE/ 2020-2021 | Starting Diesel Engine (Detroit Engine)အတွက် Spare Part ပစ္စည်းများဝယ်ယူခြင်း။ |
| (င) | Tender No.35/ EPGE/ 2020-2021 | အပူစွမ်းအင်သုံးစက်ရုံများဌာနလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများတွင် CCTV System ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။ |
| (စ) | Tender No.36/ EPGE/ 2020-2021 | အပူစွမ်းအင်သုံးစက်ရုံများဌာနလက်အောက်ရှိစက်ရုံများတွင်Gas Metering Skids Installationပြုလုပ်ခြင်း။ |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီနောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။
၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၁၂-၁၁-၂၀၂၀ ရက်၊ (၁၃:၀၀)နာရီ
၄။ တင်ဒါလက်ခံမည့်နေရာ - ရုံးအမှတ်(၂၇)၊ နေပြည်တော်
၅။ တင်ဒါပုံစံအား(၁၂-၁၀-၂၀၂၀)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း- ၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
## လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ နှင့် EU Budget Grant ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ၁၆-၁၀-၂၀၂၀ ရက်မှ ၆-၁၁-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန် | - ၁၂-၁၁-၂၀၂၀ ရက်နှင့် ၁၃-၁၁-၂၀၂၀ ရက် (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်/နေရာ | - ထပ်မံကြေညာပါမည် |
| တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း၃၀၊ ၇၀x၇၁လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**ဖုန်း-၀၂-၄၀၆၀၂၈၃၊ ၀၂-၄၀၃၉၁၈၆**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန ကတ္တရာအိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ၆၀/၇၀၊ ၈၀/၁၀၀၊ Emulsion ကတ္တရာများကို သက်ဆိုင်ရာ ခရိုင်/အထူးအဖွဲ့အလိုက် သတ်မှတ်စုပုံနေရာသို့ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ပုံစံစတင်ရောင်းချမည့် ရက်/အချိန် | - ၂၆-၁၀-၂၀၂၀ရက်မှ ၁၀-၁၁-၂၀၂၀ရက်အထိ (၉:၃၀)နာရီမှ (၁၆:၀၀)နာရီ ရုံးချိန်အတွင်း |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် | - ၁၁-၁၁-၂၀၂၀ ရက်၊ (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - ၁၂-၁၁-၂၀၂၀ ရက်၊ မွန်းလွဲ(၁:၃၀)နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်နေရာ | - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့။ |

အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**သမိဒ္ဓေါဒယသမဂ္ဂဒါယီအသင်းကြီး၏**
**ကြယ်တစ်ပွင့် ကြွေလွင့်သွားသည့်အတွက်**
**အထူးကြေကွဲဝမ်းနည်းခြင်း**

သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဥာဏစာဂီမြန်အောင်သီလရှင်စာသင်တိုက်ကြီး၏ တိုက်ခွဲကျောင်းတိုက်ပေါင်း(၁၂၀)ကျော်တို့၏ ကျောင်းထိုင်ဆရာကြီးများဖြင့် ဖွဲ့စည်းထားသော သမိဒ္ဓေါဒယသမဂ္ဂဒါယီအသင်းဥက္ကဋ္ဌ၊ သာသနဝံသာဓိက စာမေးပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သီလရှင်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး၊ မရမ်းကုန်းမြို့နယ် ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဆရာကြီး ဒေါ်ဣန္ဒာစာရီ သက်တော် (၇၂)နှစ်၊ သိက္ခာတော် (၅၂)ဝါသည် ၁၃၈၂ ခု၊ တော်သလင်းလပြည့်ကျော် (၈)ရက် ၉-၁၀-၂၀၂၀ (သောကြာနေ့) ည ၉:၁၅ နာရီတွင် ဘဝတသွန် လွန်တော်မူသွားပါသောကြောင့် သမိဒ္ဓေါဒယသမဂ္ဂဒါယီအသင်းမှ ကျန်ရစ်သူ တပည့်များနှင့် ထပ်တူအထူးပင် ကြေကွဲဝမ်းနည်းရပါသည်။

**သမိဒ္ဓေါဒယသမဂ္ဂဒါယီအသင်း**
**(အစ်မတော်/ညီမတော် သီလရှင်ဆရာကြီး ဆရာလေးများ)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ပါမောက္ခဒေါက်တာအောင်သန်းဘတူ**
**M.B., B.S(Rgn), MRCP (Edin), FRCP (Edin), Emeritus Medical Researcher**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသုတေသနဦးစီးဌာန**
**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့-အဖွဲ့ဝင်**
**ကန်တော့ခံဆရာကြီး**
**အသက်(၉၁)နှစ်**

လေးစားချစ်ခင်ရပါသော ဆရာကြီးသည် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ :၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**တပ်မတော်ဆေးတက္ကသိုလ်ကျောင်းသားဟောင်းများ**

**ဦးကြည်သိန်း**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ အမှတ်(ည/၅၈)၊ ယုဇနလမ်းနေ (ဦးစိန်ကြိုင်)-ဒေါ်တင်အေး တို့၏တတိယသား၊ (ဦးလှအောင်-ဒေါ်ခင်ခင်)တို့၏ သားသမက်၊ ဦးဉာဏ်အေး-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ခင်သန်းအေး၊ ဒေါ်အေးအေးမြင့်၊ ဦးအောင်မြင့်-ဒေါ်စံပယ်မြင့်တို့၏ ညီ/မောင်၊ ဒေါ်ရီရီမြင့်၊ ဦးဝင်းမြင့်-ဒေါ်မိုးမိုးမြင့် တို့၏ အစ်ကို၊ ဒေါ်ဇာဇာဟန်၏ ခင်ပွန်း၊ မဟန်ဆုဝေသိန်း၊ မဟန်ဆုရတနာသိန်း၊ မောင်ဇင်လင်းထက် တို့၏ ဖခင် ဦးကြည်သိန်းသည် ၈-၁၀-၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၁၅ နာရီတွင် (၇၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၂၀ (သောကြာနေ့) ညနေ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်လှလှ**
**အသက်(၈၁)နှစ်**

Myanmar Edible Oil Industrial Public Co., Ltd (MEICO) ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးဝင်း-ဒေါ်မိမိဝါတို့၏ ချစ်လှစွာသောမိခင် ဒေါ်လှလှ အသက်(၈၁)နှစ်သည် ၉-၁၀-၂၀၂၀ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**Myanmar Edible Oil Industrial Public Co.**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်လှလှ (၈၁)နှစ်**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း-ဒေါ်မိမိဝါတို့၏ ချစ်လှစွာသောမိခင် ဒေါ်လှလှသည် ၉-၁၀-၂၀၂၀ (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသောင်းတင်(ဒုတိယဥက္ကဋ္ဌ၊ UMFCCI)-ဒေါ်တင်တင်အေး(KMD Co.,Ltd.)**

**(၉)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း**
**ဦးမြတ်လွင်**
**ရုံပိုင်(ငြိမ်း)၊ မြန်မာ့မီးရထား**
**(၁၁-၁၀-၂၀၁၁-၁၁-၁၀-၂၀၂၀)**

ကျေးဇူးရှင်ဖခင်ကြီးအတွက် ပြုပြုခဲ့သမျှသော ကုသိုလ်အစုစုတို့အတွက် ကျန်ရစ်သူမိသားစုတို့မှ အမြဲတမ်း အမျှပေးဝေလျက်ရှိပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

| | |
|---|---|
| **ဇနီး** | **- ဒေါ်ခင်ခင်** |
| **သားကြီး** | **-ဗိုလ်မှူးဝေလွင်အောင်-ဒေါ်ဆွေဆွေဟန်** |
| **သားငယ်** | **- ဗိုလ်ကြီးသံလွင်အောင်-ဒေါ်ချိုဇင်ဝင်း** |
| **မြေး** | **- မမေလွင်ချယ်(ခ)ပုံပို** |
| | **မခေဝင့်ချယ်(ခ)ခခ** |

**မီးဘေးရှောင် မလောင်ခင်တား**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
**မအေးသန္တာစိုး(ခ)**
**ဘေဘီပြည့်**
B.Sc(Botany)
**အသက်(၃၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးစံညွှန့်လမ်း အမှတ်(၁၃)နေ ဦးခင်စိုး- (ဒေါ်နီ)တို့၏ သမီးငယ်၊ မခင်ရတနာလှိုင်၏ညီမ မအေးသန္တာစိုး(ခ) ဘေဘီပြည့်သည် ၈-၁၀-၂၀၂၀ရက် မွန်းလွဲ ၃:၃၀ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၂-၁၀-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်လှလှ**
**အသက် (၈၁)နှစ်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း-ဒေါ်မိမိဝါတို့၏ ချစ်လှစွာသော မိခင်ဒေါ်လှလှ အသက် (၈၁)နှစ်သည် ၉-၁၀-၂၀၂၀ ရက်(သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ရွှေနှင့် မိသားစု**
**ငွေသဖင်မင်းမြေပဲဆီသန့်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်လှလှ**
**အသက် (၈၁)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေ အတွင်းရေးမှူးချုပ် ဦးအေးဝင်း-ဒေါ်မိမိဝါတို့၏ ချစ်လှစွာသောမိခင် ဒေါ်လှလှ အသက် (၈၁) နှစ်သည် ၉-၁၀-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၏ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း၏ မိခင် ဒေါ်လှလှ အသက်(၈၁)နှစ်သည် ၉-၁၀-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းရပါကြောင်းနှင့် ကောင်းမွန်ငြိမ်းချမ်းရာ ဘုံဘဝသို့ ရောက်ရှိခံစားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံ ယမကာထုတ်လုပ် ဖြန့်ဖြူးသူများအသင်း**

**ကျေးဇူးတင်လွှာ**

၂-၁၀-၂၀၂၀ ရက်(သောကြာနေ့)တွင် အလ္လာဟ်အရှင်မြတ် ကရုဏာခံယူသွားခဲ့သော ဦးမောင်မောင်လေး(ခ)မိုဟာမက် အီလီယားစ်(Director-Gensecon Myanmar Pte.Ltd.) အသက်(၅၂)နှစ်နှင့် ၆-၁၀-၂၀၂၀ရက်(အင်္ဂါနေ့)တွင် အလ္လာဟ်အရှင်မြတ် ကရုဏာခံယူသွားခဲ့သော ဦးစိန်သန်း(ခ)ဟာဂျီယာကွတ် (Director-Gensecon Myanmar Pte.Ltd.) အသက်(၆၂)နှစ်တို့ နာမကျန်းဖြစ်စဉ်အခါတွင်လည်းကောင်း၊ ဒဖနာအခမ်းအနားတွင် လည်းကောင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသူငယ်ချင်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ အဖွဲ့အစည်းများမှ မိတ်ဆွေများ၊ ဆေးဝါးကုသမှုခံယူစဉ်က ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့ကြသော ပါမောက္ခဆရာဝန်မကြီး ဒေါ်ခင်သီတာသွင်နှင့် စံပြဆေးရုံ ဆီးနှင့်ကျောက်ကပ်ဌာနမှ ဆရာဝန်များ၊ သူနာပြုဆရာမများအားလည်းကောင်း၊ ဝိုင်းဝန်းအကြံပြု အားပေးကြသော ဆရာဝန်များ၊ သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ သဃ်န်းကျွန်းမြို့နယ် ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများအား လည်းကောင်း၊ တယ်လီဖုန်း၊ အီးမေးလ်၊ လူမှုကွန်ရက်များမှ တစ်ဆင့် ဝမ်းနည်းဆုတောင်းများ ပေးပို့ခဲ့ပါသော ပြည်တွင်းပြည်ပမှ မိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရတင်ရှိရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏**



## အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဒေါက်တာအောင်သန်းဘတူ

**M.B., B.S(Rgn), MRCP (Edin), FRCP (Edin), Emeritus Medical Researcher**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသုတေသနဦးစီးဌာန**

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့-အဖွဲ့ဝင်**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်ကွက်၊ ရွာမအရှေ့၊ မင်းကြီးလမ်း၊ အမှတ် (၁၁၂/က)နေ ဒေါက်တာဒေါ်ခင်ခင်ထွေး သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး(ငြိမ်း)၏ ခင်ပွန်းဖြစ်သူ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ပါမောက္ခဒေါက်တာအောင်သန်းဘတူ အသက် (၉၁)နှစ်သည် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမှုများ ဖြစ်ရပါသည်။

**Editorial Board အဖွဲ့**
**Myanmar Journal of Current Medical Practice (MJCMP)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမျိုးမြင့်

**အသက် (၈၇)နှစ်**

ရွှေတိဂုံစေတီတော် ဗုဒ္ဓဝေယျာဝစ္စအသင်းများ အကျိုးဆောင်အဖွဲ့၏ နာယကဖြစ်သူ ဦးမျိုးမြင့်သည် ၁၀-၁၀-၂၀၂၀ (စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ရုံးဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမျိုးမြင့်

**အသက် (၈၇)နှစ်**

ရွှေတိဂုံစေတီတော် ဗုဒ္ဓဝေယျာဝစ္စအသင်းများ အကျိုးဆောင်အဖွဲ့၏ နာယကဖြစ်သူ ဦးမျိုးမြင့်သည် ၁၀-၁၀-၂၀၂၀ (စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်ဗုဒ္ဓဝေယျာဝစ္စအသင်းများ အကျိုးဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ(၈)လမ်း၊ အမှတ်(၆၀၀)နေ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ဦးမျိုးမင်းနောင်-ဒေါ်လှလှကြည်၊ ဦးခင်မောင်မျိုးသန့်-ဒေါ်ခင်လေးမြင့်၊ (ဦးနေထွန်းဦး)-ဒေါ်မျိုးမျိုးမြတ်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး မဟာဝိဇယဂေါပက၊ ရွှေတိဂုံစေတီတော် ရှမ်းတန်ဆောင်းနှင့် စနေဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ ဘုရားဒကာ၊ ကျောင်းဒကာ ဦးမျိုးမြင့် အသက် (၈၇)နှစ်သည် ၁၀-၁၀-၂၀၂၀ နံနက် ၁၁:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း။

**မြန်မာပြည် ချိုးကျန်းနယ်၊ ကျန်းအမျိုးနွယ်များ ဖွဲ့စည်းထားသော ချိုးကျန်းအသင်း**
**အမှတ် (၈၂)၊ (၁၉)လမ်း၊ လသာမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်

**အသက် (၇၈)နှစ်**

ဆေးတက္ကသိုလ်၊ မန္တလေး၊ ရောဂါဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ခင်ခင်မိုး၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်တင်တင်သည် ၈-၁၀-၂၀၂၀ ရက် နံနက် ၁:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

## ဒုတိယဗိုလ်မှူးကြီးမြတ်ကျော်(ငြိမ်း)

**ညွှန်ကြားရေးမှူး(သယ်ပို့)၊ ရေနံဓာတုဌာန(ငြိမ်း)**

**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် (၆၆)၊ သီတာလမ်း၊ ပထမထပ်နေ [Mr. Sydney Barrow – Mrs. Josephine Barrow (ခ)ဒေါ်ရင်မေ]တို့၏ သား၊ (Lt. Col. W.C.J Boudville-ဒေါ်စောရင်)တို့၏ သားသမက်၊ ဒေါ်မေရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအာသာမြတ်ကျော်)၊ ဒေါ်ထရီဇာမြတ်ကျော်၊ ဦးမြတ်ခိုင်-ဒေါ်နုနုဝင်း၊ ဦးအောင်ကျော်သန်း၊ (ဘေဘီမြတ်ကျော်)၊ (ဦးမြတ်ထွန်းကျော်)-ဒေါ်တင်မာကြည်၊ ဒေါ်ကေသီမြတ်ကျော်-Mr. Raja Chulan တို့၏ ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၀-၁၀-၂၀၂၀ (စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီ မုဟမ္မဒ်ယအ်ကူဗ်(ခ)ဟာဂျီဦးခင်မောင်သန်း

**(စစ်ဆေးရေးအရာရှိ၊ ငြိမ်း၊ ဟိုတယ်/ခရီး)**

**အသက် (၈၉)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ဇဋ္ဌိလ(၂)လမ်း၊ အမှတ် (၉၄၆) နေ (ဦးမောင်ရှင်-ဒေါ်ဘီဘီ)၊ (ဒေါ်မြရီ)တို့၏ သားကြီး၊ (ဟာဂျီမဒေါ်ခင်ပု)၏ ခင်ပွန်း၊ ဟာဂျီ ဦးစိုးမင်းသန်း(Chief Engineer)-ဟာဂျီမ ဒေါက်တာအေးသီတာသန်း (ကလေးအထူးကုဆရာဝန်ကြီး၊ ပါရမီဆေးရုံ)၊ ဒေါက်တာနီလာသန်း (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးတိုးဝင်းသန်း-ဒေါ်အေးအေးသိန်း၊ (ဆသရ-ငြိမ်း)၊ ဟာဂျီမ ဒေါ်မိုးသီတာသန်း (လက၀၊ ငြိမ်း)၊ ဟာဂျီမ ဒေါက်တာမျိုးမမသန်း (Swisscontact)၊ ဒေါက်တာဝင့်သူဇာသန်း (တွဲဖက်ပါမောက္ခ၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ မန္တလေးတက္ကသိုလ်)တို့၏ဖခင် မောင်မင်းခန့်အောင်(STI University)၊ မောင်မင်းသန့်အောင်(BISA)တို့၏ အဘိုးသည် ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇:၂၅ နာရီအချိန်ခန့်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်လှ

**အထက်တန်းစာရေး၊ ကာကွယ်ရေး(ရေ)၊ ကကရ(ငြိမ်း)**

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၂၁၄)၊ ဝေပုလ္လ (၅)လမ်းနေ (ဦးဘချို-ဒေါ်သိန်းကြည်)တို့၏ သမီး၊ ဦးအောင်နိုင်-ဒေါ်မိမိသော် (အလယ်တန်းပြ-ငြိမ်း)တို့၏ မိခင်ကြီး၊ တေဇာနိုင်၊ ထူးအောင်နိုင်၊ အိသူသူအောင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်တင်တင်လှသည် ၉-၁၀-၂၀၂၀ (သောကြာနေ့) နံနက် ၁၁:၂၀ နာရီတွင် နေအိမ်၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၅၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ရက်လည်ဆွမ်းအား ၁၅-၁၀-၂၀၂၀ ရက်တွင် မိသားစုအစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်ဆွေများအား အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာဦးမျိုးနိုင်

**အငြိမ်းစားဆေးရုံအုပ်ကြီး**

**အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၄၇)၊ (၁၃)လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ချိုချိုမြင့်၏ ခင်ပွန်း၊ ဒေါက်တာဝင်းထွဋ်နိုင်-ဒေါက်တာဝေဝေမွန် (Australia)၊ ဒေါက်တာလင်းထွဋ်နိုင်-ဒေါက်တာသဲစုဖြိုးဝေ(Australia)တို့၏ ဖခင်၊ မဆောင်းရတီနိုင်(Australia)၏အဘိုး ဒေါက်တာမျိုးနိုင် (အငြိမ်းစားဆေးရုံအုပ်ကြီး)သည် ၉-၁၀-၂၀၂၀ (သောကြာနေ့) ည ၇:၄၅ နာရီတွင် ရုတ်တရက် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား လေးစားစွာ အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းအောင်ရင်

**တာဝန်ခံပါမောက္ခချုပ်(ငြိမ်း)**

**မုံရွာစီးပွားရေးတက္ကသိုလ်**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒါရိုက်တာအဖွဲ့ဝင်ဟောင်း**

**အသက် (၇၃)နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်ရင်-ဒေါ်သိန်းညွန့်)တို့၏ သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၃၀၄)၊ မင်းရဲကျော်စွာလမ်းနေ ဒေါ်မြမြချစ်၏ခင်ပွန်း၊ ဦးတင်စိုးရင် (မြန်မာ့ဆိပ်ကမ်း-ငြိမ်း)-(ဒေါ်ခင်ဝင်း)၊ ဦးဆန်းအောင်ရင် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်)-ဒေါ်မြင့်မြင့်ဌေး၊ (ဒေါ်နွဲ့နွဲ့ရင်)၊ ဦးဌေးအောင်ရင်-ဒေါ်နီနီတို့၏ အစ်ကိုကြီး၊ ကိုသူရိန်သန်းအောင်ရင်-မဆွေမာမြင့် (သူရိန်စိုး ဘောဂဗေဒနည်းပြ)၊ ကိုဝသန်သန်းအောင်ရင်၊ ကိုဂီရိသန်းအောင်ရင်-မမော်မော်မြင့်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ တူ/တူမ ရှစ်ယောက်တို့၏ ဘကြီး ဦးသန်းအောင်ရင်သည် ၉-၁၀-၂၀၂၀ (သောကြာနေ့) နံနက် ၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်စိုး

**Operation Manager**

**(EXPEDITIONS MYANMAR , Travels & Tours)**

**အသက် (၆၄)နှစ်**

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် (၂၆၃)၊ အခန်း (၁၀)၊ (၂)ရပ်ကွက်နေ [ဦးမြင့်စိုး (ဒုအရာခံဗိုလ်-ငြိမ်း၊ တပ်မတော်လေ)]-ဒေါ်ခင်ထွေးတို့၏ သား၊ အမှတ် (၃၃)၊ ဓမ္မဒါနလမ်း၊ တာမွေ၊ ကျောက်မြောင်းနေ ဒေါ်သူဇာသန်း(ခ)ဒေါ်ချိုချို၏ ခင်ပွန်း၊ (ဦးခင်ဦး)၏ ညီ၊ (ဦးဝင်းကြူ)-ဒေါ်ခင်အေးမြင့်၊ ဦးခင်မြင့်-ဒေါ်တင်လှဲ့လှဲ့ဦး၊ ဦးသန်းနိုင်-ဒေါ်ခင်သန်းမြင့်၊ ဒေါ်မြင့်မြင့်မူ၊ (ဦးအောင်ဇော်မိုး)တို့၏ အစ်ကိုသည် ၉-၁၀-၂၀၂၀ (သောကြာနေ့) ည ၇ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## စာရေးဆရာကြီး ညိုဝင်း (ခ) ဦးကျော်ဝင်း

**အမျိုးသားစာပေ တစ်သက်တာဆုရှင်**

**အမျိုးသားစာပေ ပထမဆုရ**

**ပခုက္ကူဦးအုံးဖေ၏ တစ်သက်တာစာပေဆုရ**

**အသက် (၉၇)နှစ်**

အမှတ် (၅/က)၊ ဒေလီယာလမ်း၊ သဃ်ာန်းကျွန်းမြို့နယ်နေ [ကျောင်းအုပ်ဆရာကြီး ဦးဘိုးရှင်း (ဥက္ကံမြို့၊ ရှမ်းစုကျေးရွာ)-ဒေါ်ရွှေရည်]တို့၏ သား၊ (ဒေါ်ရီရီခင်)၏ ချစ်လှစွာသောခင်ပွန်း၊ စာရေးဆရာ/ပန်းချီဝေမွန်လင်း-ဒေါ်မြင့်မြင့်ရည်၊ (ဦးအောင်ဇင်)-ဒေါ်ဒေစီ၊ ဦးအောင်ကြည်-ဒေါ်ခင်သီတာဝင်း၊ ဦးအောင်စိုးဝင်း-ဒေါ်ဝင်းဝင်းထူး (အင်ဂျင်နီယာဌာန၊ လမ်း/တံတား၊ ရန်ကုန်မြို့တော်စည်ပင်)၊ ဦးသိန်းထွန်း-(ဒေါ်ခင်မြင့်မြင့်မော်)၊ ဦးမြင့်သိန်း-ဒေါ်ခင်စန္ဒာမိုး၊ ဦးနေလင်းနိုင်-ဒေါ်ခင်ဝေလှိုင်၊ ဦးခင်မောင်ညို(ဒုရဲအုပ်)-ဒေါ်ခင်နုကြည်၊ ဦးရဲမင်းမောင်-ဒေါ်ခင်သူဇာဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး စာရေးဆရာညိုဝင်း (ခ) ဦးကျော်ဝင်းသည် ၈-၁၀-၂၀၂၀ ရက် ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်

**အသက် (၈၇)နှစ်**

**ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းအဖွဲ့များ ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့(နာယက)၊**
**ရွှေတိဂုံစေတီတော် သာသနာ့အကျိုးတော်ဆောင် ရှမ်းတန်ဆောင်းနှင့်**
**ပတ္တမြားဓမ္မာရုံ၊ စနေသန့်ရှင်းရေးအသင်း(ဥက္ကဋ္ဌ)၊ မဟာဝိဇယစေတီတော်(ဂေါပက)၊**
**ဂေါပကအဖွဲ့ဝင်(လုပ်ငန်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ(၈)လမ်း၊ အမှတ် (၆၀၀)နေ (ဦးစစ်ဖန်-ဒေါ်ကျင်ရွှေ)တို့၏ သား၊ (ဦးကျင်စိန်-ဒေါ်မြစန်)တို့၏ သားသမက်၊ ဦးမျိုးမင်းနောင်-ဒေါ်လှလှကြည်၊ [မခင်မျိုးပြုံး(ခ)အလိမ္မာ]၊ ဦးခင်မောင်မျိုးသန့်-ဒေါ်ခင်လေးမြင့်၊ (ဦးနေထွန်းဦး)-ဒေါ်မျိုးမျိုးမြတ်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ (ဒေါ်ခင်မြင့်)၏ ချစ်လှစွာသော ခင်ပွန်း၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၀-၁၀-၂၀၂၀ (စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၁၂-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ဖုကျန့်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၂၀ (သောကြာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ(၈)လမ်း၊ အမှတ် (၆၀၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးသိန်းဟန်

**ကမ်းနားဟိုတယ်(ငြိမ်း)**

**အသက် (၈၁)နှစ်**

အမှတ် (၁၅၈)၊ အထက်ပုဇွန်တောင်လမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်တင်တင်ဦး၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ဝင်းမြင့်ဟန်၊ မောင်ကျော်ဝင်းဟန်၊ မောင်ဝင်းတင့်တို့၏ ချစ်လှစွာသောဖခင် ဦးသိန်းဟန်သည် ၁၀-၁၀-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သင့် သွေးဖြင့် အသက် ကယ်ပါ

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးပြည်ကွိန်း (ပလက်ဝ)

**အလယ်တန်းပြဆရာ(ငြိမ်း)**

**အသက် (၈၅)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ခေမာသွယ် (၅)လမ်း၊ အမှတ် (၁၅၃)နေ (ဦးလင်းပိုက်-ဒေါ်ပိုက်ဆောင်း)တို့၏ သား၊ ဒေါ်နန်းအောင်၏ ခင်ပွန်း၊ ဦးတင်မောင်ဦး-ဒေါ်နော်ရေချယ်ခင်၊ (ဗိုလ်တင်မောင်ထွေး)၊ ဦးဒံယေလ၊ ဦးမြင့်စိုး-ဒေါ်မာလာဆွေ၊ ဦးထွန်းနိုင်-ဒေါ်ယဉ်ယဉ်ဆွေတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးပြည်ကွိန်းသည် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှမြင့်

**အသက် (၈၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာရွာနေ (ဦးအေးမောင်-ဒေါ်ခင်တုတ်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ၊ တိုက် (၁၂)၊ အခန်း(၈)နေ (ဗိုလ်မှူးကြီးမျိုးသန့်)၏ ဇနီး၊ (ဗိုလ်ကြီးလှကြည်)-ဒေါ်စိုးစိုးမြင့်တို့၏ ညီမ၊ ဒေါ်လှသီတာ၊ (ဦးလှမျိုးထူး)၊ (ဦးအောင်မျိုးထူး)၊ ဒေါ်မန်ဂတီ၊ ဒေါ်လှမျိုးစန္ဒာ၊ ဦးခိုင်မျိုးထူးတို့၏ မွေးသမိခင်၊ ဦးတင်မောင်ကြည်၊ ဦးညီညီလွင်၊ ဒေါ်ခင်သန္တာစိုး၊ (ဒေါ်နီလာစိုး)တို့၏ အဒေါ်၊ ကိုပြည့်ဖြိုးပိုင်-Mi Mi Zhu၊ တကကစာရေး သက်တိုးလှိုင်-နွယ်နီ၊ ကိုနေမျိုးတေဇာနောင်-မဖြိုး၊ တပ်သားဝေယံ၊ ဝင့်ရည်ဦးတို့၏ အဘွား၊ ဒီပါရဲရင့်၊ သတိုးထွန်းတောက်နောင်တို့၏ဘွားဘွားကြီး ဒေါ်လှလှမြင့်သည် ၈-၁၀-၂၀၂၀ ရက် နံနက် ၆ နာရီအချိန်တွင် မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့၌ပင် ထိန်ပင်သုသာန်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

၈-၁၀-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်ဖခင်ကြီး ဦးသောင်းထွန်း ဆေးရုံတက်ရောက်ကုသချိန်မှစ၍ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ပေးကြပါသော ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားသွေးဌာန၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် ဝေဘာဂီဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ဝန်ထမ်းများအားလုံးနှင့် လိုအပ်သည်များကို ကူညီပေးပါသော လေးစားအပ်သော ဆရာသမား၊ မိတ်ဆွေသူငယ်ချင်းများနှင့်တကွ ကရုဏာတရား ရှေ့ထား၍ ဖုန်း၊ E-Mail, Messenger, Facebook တို့မှ နှစ်သိမ့်ပေးပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ နာရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းကြသော အလှူရှင်များအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျန်ရစ်သူမိသားစုအားလုံးမှ လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၁၂၄ / ၂၀၂၀ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
အမိန့်အမှတ် ၁၂၄ /၂၀၂၀
၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 COVID-19) ကြို့တင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ) တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀ ဖြင့်လည်းကောင်း၊ နေအိမ်တွင်သာနေထိုင်ရန် စည်းကမ်းချက်မှ ခြွင်းချက်ဖြင့် ခွင့်ပြုသူများတွင် ဖြည့်စွက်ချက်ကို ၂၂-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၈/ ၂၀၂၀ ဖြင့်လည်းကောင်း၊ **ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)** စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၈-၁၀-၂၀၂၀ ရက်နေ့မှ ၂၁-၁၀-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းခွင်သွားရောက်ခွင့်မပြုကြောင်း ၅-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၃/ ၂၀၂၀ ဖြင့်လည်းကောင်း အသီးသီးထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားနေမှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရောဂါဖြစ်ပွားမှုများပြားနေသော မြို့နယ်များအား Stay at Home ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အဆိုပါဒေသများရှိ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်း မဆုံးရှုံးစေရေးနှင့် စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်လုပ်ကိုင်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာကန့်သတ်ချက်များကို ထိန်းညှိဆောင်ရွက်သွားရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်နှင့် စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများတွင် အထူးဂရုပြုလိုက်နာရမည့်အချက်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားခြင်း ရှိ/ မရှိကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စနစ်တကျကြီးကြပ်စိစစ်ပြီး COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အဆင့် A ရရှိအောင် ပြင်ဆင်ထားရှိကြောင်းတွေ့ရှိပါက ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများအား ၁၂-၁၀-၂၀၂၀ ရက်မှစ၍ Coronavirus Disease 2019 (COVID -19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပြုနိုင်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

# ကျောက်မဲမြို့နယ်၌ မဲရုံတာဝန်ကျ ပညာရေးဝန်ထမ်း ၁၂၀ ကျော်ကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၁၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် ၂၀၂၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် အခြားဒေသမှလာသည့် မဲရုံတာဝန်ကျ ပညာရေးဝန်ထမ်း ၁၂၀ ကျော်ကို ယနေ့တွင် ခတ်ခွဲနမူနာရယူလျက်ရှိပြီး ကိုဗစ်-၁၉ ပိုး ရှိ၊ မရှိစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကျောက်မဲမြို့နယ်၌ လျာထားမဲရုံ ၁၁၁ ရုံရှိပြီး ယင်းမဲရုံများတွင် တာဝန် ထမ်းဆောင်ရမည့် ပညာရေးဝန်ထမ်း စုစုပေါင်း ၁၁၃၅ ဦးလျာထားကြောင်း သိရသည်။

အဆိုပါ မဲရုံတာဝန်ကျ ဝန်ထမ်းများအနက် ကိုဗစ်-၁၉ ရောဂါ အဖြစ်များသည့် အခြားဒေသမှ

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**



# တအာင်း(ပလောင်)အမျိုးသားပါတီ၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် အောက်တိုဘာ ၁၀
တအာင်း(ပလောင်)အမျိုးသားပါတီ၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၁၁ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)**၊ လွှတ်တော်ရုပ်သံလိုင်း၊ **မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page** တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည် ဖြစ်သည်။

သတင်းစဉ်

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ရာဖေးလ်နာဒယ်နဲ့ ဂျိုကိုဗစ်တို့ ဗိုလ်လုမည်



ဂျိုကိုဗစ်(ဝဲ)နှင့် ရာဖေးလ်နာဒယ်(ယာ)

ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ နာမည်ကြီးတင်းနစ်ကစားသမားနှစ်ဦးဖြစ်တဲ့ စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်နဲ့ ဆားဘီးယားပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျိုကိုဗစ်တို့ ထိပ်တိုက်တွေ့ဆုံနေပြီး ဗိုလ်လုပွဲကို အောက်တိုဘာ ၁၁ ရက်မှာ ကျင်းပသွားဖို့ရှိနေတာ ဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်ဟာ ပြင်သစ်အိုးပင်းအမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်အဆင့်မှာ အာဂျင်တီးနားတင်းနစ်ကစားသမား ဒီယေဂိုရှဝ့်ဇ်မန်နဲ့ တွေ့ဆုံခဲ့ပြီး ၆-၃၊ ၆-၃၊ ၇-၆(၇-၀) နဲ့ ရာဖေးလ်နာဒယ်က အနိုင်ရရှိခဲ့ကာ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ရွှံ့စေးကွင်းဘုရင်အဖြစ် နာမည်ကြီးတဲ့ အသက် ၃၄ နှစ်အရွယ်ရှိ ရာဖေးလ်နာဒယ်ဟာ နောက်ဆုံးဗိုလ်လုပွဲကို

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❐**

## ကြေးမုံ ယနေ့ ဖတ်စရာ

ပြည်သူ့မျှော်လင့်ချက် နိုင်ငံရေးခရီးဆက်
စာမျက်နှာ » ၁၁

မြောက်ကိုရီးယားနှင့် လေးနက်သည့်ဆက်ဆံရေး ထူထောင်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင် ရည်မှန်းထား
စာမျက်နှာ » ၁၂

အဇာဘိုင်ဂျန်နှင့် အာမေနီးယားတို့ အပစ်အခတ်ရပ်စဲရန် သဘောတူညီ
စာမျက်နှာ » ၁၃

မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသား ၁၆၉ ဦးအား ပြန်လည်ခေါ်ဆောင်
စာမျက်နှာ » ၁၆